# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၂၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်၊ သောကြာနေ့။ Friday, 11 October 2024 ၁၁၆၀၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်မည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကိုလိုလားပြီး အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပြုလုပ်သည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) သို့ တက်ရောက်ကြမည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၁၁ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။



ကြေးမုံ

# စဉ်ဆက်ပညာဖြင့် လူမှုစီးပွားဘဝမြှင့်တင်

"စာမတတ်လျှင် အကန်း"ဟူသော မြန်မာ့ဆိုရိုးစကားသည် ပညာ၏တန်ဖိုးကြီးမားပုံကို ထိရောက်စွာဆိုထားခြင်းဖြစ်သည်။ စာမတတ်သူသည် အသိပညာဗဟုသုတတို့ကို မလေ့လာ၊ မဆည်းပူးနိုင်သဖြင့် အမှောင်အတိကျသကဲ့သို့ အကန်းနှင့်တူနေပုံကို တင်စားထားခြင်းဖြစ်သည်။ စာတတ်မှသာ အသိပညာဗဟုသုတများကို ဆည်းပူးလေ့လာပြီး မိမိကောင်းကျိုး၊ လောကကောင်းကျိုးများကို သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။

အချို့စာတတ်သော်လည်း၊ ပညာတတ်သော်လည်း အသိပညာဗဟုသုတများကို ဆည်းပူးလေ့လာခြင်းမရှိသဖြင့် အမှား၊ အမှန်၊ အကောင်း၊ အဆိုး ခွဲခြားဝေဖန် သုံးသပ်ဆင်ခြင်နိုင်စွမ်း အားနည်းနေသူများလည်းရှိသည်။ ထို့ကြောင့် စာလည်းတတ်၊ ပညာလည်းတတ်၊ အသိပညာဗဟုသုတများလည်း ဆည်းပူးလေ့လာဖို့ လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် စာမတတ်သူပပျောက်ရေးကို ခေတ်အဆက်ဆက် ကြိုးပမ်းဆောင်ရွက်လာခဲ့သဖြင့် စာတတ်မြောက်မှု ၉၅ ဒသမ ၈ ရာခိုင်နှုန်းအထိ အောင်မြင်မှုရခဲ့ သည်။ သို့သော် စာမတတ်သူများ ရှိနေသေးသည်။ စာမဖတ်သူများလည်း ရှိနေသည်။ ထို့ကြောင့် စာတတ်မြောက်ရေး၊ စာကြည့်တိုက်များဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါဘေးကို အောင်မြင်စွာထိန်းချုပ်နိုင်သည့် ကာလနောက်ပိုင်းတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းတွေ့ရှိချက်အရ စာမတတ်သူ အသက် ၁၅ နှစ်နှင့်အထက် လူငယ်များနှင့် သက်ကြီးပိုင်းအရွယ်များကို ဦးတည်အုပ်စုအဖြစ်သတ်မှတ်ပြီး စာတတ်မြောက်အောင် သင်ကြားပေးခဲ့သည်။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များနှင့်ပူးပေါင်းကာ သင်ကြားပေးခဲ့ပြီး အမျိုးသားပညာရေး ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၎င်း၏နောက်ဆက်တွဲလုပ်ငန်းဖြစ်သည့် စဉ်ဆက်ပညာရေးလုပ်ငန်းကို ပညာရေးဝန်ကြီးဌာနက ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကနဦးအစီအစဉ်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ကလော၊ ဟိုပုံး မြို့နယ် သုံးခုတွင် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နေပြည်တော်ကောင်စီနှင့် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းကာ စဉ်ဆက်ပညာရေးကို ဆောင်ရွက်သွားမည်ဟု သိရသည်။ ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့်ပူးပေါင်း၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ်လေးမြို့နယ်တွင် ယခုအောက်တိုဘာလအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ နေပြည်တော်ကောင်စီအနေဖြင့် ပြည်ထောင်စုနယ်မြေ ရှစ်မြို့နယ်အတွင်း ဦးတည်အုပ်စုနှင့်ကိုက်ညီသည့် စာသင်သားများကို ကနဦးစာရင်းကောက်ယူ ရရှိထားပြီး စာသင်ဝိုင်း ၄၆ ဝိုင်းဖြင့် စုဖွဲ့ဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါစာသင်ဝိုင်းများတွင် စေတနာလုပ်အားပေးနည်းပြနှင့် ကြီးကြပ်သူပေါင်း ၁၀၇ ဦးတို့က တစ်ရက် ပျမ်းမျှသုံးနာရီနှုန်းဖြင့် ပျမ်းမျှနာရီပေါင်း ၂၇၀၊ ရက်အားဖြင့် ၉၀ (သုံးလနီးပါးကြာ) စာသင်သားပြည်သူများကို သင်ကြားပို့ချပေးသွားမည်ဟု သိရသည်။ အဆိုပါအစီအစဉ်သည် ရွေ့ပြောင်းအစီအစဉ်မျှသာဖြစ်ပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူပြီးသည့်အခါ နိုင်ငံတစ်ဝန်းမှ ပေါ်ထွက်လာသော စာမတတ်သူများကို စာတတ်မြောက်ရေး စာသင်ဝိုင်းများဖြင့် ဆက်လက်သင်ကြားပေးသွားပြီးနောက် စဉ်ဆက်ပညာရေးကို ဆက်လက်အကောင်အထည်ဖော်သွားနိုင်မည်ဖြစ်သည်။

ကျေးလက်ဒေသနေပြည်သူများနှင့် အစွန်အဖျားဒေသနေ တိုင်းရင်းသားပြည်သူများအတွက် ကျောင်းသင်ပညာရေးနည်းလမ်းဖြင့် မသင်ကြားခဲ့ရသူများကို ကျောင်းပြင်ပ ပညာရေးကဏ္ဍများဖြစ်သည့် အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးတို့ဖြင့် သင်ကြားပေးခဲ့ရာ စာသင်သားစုစုပေါင်း ၇၈၈၂၄ ဦးကို စာတတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့သည်။ စဉ်ဆက်ပညာရေးသင်ကြားခြင်း အစီအစဉ်များကို နှစ်အလိုက် တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြေပြင်တွင် စာသင်ဝိုင်းများဖြင့် စဉ်ဆက်ပညာရေးကို စတင်သင်ကြားသည့်အခါ သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူများက ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

စာမတတ်ခြင်း၊ စာမဖတ်ခြင်းသည် မြို့ပြနေပြည်သူများထက် ကျေးလက်နေပြည်သူများတွင် အဖြစ်များသည်ကိုတွေ့ရသည်။ စာမတတ်ခြင်း၊ စာမဖတ်ခြင်းကြောင့် နောက်ဆက်တွဲအကျိုးရလဒ်များကို လေ့လာမြင်တွေ့နိုင်ပေသည်။ ကျေးလက်နေပြည်သူများ အသိဉာဏ်ပညာမြင့်မားခြင်းသည် တိုင်းပြည်အတွက် အရေးကြီးသောအချက်ဖြစ်သည်။ ကျေးလက်နေပြည်သူများ အသိဉာဏ်ပညာမြင့်မားလာခြင်းသည် တိုင်းပြည်အတွက် အားထားစရာဖြစ်သည်။ ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်ကြပြီး ကျေးလက်နေပြည်သူများ စာဖတ်ကြ၍ စိုက်ပျိုးမွေးမြူရေးပညာများ နားလည်လာနိုင်သည်။ ကိုယ့်ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက် ကာကွယ်စောင့်ရှောက်နိုင်သည်။

သို့ဖြစ်ရာ ကျေးလက်နေပြည်သူများ စာတတ်မြောက်အောင်၊ စာဖတ်လာအောင်၊ အသိဉာဏ်ပညာဗဟုသုတများတိုးပွားလာအောင် စဉ်ဆက်ပညာရေးလုပ်ငန်းစဉ်များ နိုင်ငံတစ်ဝန်းလွှမ်းခြုံဆောင်ရွက်နိုင်အောင် ဝိုင်းဝန်းပူးပေါင်း လက်တွဲကြိုးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့်မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ဧရာဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

## ပြည်မြို့နယ်၌ မိုးနှောင်းဝါ စိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ပြည် အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ်သမဝါယမအသင်းစုက တစ်ကေလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ပံ့ပိုးထားရှိသည့် သမဝါယမအသင်း ရှစ်သင်းမှ အသင်းသားတောင်သူ ၅၉၁ ဦး၏ စိုက်ကေ ၁၉၈၅ ကေတွင် မိုးနှောင်းဝါ RaKa - 666 မျိုး စိုက်ပျိုးဖြစ်ထွန်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဝါသီးနှံ ခူးဆွတ်ချိန် လာမည့်ဒီဇင်ဘာလတွင် သမဝါယမအသင်းသားတောင်သူများ ဈေးကောင်းရရှိစေရန် ဝါကုန်သည်များနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၅၀၅ | ၄,၃၄၃,၀၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၉၁၇ | ၃,၁၁၇,၈၀၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၀ | ၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၂,၀၂၇ | ၃,၈၅၁,၃၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၀ | ၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၇၀၁ | ၁,၁၉၁,၇၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၀ | ၀ |
| MAEX | ၃,၄၅၀ | ၃,၄၅၀ | ၉၅၀ | ၃,၂၇၇,၅၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့တက်ရောက်ကြမည့် ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများ၊

**☆ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အာဆီယံဒေသအတွင်း ပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ပူးပေါင်းဆောင်ရွက်သင့်သည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်ရေးကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြား**

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ထူထောင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းအတွေ့အကြုံများကို အပြန်အလှန်ဖလှယ်နိုင်ရေးကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် တစ်ဦးချင်း မိတ်ဆက်ကြပြီး အစည်းအဝေးလာရောက်စဉ်နှင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်စွာဖြင့် စီစဉ်ဆောင်ရွက်ပေးမှုအခြေအနေများ၊ (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး ကျင်းပပြုလုပ်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အာဆီယံရေတပ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

## ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံအနေဖြင့် အာဆီယံနိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုကိုလိုလားကြောင်း၊ ဆက်လက်၍ အာဆီယံအဖွဲ့အတွင်း အာဆီယံစိတ်ဓာတ်အပြည့်ဖြင့် အာဆီယံပဋိညာဉ်များနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မြဲအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့်(၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အာဆီယံရေတပ်အကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် MSME ထုတ်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

❂ ကျောဖုံးမှ

အစည်းအဝေးသို့ပြည်ထောင်စုဝန်ကြီး များဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များ နှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယို ကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

**ဆောင်ရွက်လျက်ရှိ**

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ၂၀၂၄ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အရေးပါ သည့် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကာ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း များ၊ ဒေသဆိုင်ရာအစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့လုပ်ငန်းကော်မတီ၏(၂/၂၀၂၄) ကျင်းပရသည့် ရည်ရွယ်ချက်မှာ နိုင်ငံတော် ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများကို ပိုမိုလည်ပတ်နိုင်ပြီး ထိုမှတစ်ဆင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက် လာစေရန်နှင့် နိုင်ငံ၏ GDP တိုးတက်လာ နိုင်ရေး၊ စားသောက်ကုန်များကိုသာမက အခြား လူသုံးကုန်ပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ပြီး ပြည်ပမှ တင်သွင်းနေရမှုများကို လျှော့ချနိုင်ရေး၊ ပြည်တွင်းထုတ်လုပ်သည့် MSME လုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေးအားပေးဆောင်ရွက် သွားနိုင်ရေး၊ အရည်အသွေးမြင့် ချည်မျှင် ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှ သည် အဆင့်မီ အထည်အလိပ်ထုတ်လုပ် ခြင်းအထိ ဝါတန်ဖိုး ကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက် နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး ရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေး စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသ ဆိုင်ရာအေဂျင်စီများက တွန်းအားပေး လုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်း ဖြစ်ကြောင်း။

**အဓိကအခန်းကဏ္ဍမှပါဝင်**

နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက် တိုင်းပြည်၏ အဓိကမောင်းနှင်အားမှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေးတွင် MSME သည် အဓိကအခန်းကဏ္ဍမှ ပါဝင် ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေး လုပ်ငန်းများ အောင်မြင်မှုမှ နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံတိုင်းက ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ဒေသအလိုက် MSME စီးပွားရေးလုပ်ငန်း ၏ GDP ပါဝင်နှုန်းကို ကြည့်မည်ဆိုပါက အရှေ့တောင်အာရှနိုင်ငံများတွင် ပျမ်းမျှ ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြား၊ အာဆီယံနိုင်ငံများ၏ ၃၉ ရာခိုင်နှုန်းနှင့် OECD နိုင်ငံများတွင် ၄၁ ဒသမ ၅၈ ရာခိုင်နှုန်းပါဝင်ပြီး အလုပ်အကိုင်ရာဖွေ ဖော်ထုတ်ပေးနိုင်မှုအနေဖြင့် အရှေ့တောင် အာရှနိုင်ငံများ၌ ၆၆ ဒသမ ၈၇ ရာခိုင်နှုန်း၊ အာဆီယံနိုင်ငံများ၌ ၇၂ ဒသမ ၃ ရာခိုင်နှုန်း နှင့် OECD နိုင်ငံ၌ ၆၂ ဒသမ ၂၅ ရာခိုင်နှုန်း ရှိကြောင်း ထုတ်ပြန်ချက်များအရ သိရှိရ ကြောင်း။

မိမိတို့နိုင်ငံတွင်လည်း နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး"၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ် သည့် " တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"တို့ကို နိုင်ငံတော် ၏ မျှော်မှန်းချက်များအဖြစ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ ကြောင်း၊ နိုင်ငံရေးရည်မှန်းချက်(၂) ရပ်ကို ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် အကောင် အထည်ဖော်လျက်ရှိပြီး အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ကို စီးပွားရေးဦးတည် ချက်(၃)ချက်ဖြင့် အကောင်အထည်ဖော် လျက်ရှိကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်းသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပြည်တွင်း ထုတ်ကုန်အားပေးရေး၊ သွင်းကုန်အစားထိုး ရေးနှင့် ပို့ကုန်ရရှိရေးဆိုသည့် အချက်(၃) ချက်ဖြင့် ရည်ရွယ်ပြီး MSME အားပေး မြှင့်တင်ရေးအစီအစဉ်များ ချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း။

**နည်းလမ်းများဖော်ထုတ်**

ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် MSME စီးပွားရေးလုပ်ငန်း အကောင် အထည်ဖော်မှုတွင် နိုင်ငံ၏ GDP ပါဝင် နှုန်းမှာ ၃၀ ရာခိုင်နှုန်းအထိသာ ခန့်မှန်း ပါဝင်လျက်ရှိနေသေးသဖြင့် GDP ပါဝင်မှု အချိုး တိုးတက်စေရန်၊ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိစေရန် MSMEလုပ်ငန်း များကို ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ MSME အေဂျင်စီများက သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဝန်ကြီးချုပ် များ၏ အနီးကပ်ဦးဆောင်လမ်းညွှန်မှုဖြင့် စုပေါင်းဆွေးနွေးပြီး နည်းလမ်းများ ဖော်ထုတ်၍ မိမိတို့၏ OROP မှတစ်ဆင့် MSME စီးပွားရေးလုပ်ငန်းများ အမြန်ဆုံး အောင်မြင်အောင် အကောင်အထည်ဖော် နေကြရမည်ဖြစ်ကြောင်း။

MSME စီးပွားရေးလုပ်ငန်းအပါအဝင် မည်သည့် စီးပွားရေးလုပ်ငန်းမျိုးမဆို အခြေခံလိုအပ်ချက်မှာ နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက် ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာ လိုအပ်ချက်တို့ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME စီးပွားရေးလုပ်ငန်း အကောင် အထည်ဖော်ရမည့် အထူးစီးပွားရေးဇုန် များ၊ ပြည်တွင်းစက်မှုဇုန်များအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ မြန်မာ့အထူးစီးပွားရေးဇုန် ဥပဒေ(၂၀၂၄)နှင့် နည်းဥပဒေ(၂၀၁၅)တို့နှင့် စက်မှုဝန်ကြီးဌာန စက်မှုဇုန်နည်းဥပဒေ များ(၂၀၂၃)တို့ကို ထုတ်ပြန်ပြီး အရှိန် အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ဥပဒေ၊ နည်းဥပဒေများပါ အချက် အလက်များသည် မြေနေရာ၊ ငွေကြေး အရင်းအနှီးနှင့် ဈေးကွက်ရှာဖွေရရှိမှုတို့ အတွက် များစွာအထောက်အကူပြုစေ မည့် လမ်းညွှန်ချက်များ၊ နည်းပညာရရှိ ရေးနှင့် သင်ယူလေ့လာနိုင်ရန် ကျွမ်းကျင် လုပ်သားများ၊ အခြေခံလုပ်သားများ လိုအပ်ချက်ရရှိရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများပါရှိပြီး ယင်းနည်းလမ်းများ ရရှိနိုင်ရေး လမ်းညွှန်မှုပေးမည့် ဌာနဆိုင်ရာ များကလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် လုပ်ငန်း ကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် များမှ အေဂျင်စီများက လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် တိုက်တွန်းလိုကြောင်း။

**အခမဲ့ဝင်ရောက်လေ့လာကြည့်ရှုနိုင်**

ယနေ့အထိ နိုင်ငံတစ်ဝန်း MSME များကို အားဖြည့်ပေးနေသည့် စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်၊ စက်မှုရပ်ကွက်များ တည်ရှိမှုကို ကြည့်မည်ဆိုပါက နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ ၁၀၂ ခု၊ ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ ၄၇၁၁၉ ခု၊ စက်မှုဇုန်၊ စက်မှုရပ်ကွက် ၃၃ ခု၊ အထူးစီးပွားရေးဇုန် သုံးခု အပါအဝင် ရေနက်ဆိပ်ကမ်း နှစ်ခု လျာထား ဆောင်ရွက်လျက်ရှိသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ နည်းပညာ နှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က KG+9 အောင်မြင်ပြီးသူများကို Vocational Training ပေးပြီး အခြေခံ လုပ်သားဘဝမှ ကျွမ်းကျင်လုပ်သား ဖြစ်စေရေး၊ သာမန် အတန်းပညာ တတ်မြောက်သူနှင့် လုံးဝစာမတတ် မြောက်သူများကိုလည်း လက်တွေ့ နယ်ပယ်အလိုက် အသုံးပြုကြရမည့် အခြေခံလုပ်သား၊ ကျွမ်းကျင်လုပ်သားများ ဖြစ်စေရေး လေ့ကျင့်ဆောင်ရွက်ပေးရမည် ကို လမ်းညွှန်မှာကြားထားကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာန ၁၀ ခုမှ ကာလ တို၊ ကာလရှည် သင်တန်း ၂၆၀ ရှိရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၈၇ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး ဖွင့်လှစ်ပြီး အကြိမ်အရေ ၅၅၁၂ ကြိမ်၊ တက်ရောက်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ဦးရေ ၁၁၇၁၁၈ ဦး၊ တက်ရောက်ဆဲ သင်တန်းသား သင်တန်းသူ စုစုပေါင်း ဦးရေ ၈၇၅ ဦး ရှိပြီးဖြစ်ကြောင်း၊ ယင်းသင်တန်းများကို အနာဂတ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရေး စဉ်ဆက်မပြတ် ဖွင့်လှစ် သင်ကြားပေးနေမည် ဖြစ်သကဲ့သို့ စက်မှု ဝန်ကြီးဌာန၏ Website တွင်လည်း MSME ခေါင်းစဉ် Link ဖြင့် ဝန်ကြီးဌာန များမှ MSME စီးပွားရေးလုပ်ငန်းအတွက် လေ့ကျင့်သင်ကြားပေးနိုင်သော သင်တန်း များကို အခမဲ့ဝင်ရောက်လေ့လာကြည့်ရှု နိုင်ကြောင်း။

MSME စီးပွားရေး လုပ်ငန်းများ လျင်မြန်စွာ အောင်မြင်ဖြစ်ထွန်းလာ စေရေး အားပေးမြှင့်တင်မှု မူဘောင်နှင့် စပ်လျဉ်း၍ MSME စီးပွားရေးလုပ်ငန်းများ လျင်မြင်စွာ အောင်မြင်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စား ဖွဲ့စည်းပေးထားသည့် လုပ်ငန်း ကော်မတီ၏ ယန္တရားသည် မြန်ဆန် မှန်ကန်သော အုပ်ချုပ်မှုပုံစံ(Efficient Governance)ဖြစ်ရန်လိုအပ်ပြီး မြန်ဆန် မှန်ကန်သော အုပ်ချုပ်မှုပုံစံ(E.G)က လက်တွေ့နယ်ပယ် လိုအပ်ချက်များကို အခြေခံပြီး စနစ်တကျရွေးချယ်အထောက် အကူပြု

**စာမျက်နှာ ၅ သို့ »»»**

❖ **MSME စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ အောင်မြင်ဖြစ်ထွန်းလာစေရေး အားပေးမြှင့်တင်မှု မူဘောင်နှင့် စပ်လျဉ်း၍ MSME စီးပွားရေးလုပ်ငန်းများ လျင်မြင်စွာ အောင်မြင်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ကိုယ်စား ဖွဲ့စည်းပေးထားသည့် လုပ်ငန်းကော်မတီ၏ ယန္တရားသည် မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ(Efficient Governance)ဖြစ်ရန်လိုအပ်ပြီး မြန်ဆန်မှန်ကန်သော အုပ်ချုပ်မှုပုံစံ (E.G) က လက်တွေ့နယ်ပယ်လိုအပ်ချက်များကို အခြေခံပြီး စနစ်တကျရွေးချယ် အထောက်အကူပြုဆောင်ရွက်ပေးခြင်း(Selective Intervention)နှင့် ဈေးကွက်တုံ့ပြန်မှုနှင့် လုပ်ငန်းဖော်ဆောင်မှု အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးခြင်း(Adaptive Service Provision)စသည့် စံနှုန်းသတ်မှတ်ချက်ထားရှိ၍ MSME လုပ်ငန်းကို အထောက်အကူပြုပေးရမည်**

»»» **စာမျက်နှာ ၄ မှ**

ဆောင်ရွက်ပေးခြင်း(Selective Intervention)နှင့် ဈေးကွက်တုံ့ပြန်မှုနှင့် လုပ်ငန်းဖော်ဆောင်မှု အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးခြင်း (Adaptive Service Provision)စသည့် စံနှုန်းသတ်မှတ်ချက်ထားရှိ၍ MSME လုပ်ငန်းကို အထောက်အကူပြုပေးရမည်ဖြစ်ကြောင်း။

**မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံ**

လုပ်ငန်းကော်မတီအနေဖြင့် Agency အလိုက် ဘက်စုံကဏ္ဍစုံ ဖြည့်ဆည်းပေးရန် ယေဘုယျမှန်ကန်သော်လည်း လူသားအရင်းအမြစ်နှင့် ငွေကြေးအပါအဝင် သွင်းအားစုများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်၍ အဓိက သွင်းအားစုများကို မှန်ကန်သောနေရာများတွင် မဟာဗျူဟာကျကျ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်လိုအပ်ကြောင်း၊ ယင်းလိုအပ်ချက်ကိုလည်း ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနများ၊ MSME လုပ်ငန်းများအလိုက် စစ်တမ်းများကို စနစ်တကျ အသုံးချပြီး လုပ်ငန်းမြှင့်တင်ရန်ကိစ္စ၊ ဝန်ဆောင်မှုပေးရန်ကိစ္စနှင့် လိုအပ်ချက်အရ လမ်းညွှန်တည့်မတ်ပေးရန် စသည့် ယန္တရားများကို Agency များက မှန်ကန်စွာ ရွေးချယ်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် စီးပွားရေးကဏ္ဍ၏ အခြေအနေအရပ်ရပ်သည် အမြဲတစေ အပြောင်းအလဲမြန်ဆန်ပြီး ကြိုတင်ခန့်မှန်းရန်ခက်ခဲခြင်း၊ နေရာဒေသနှင့် အချိန်ကာလပေါ်မူတည်ပြီး ပြောင်းလဲနိုင်ခြင်းတို့ကြောင့် Agency များကလည်း ပြောင်းလဲဖြစ်ပေါ်တတ်သည့် ဈေးကွက်တုံ့ပြန်မှုအရ အလားအလာရှိသော လုပ်ငန်းများ၌ ကြုံတွေ့ရသည့် အခက်အခဲများကို လိုအပ်သလို ပြောင်းလွယ်ပြင်လွယ် ကူညီလမ်းညွှန်ပေးနိုင်ရေး စီမံဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း။

Selective Intervention နှင့် Adaptive Service Provision ၏ အဓိက လိုအပ်ချက်မှာ သတင်းအချက်အလက်များ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ရယူအသုံးပြုနိုင်ခြင်းကလည်း အရေးကြီးပြီး ရနိုင်သည့် သတင်းအချက်အလက်များအား လုပ်ငန်းကော်မတီယန္တရားမှ ဖွဲ့စည်းပေးထားသည့် စစ်တမ်းကောက်ယူခြင်းနှင့် သုတေသနပြုလုပ်သည့် လုပ်ငန်းခွဲနှင့် စောင့်ကြည့်စစ်ဆေးသည့် လုပ်ငန်းခွဲများကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းခွဲများ၏ အရည်အချင်းနှင့် လုပ်နိုင်စွမ်းအားကို လိုအပ်ချက်များနှင့်အညီ ကိုက်ညီအောင် လေ့ကျင့်သင်ကြားမှုများဖြင့် စနစ်တကျ မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားမှုတွင် မိမိတို့ ယန္တရား၏ လိုအပ်ချက်အရ လေ့ကျင့်ပေးရမည့် မွမ်းမံသင်တန်းများ ရှိသကဲ့သို့ MSME လုပ်ငန်းများ လက်တွေ့လုပ်ကိုင်နေသော စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများမှ အခြေခံနှင့် ကျွမ်းကျင်လုပ်သားများတွင် လိုအပ်သည့် လုပ်ငန်းနှင့်ကိုက်ညီမည့် သင်တန်းများကိုလည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့ပြင် ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြည်ထောင်စုအဆင့် MSMEs အားပေးမြှင့်တင်ရေး အစီအစဉ်ရေးဆွဲထားရှိရန် လိုအပ်ပြီး OROP ပတ်သက်၍ အမြဲလေ့လာ သုံးသပ်နေရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းကော်မတီ ဦးဆောင်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် “ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ”ကျင်းပပြုလုပ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ယနေ့အစည်းအဝေးကို တက်ရောက်လာကြသူများအားလုံးက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီ ချိတ်ဆက်ဆောင်ရွက်ပေးရမည့် အချက်များကို လက်တွေ့ကျကျ ဝိုင်းဝန်းဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်က လုပ်ငန်းကော်မတီ အစည်းအဝေး(၁/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့် အမှာစာများကို လုပ်ငန်းကော်မတီအတွင်းရေးမှူး အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ လုပ်ငန်းသုံးသပ်မှု အစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သည့် ဝါ၊ ချည်ထည်နှင့် ဆီထွက်သီးနှံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒနှင့်အညီ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များ၊ ငွေကြေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံတန်ဖိုးမြှင့် ထုတ်ကုန်များနှင့် OROP လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSMEs ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သက်မွေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်းပြည်ပ ဈေးကွက်သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ မူဘောင်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဝဥများ ဈေးကောင်းရရှိကာ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး အောက်တိုဘာ ၁၀**



ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း၌ ဝဥများမနှစ်ကထက်ဈေးကောင်းရရှိကာ အရောင်းအဝယ်သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးမြို့ ကုန်သည်များထံမှ သိရသည်။

အဆိုပါ ဝဥများကို ယခုအချိန်တွင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) ဒေသများမှ ဝဥများ လှိုင်လှိုင် ထွက်ပေါ်လာပြီး မန္တလေးဈေးကွက်အတွင်းသို့ ဝင်ရောက်လျက်ရှိရာ ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့က နှစ်စဉ် ဝယ်ယူလျက်ရှိကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

“ယခုအချိန်ဟာ ဝဥတွေ လှိုင်လှိုင်ထွက်တဲ့ ရာသီဖြစ်ပါတယ်။ ဝဥက သမပိုင်းရာသီဥတုနေရာတွေမှာ ပေါက်ပါတယ်။ မြန်မာနိုင်ငံမှာ အလေ့ကျပေါက်တဲ့ အပင်တစ်မျိုးဖြစ်တယ်။ ဝဥအနီ၊ ဝဥအဝါဆိုပြီး နှစ်မျိုးရှိတယ်။ ဝဥက ဥအတိုင်း မဟုတ်ဘဲ ဖြတ်တောက်ပြီးမှ ဈေးကွက်ကို ပို့တာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဝဥအခြောက်ခံ စက်ရုံတွေလည်း မန္တလေးနဲ့ ပခုက္ကူမြို့တွေမှာရှိပါတယ်။ ဝဥကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝဥခေါက်ဆွဲ ထုတ်လုပ်ကာ မန္တလေးဈေးကွက် အတွင်းမှာလည်း ရောင်းချနေပါတယ်”ဟု ၎င်းက ပြောသည်။

ဝဥကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးစသည့် ဒေသများမှာ အလေ့ကျပေါက်ရောက်ပြီး၊ အခင်းလိုက်စမ်းသပ်စိုက်ပျိုးနေခြင်းမှ အောင်မြင်သည့် ဝဥစိုက်ခင်းများကို တွေ့ရှိနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တောင်ကြီးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**တောင်ကြီး အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဆက်လက်ကောက်ယူလျက်ရှိသည်။

**တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူ**

တောင်ကြီးမြို့နယ်တွင် ရပ်ကွက်(၅၁)ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၄ အုပ်စု၊ ကောက်ကွက် ၈၁၁ ကွက်ရှိရာ စာရင်းစစ်၊ စာရင်းကောက်နှင့် စေတနာ့ဝန်ထမ်း ၄၅၀ တို့က လူဦးရေနှင့် အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာရရှိရေးအတွက် ရပ်ကွက်အတွင်းရှိ အိမ်ထောင်စုများ၏ လူဦးရေဆိုင်ရာအချက်အလက်များနှင့် အိမ်အကြောင်းအရာများကို အချက် ၆၈ ချက်ပါ မေးမြန်းချက်များဖြင့် လည်းကောင်း၊ အဖွဲ့အစည်းများကို အချက် ၁၈ ချက်ပါ မေးမြန်းချက်များဖြင့် လည်းကောင်း CAPI နည်းပညာဖြင့် Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁၅ ရက်အထိ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# တောင်ငူမြို့၌ ဆောင်းဆီထွက်သီးနှံ(နေကြာ) အထွက်နှုန်းတိုးတက်စေရေး သင်တန်းဖွင့်လှစ်

**တောင်ငူ အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဆောင်းဆီထွက်သီးနှံ(နေကြာ) အထွက်နှုန်းတိုးတက်စေရေး ပညာပေးရက်တိုသင်တန်းကို ယနေ့နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ သင်တန်းဖွင့်အခမ်းအနားတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်မင်းလှိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောဇော်ဇော်ဂျိန်းတို့က နေကြာသီးနှံအထွက်တိုးရေး ဆွေးနွေးပို့ချကြရာ တက်ရောက်လာကြသော နေကြာသီးနှံစိုက်ပျိုးသည့် တောင်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းနိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ ပညာပေးရက်တိုသင်တန်းသို့ တောင်ငူခရိုင်အတွင်းရှိ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ဖြူးမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့မှ တောင်သူစုစုပေါင်း ၅၄ ဦး တက်ရောက်ခဲ့သည်။ တောင်ငူခရိုင်အနေဖြင့် ၂၀၂၄ ခုနှစ်၌ ဆောင်းဆီထွက်သီးနှံ(နေကြာ) ဧက ၁၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) ဖွင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော်   အောက်တိုဘာ   ၁၀

မြန်မာနိုင်ငံက ဒုတိယအကြိမ်အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin၊ ကမ္ဘောဒီးယား ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanthong Bouttavong၊ ဗီယက်နမ်ပြည်သူ့ရေတပ် ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan၊ ထိုင်းဘုရင့်တပ်မတော်ရေတပ်ထောက်လှမ်းရေးဌာန ညွှန်ကြားရေးမှူးချုပ် Vice Admiral Puchong Pradittheera၊ တော်ဝင်မလေးရှားရေတပ် နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူး Captain Mohd Irwan Bin Che Mohd Rani RMN၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားစစ်သံမှူး Captain (Navy) Taufiq Darlem, S.T၊ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်စစ်သံမှူး Colonel Jose P Navarro JR PA(MNSA) နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတူတကွလက်တွဲပြီး ကျော်ဖြတ်သွားရမည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်သာမက အိမ်နီးချင်းနိုင်ငံများနှင့်လည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး၏ ရွေးချယ်ထားသည့်ခေါင်းစဉ်မှာ **"ငြိမ်းချမ်းကြွယ်ဝသောဒေသဆီသို့ တက်ညီလက်ညီ လှော်ခတ်ခြင်း"** ဖြစ်ပြီး မိမိတို့၏ တူညီသောရည်မှန်းချက်အမြင်နှင့် စုပေါင်းစိတ်ဓာတ်ကို အကောင်အထည်ဖော်ရန်ဖြစ်သဖြင့် လက်ရှိအခြေအနေများနှင့် အလွန်လိုက်ဖက်ကြောင်း၊ အာဆီယံဒေသရေပြင်သည် အာဆီယံနိုင်ငံများအတွင်း မှီတင်းနေထိုင်သည့် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေသည့်ရပ်ဝန်းဖြစ်သည့်အတွက် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် သာယာဝပြောရေးတို့ကို ဦးစားပေးဆောင်ရွက်ပြီး အာဆီယံရေပြင်များအတွင်း အခြေပြင်ပစွက်ဖက်မှုများမရှိစေရေး ပိုမိုသတိထားဆောင်ရွက်သင့်ကြောင်း၊ မိမိတို့အာဆီယံပင်လယ်ပြင်တွင် ဒေသတွင်းရေကြောင်း ဘေးကင်းလုံခြုံမှုနှင့် တည်ငြိမ်ရေးတို့အတွက် အာဆီယံရေတပ်များအကြား အတူတကွလက်တွဲပြီး ကျော်ဖြတ်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ထိန်ဝင်းက (၁၈) ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)သည် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေးသို့တက်ရောက်လာကြသည့် အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ထံသို့ အာဆီယံရေတပ်အကြီးအကဲများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ)က 18th ASEAN Navy Chiefs' Meeting အထိမ်းအမှတ်အမှတ်တရလက်ဆောင်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting) သို့တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များရောက်ရှိ

နေပြည်တော်   အောက်တိုဘာ   ၁၀

မြန်မာနိုင်ငံက ဒုတိယအကြိမ်လက်ခံကျင်းပသည့် (၁၈)ကြိမ်မြောက် အာဆီယံရေတပ်ဦးစီးချုပ်များအစည်းအဝေး (18th ASEAN Navy Chiefs' Meeting –18th ANCM)သို့တက်ရောက်ရန် ဘရူနိုင်းနိုင်ငံ ယာယီရေတပ်ဦးစီးချုပ် Captain Haji Mohamad Sarif Pudin Bin Matserudin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Sam Sokha ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ဒုတိယရေတပ်ဦးစီးချုပ် Rear Admiral Pham Nhu Xuan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံတပ်မတော်မှ ဒုတိယကြည်းတပ်ဦးစီးချုပ် Major General Vanthong Bouttavong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံရေတပ်မှ Vice Admiral Puchong Pradittheera ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားနိုင်ငံရေတပ်မှ Captain (Navy) Taufiq Darlem, S.T ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားနိုင်ငံရေတပ်မှ Captain Mohd Irwan Bin Che Mohd Rani RMN ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဖိလစ်ပိုင်နိုင်ငံရေတပ်မှ Colonel Jose P Navarro JR PA (MNSA) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် အောက်တိုဘာ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်သို့ရောက်ရှိကြရာ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်ချုပ်အေးမင်းထွေး၊ တပ်မတော်(ရေ)မှအရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





အာဆီယံနိုင်ငံများမှ ရေတပ်ဦးစီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များအား တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကင်းမြို့နယ်ရှိ စာကြည့်တိုက်များအတွက် ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များပေးအပ်
# ပြည်သူများ စာပေဖတ်ရှုမှုအဆင်ပြေစေရေး စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ The Global New Light of Myanmar သတင်းစာတိုက် အစည်းအဝေးခန်း၌ စာတည်းမှူးချုပ်များ၊ စာတည်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ The Global New Light of Myanmar သတင်းစာတိုက် အထွေထွေမန်နေဂျာက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက သတင်းစာများအနေဖြင့် လက်ရှိအစိုးရ၏ ရပ်တည်ချက်များ၊ မူဝါဒများနှင့်အညီ လုပ်ငန်းများကို ယခုကဲ့သို့ အမှားအယွင်း နည်းပါးစွာဖြင့် ဆက်လက် ဆောင်ရွက်သွားကြရန်၊ သတင်းစာများ၏ အသွင်သဏ္ဌာန်၊ အနှစ်သာရများကို အစဉ်အမြဲ တိုးတက်ပြောင်းလဲအောင် ဆောင်ရွက်ခြင်းဖြင့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အားထားရာ သတင်းစာများဖြစ်စေရန်၊ သတင်းများစုစည်းရွေးချယ်ရာတွင် နိုင်ငံရေးအမြင်ရှိရန်၊ သတင်းစာလုပ်ငန်း၏ သဘောသဘာဝအရ လုပ်ငန်းများကို အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် The Global New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့်အတူ ရန်ကင်းမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည် စာကြည့်တိုက်တို့သို့ ရောက်ရှိပြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံသည်။





ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကင်းမြို့နယ် အမှတ် (၄) ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်အတွက် ထောက်ပံ့ငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူများ စာပေဖတ်ရှုမှု အဆင်ပြေစေရေးအတွက် စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊ သတင်းအချက်အလက်များ မှန်ကန်စွာ သိရှိစေရန်အတွက် သတင်းစာ၊ ဂျာနယ်များထားရှိပေးရေးနှင့် လူငယ်များ စာကြည့်တိုက်သို့ ဝင်ထွက်သွားလာ၍ စာအုပ်၊ စာစောင်များ လေ့လာဖတ်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ စာအုပ်စာစောင်များကို လေ့လာဖတ်ရှုခြင်းဖြင့် ရုံသာမက မိမိတို့ရရှိလာသည့် အသိပညာ၊ ဗဟုသုတများကို ပြန်လည်ဆွေးနွေးခြင်း၊ မျှဝေခြင်းတို့ကိုလည်း အလေးထားဆောင်ရွက်ပေးရန်နှင့် စာကြည့်တိုက်ကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်စေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက အမှတ်(၄)ရပ်ကွက်ရှိ မြို့မစာကြည့်တိုက်နှင့် အမှတ်(၅)ရပ်ကွက်ရှိ ရန်ကင်းဂုဏ်ရည် စာကြည့်တိုက်တို့ အတွက် ထောက်ပံ့ငွေ၊ စာကြည့်တိုက်သုံးပစ္စည်းများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်သို့ ရောက်ရှိပြီး စာပေဗိမာန်စာကြည့်တိုက်နှင့် စာအုပ်အရောင်းဆိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ "စာပေမြင့်မှ လူမျိုးမြင့်မည်"၊ "အမှောင်ခွင်း၍ အလင်းဆောင်အံ့"ဆိုသည့် စာပေဗိမာန်၏ ဆောင်ပုဒ်နှင့်အညီ စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

**သတင်းစဉ်**

## ဇီးကုန်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**ဇီးကုန်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။





ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားပြီး ဇီးကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာဦးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်သင်းရီတို့က ပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သင်းရီနှင့်ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ တာဝန်ခံများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြပွဲပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၀**

၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ် (၃၇) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းအတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူး(၃)ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ထိုသို့ လှူဒါန်းရာတွင် သာကေတမြို့နယ် စာရေးဆရာအသင်းက အလှူငွေကျပ် ငါးသိန်း၊ ဦးစိုးမြင့်(စိုးမှူး)- ဒေါ်ကြည်ကြည်ခင်(စိုးကြည်ဖြူ) သမီး-အကယ်ဒမီ စိုးမြတ်သူဇာ မိသားစုက ငွေကျပ် သုံးသိန်း၊ ဒေါပုံမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၂၂၅၀၀၀/-၊ မှော်ဘီမြို့နယ်စာရေးဆရာအသင်းက ငွေကျပ် ၁၅၀၀၀၀/-၊ ဗဟန်းမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် တစ်သိန်းနှင့် သန်လျင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ် သုံးသောင်းတို့ လှူဒါန်းခဲ့ကြသည်။

အလှူရှင်များအနေဖြင့် အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း၊ အမှတ်(၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်တံခါးမြို့နယ်၌ ဆီတစ်ပိဿာ ငွေကျပ် ၈၁၀၀ နှုန်းဖြင့် ရောင်းချ

**ကျောက်တံခါး အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်တွင် မြန်မာနိုင်ငံဆီကုန်သည်များ၊ ဆီလုပ်ငန်းရှင်များအသင်းနှင့် မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ဈေးပိုင်းရပ်ကွက်အတွင်းရှိ စားသုံးသူပြည်သူများအား သက်သာသောဈေးနှုန်းဖြင့် စားအုန်းဆီများ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သက်သာသောဈေးနှုန်းဖြင့် ရောင်းချ**

ကျောက်တံခါးမြို့နယ်အတွင်းရှိ စားသုံးသူပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေနိုင်ရန် မီးဖိုချောင်သုံး စားအုန်းဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရာ စားအုန်းဆီ တစ်ပိဿာကို ငွေကျပ် ၈၁၀၀ ဖြင့် အိမ်ထောင်စုတစ်စုလျှင် တစ်လ နှစ်ပိဿာနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

အဆိုပါ စားအုန်းဆီများရောင်းချပေးခြင်းကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာန တာဝန်ခံ ဒေါ်တင်စန်းနှင့် ဝန်ထမ်းများ၊ ဆီကုန်သည်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ လိုက်လံရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးနှင့် ဆေးအဖွဲ့များ နယ်လှည့်ကွင်းဆင်းဆေးကုသ





**အုတ်တွင်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး ခရိုင်ကုသရေးဦးစီးဌာနမှူး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများနှင့် ဆေးအဖွဲ့များသည် ယမန်နေ့နံနက် ၉ နာရီက အုတ်တွင်းမြို့နယ် ကွဲပွဲမြို့တိုက်နယ်ဆေးရုံတွင် နယ်လှည့်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကွဲပွဲမြို့ရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး အဖွဲ့ဝင်ပေါင်း ၃၂ ဦးပါဝင်သောဆေးအဖွဲ့များဖြစ်သည့် တောင်ငူပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် ဒုတိယဆေးရုံအုပ်ကြီး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာအထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီး၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ အကြောအဆစ်အထူးကု ဆရာဝန်ကြီး၊ နား/နှာခေါင်း/လည်ချောင်း အထူးကုဆရာဝန်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီး၊ ရောဂါဗေဒအထူးကုဆရာဝန်ကြီး၊ အရေပြားရောဂါအထူးကုဆရာဝန်ကြီး၊ သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီး၊ ဓာတ်မှန်အထူးကုဆရာဝန်ကြီးများနှင့် ဆေးပေးဝန်ထမ်းများအဖွဲ့တို့က ကွဲပွဲမြို့ရှိ ဒေသခံပြည်သူကျား ၁၅၃ ဦး၊ မ ၂၇၆ ဦး စုစုပေါင်း ၄၂၉ ဦးအား ဆေးဝါးအခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပဲခူးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်းရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး



ရန်ကုန် အောက်တိုဘာ ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှည်းကူးပညာရေးဒီဂရီကောလိပ်ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများနှင့်တွေ့ဆုံကာ သင်ကြားရေး ဆရာ ဆရာမများနှင့် ခေတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လှည်းကူးပညာရေးဒီဂရီကောလိပ်တိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြား၍ တင်ပြချက်ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးမြို့ အခြေခံပညာအထက်တန်းကျောင်း အင်းတကော်နှင့် ပဲခူးတက္ကသိုလ်တို့သို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံ၍ တက္ကသိုလ်များနှင့် ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေးတို့ကို အထူးအလေးထားဆောင်ရွက်ကြရန်၊ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ရေး၊ အရည်အသွေးရှိသော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးရှိ အမှတ် (၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(အင်းတိုင်)နှင့် အခြေခံပညာအထက်တန်းကျောင်း(ကျွန်းကလေး)ကျောင်းတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းများ၏ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာသင်ဆောင်၊ သင်ထောက်ကူပစ္စည်းများ၊ သောက်သုံးရေနှင့် သန့်စင်ခန်းများ လုံလောက်မှုရှိစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် မြို့နယ်အသီးသီးမှ ပညာရေးဘွဲ့နှင့် ပညာရေးဒီပလိုမာဘွဲ့သင်တန်းသားများနှင့် ပညာရေးတက္ကသိုလ် Learning Hub ၌ တွေ့ဆုံပြီး မိမိတို့ သင်ကြားရမည့် ဘာသာရပ်များတွင်သာမက ဆက်စပ်ပညာရပ်များကိုပါ ကျွမ်းကျင်မှုရှိစေရေး စဉ်ဆက်မပြတ် လေ့လာကြရန်၊ အရည်အချင်းရှိသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ပုသိမ်တက္ကသိုလ် အဝေးသင်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲကျင်းပ

ပုသိမ် အောက်တိုဘာ ၁၀

ပုသိမ်တက္ကသိုလ် ၂၀၂၄ ခုနှစ် ပထမနှစ် (၂၀၂၃-အောင်) ဒုတိယအသုတ်(ဝိဇ္ဇာ) အဝေးသင်သင်တန်း မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်က ပညာရေးဝန်ကြီးဌာန၏ ပညာရေးကဏ္ဍအတွက် ဆောင်ရွက်ထားရှိမှုများနှင့် မောင်မယ်သစ်လွင်များအား ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

၂၀၂၄ ပညာသင်နှစ် ပုသိမ်တက္ကသိုလ် (အဝေးသင်) သင်တန်း ပထမနှစ်မှ စတုတ္ထနှစ်အထိ ဝိဇ္ဇာဘာသာရပ်ရှစ်ခုနှင့် သိပ္ပံဘာသာရပ်ငါးခုတွင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၈၃၉၆ ဦး မှတ်ပုံတင်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-ပုသိမ်လမ်း မိုင်(၁၀၅/၅-၁၀၈/၄) အတွင်း ၄၈ ပေ အကျယ် ကတ္တရာကွန်ကရစ်လမ်း တိုးချဲ့တည်ဆောက်နိုင်ရန်အတွက် ပေ ၆၀ အကျယ် မြေသားတာပေါင် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပုသိမ်လေဆိပ် ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ပုသိမ် အောက်တိုဘာ ၁၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပုသိမ်လေဆိပ် ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစဉ် ယာယီဆိုက်ရောက်/ ထွက်ခွာအဆောက်အအုံ၌ အသုံးပြုမည့်ဆိုင်းဘုတ်(Signage) ချိတ်ဆွဲရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသော သင်္ကေတများနှင့်ကိုက်ညီစွာ ဆောင်ရွက်ရေး၊ လုံခြုံရေးပိုင်းဆိုင်ရာ မဖြစ်မနေတပ်ဆင်အသုံးပြုရမည့် စက်ပစ္စည်းများ အချိန်မီတပ်ဆင်ရေး၊ လေယာဉ်အသက်ကယ်ကူမီးသတ်ဌာနရှိ မီးသတ်ယာဉ်အား စွမ်းအားပြည့်အသုံးပြုနိုင်စေရန် ဆောင်ရွက်ထားရှိရေး၊ ခရီးသည်များ ကားပါကင်မှ လေဆိပ်အဆောက်အအုံသို့ အဆင်ပြေစွာသွားလာနိုင်ရေး၊ လေကြောင်းထိန်းမျှော်စင်ပေါ်ရှိ ဆက်သွယ်ရေးစက်များ၊ လေယာဉ်ပြေးလမ်းမီး Control စက်ခလုတ်ခုံများ အချိန်ပြည့် ကောင်းမွန်နေစေရေး၊ Control Tower ပေါ်မှ ပြေးလမ်းထိပ်နှစ်ဖက်သို့ မြင်ကွင်းရှင်းနေစေရေးနှင့် ပြန်လည်ပြင်ဆင်သည့်လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြဝတီခရိုင်၌ အမျိုးသမီးများအား အကြမ်းဖက်မှုအန္တရာယ်မှ တားဆီးကာကွယ်ရေး အသိပညာပေး ဆွေးနွေး




မြဝတီ အောက်တိုဘာ ၁၀

ကရင်ပြည်နယ် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ "အမျိုးသမီးများအား အကြမ်းဖက်မှုအန္တရာယ်မှ တားဆီးကာကွယ်ရေး" ခေါင်းစဉ်ဖြင့် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက လူထုအခြေပြု ဗဟိုဌာန၌ ပြုလုပ်သည်။

ဦးစွာ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စိန်က အကြမ်းဖက်မှု အဓိပ္ပာယ်ရှင်းလင်းချက်နှင့် အဖွဲ့ဝင် ဒေါ်ခင်ခင်ချိုက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကြိုတင်ကာကွယ်တားဆီးခြင်းနှင့် အကြမ်းဖက်ခံရသူများကို ကာကွယ်စောင့် ရှောက်ခြင်းဆိုင်ရာများ ဆွေးနွေးပြီး တက်ရောက်ကြသည့် အဖွဲ့ဝင်များက ဆွေးနွေးမှုအပေါ် မိမိတို့၏အမြင်များဖြင့် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၀**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသော ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဆိုင်ရာ အသက်မွေးပညာသင်တန်းကျောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကမာရွတ်မြို့နယ်၌ ဖွင့်လှစ်ထားသော MHTi ဟိုတယ်နှင့် ခရီးသွားလာရေးသင်တန်းကျောင်း (MHTi– M Hospitality & Tourism Institute) သို့လည်းကောင်း၊ ဗဟန်းမြို့နယ်၌ Yangon Global Enterprise က ဖွင့်လှစ်ထားသော YGE Training Center သို့လည်းကောင်း သွားရောက်၍ သင်တန်းကျောင်းအတွင်း သင်တန်းသားများအား စာတွေ့လက်တွေ့သင်ကြားပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ သင်ကြားပို့ချနိုင်ရေး၊ ကျွမ်းကျင်လုပ်သားများ စနစ်တကျ မွေးထုတ်ပေးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေး၊ နိုင်ငံတကာသုံး ဘာသာစကားသင်တန်းများ ဖွင့်လှစ်ပို့ချရေး၊ သင်တန်းကျောင်းများမှ ထွက်ရှိသော ထုတ်ကုန်များအား ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးကိစ္စရပ်များကို မှာကြားသည်။

ထို့နောက် ဗဟန်းမြို့နယ်ရှိ စင်ကာပူ–မြန်မာ သက်မွေးပညာသင်တန်းကျောင်း (SMVTI)သို့ ရောက်ရှိပြီး သင်ကြားပေးလျက်ရှိသော ဘာသာရပ်များ၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ်ဆိုင်ရာ သက်မွေးသင်တန်းများ၊ သင်တန်းသားများအတွက် စာသင်ဆောင်နှင့် စာသင်ခန်းများ စီစဉ်ထားရှိမှု အခြေအနေများကို မေးမြန်းကာ ဟိုတယ်နှင့်ခရီးသွား ဘာသာရပ်ဆိုင်ရာများ သင်ကြားပို့ချရာတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်၌ မိသားစုဝင်ငွေတိုး အသက်မွေးဝမ်းကျောင်းသင်တန်းဆင်းပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကန်သာအေးကျေးရွာသို့ရောက်ရှိပြီး မြစိမ်းရောင် နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသော အစုအဖွဲ့များနှင့်တွေ့ဆုံ၍ မျိုးစပ်မှု၊ အစာကျွေးမွေးမှု စနစ်တကျရှိရေး၊ ဈေးကွက်ရရှိရေး၊ ဆီထွက်သီးနှံနှင့် စက်မှုသီးနှံဝါစိုက်ပျိုးရေးတို့တွင် သမဝါယမစနစ်ဖြင့် လက်တွဲကူညီ ပံ့ပိုးဆောင်ရွက်ပေးရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ အစုအဖွဲ့များ၏ နွားမွေးမြူထားမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိတ္ထီလာမြို့မြို့တော်ခန်းမ၌ ကျင်းပသည့် ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဖွင့်လှစ်ပေးခဲ့သော စက်ချုပ်နည်းပညာသင်တန်း၊ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်သင်တန်းသားသင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ၊ ထူးချွန်ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ သင်တန်းဆင်းများ၏ လက်ရာများကို ကြည့်ရှုအားပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နို့စားနွားမွေးမြူရေး စီမံကိန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်တို့ရှိ ကျေးရွာ ၁၅ ရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ ငွေကျပ်သန်း ၃၀၀၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေမှ ငွေကျပ်သန်း ၁၅၀ နှင့် သက်မွေးအစုအဖွဲ့များမှ ထည့်ဝင်ငွေကျပ်သန်း ၁၅၀ စုစုပေါင်း ငွေကျပ် သန်း ၆၀၀ ဖြင့် စပ်မျိုးနွား ၂၃၆ ကောင်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစတင်၍ မွေးမြူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၏ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းကိုလည်းကောင်း၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ပျော်ကုန်း–အုတ်ဖို ကျေးရွာချင်းဆက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ စက်ပစ်တောင် နို့စားနွားမွေးမြူရေး သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော်၊ အောက်တိုဘာလ (၁၀)ရက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပဥ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၄.၁၀.၂၀၂၄ ရက်မှ ၂၂.၁၁.၂၀၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်–

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်–၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း– ၀၉–၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်–၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း– ၀၂–၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း– ၀၅၇–၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း–၀၅၄–၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း– ၀၇၄–၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ–ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း– ၀၉–၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်–၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း – ၀၄၂– ၂၅၃၇၃၊ ၀၄၂–၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း– ၀၄၃– ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)**
  အမှတ်–၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း– ၀၈၁–၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း– ၀၅၉–၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# မုန်းသူကို ချစ်ခင် အကြမ်းမဖက်ရေးလမ်းစဉ် လိုက်ကြဖို့ အချိန်တန်ပြီ

**အမြော်အမြင်ကြီးမားတဲ့ နိုင်ငံ့ခေါင်းဆောင်တွေက အယူဝါဒမတူညီသည်ဖြစ်စေ အချင်းချင်း ငြိမ်းချမ်းစွာလက်တွဲနေထိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြပါတယ်။ နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံအတွင်း၌ဖြစ်စေ ပြဿနာတစ်စုံတစ်ခုကြုံလာရင် ပွင့်လင်းစွာ ဆွေးနွေးဖြေရှင်းခြင်းဖြင့် ပြေလည်မှုကို ရနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း တစ်ဖက်သတ်အမြင်၊ အတ္တအစွဲတွေနဲ့ ဖြေရှင်းနေတာတွေကြောင့် အကျယ်အကျယ် မငြိမ်းနိုင်ဖွယ် မီးတောက်တွေသဖွယ် လောင်ကျွမ်းနေတာကို မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒီလိုဖြစ်နေတာတွေကြောင့် အပြစ်မဲ့ပြည်သူတွေ မြေစာပင်သဖွယ် ဒုက္ခမျိုးစုံရင်ဆိုင်ကြုံတွေ့ကြတာတွေကို စိတ်မကောင်းဖွယ် ကြားသိနေရပါတယ်။**

**ကိုရေချမ်း**

မြန်မာနိုင်ငံမှာ အကြမ်းဖက်လမ်းစဉ်ကို ကိုင်စွဲကျင့်သုံးခဲ့တာကြောင့် အပြစ်မဲ့ပြည်သူတွေ ဒုက္ခမျိုးစုံကြုံတွေ့နေကြပါတယ်။ အကြမ်းမဖက်ရေးနဲ့ပတ်သက်လို့ **"အကြမ်းမဖက်ရေး သဘောတရားသည် လူ့လောက၌ အသုံးချနိုင်သောအင်အားတို့တွင် အကြီးဆုံးအင်အားဖြစ်သည်။ အကြမ်းမဖက်ရေးသဘောတရားကို ယုံကြည်ကျင့်သုံးသူသည် အမြင့်ဆုံးသောစွန့်လွှတ်မှုကို ပြုလုပ်နိုင်သည်။ မိမိအားချစ်ခင်သူကို ပြန်ချစ်ခင်ခြင်းသည် အကြမ်းမဖက်ရေးသဘောမဟုတ်ပါ။ မိမိအားမုန်းသူကို ချစ်ခင်နိုင်မှ အကြမ်းမဖက်ရေးသဘောဖြစ်သည်။ အကြမ်းမဖက်ရေး၏ အဓိပ္ပာယ်မှာ အမှန်တရားကို အခိုင်အမာဖော်ပြခြင်းဖြစ်သည်။ ထိုသို့ ဖော်ပြရာတွင် မိမိနှင့် သဘောထားမတိုက်ဆိုင်သူ(ရန်သူ)ကို ဒုက္ခပေးခြင်းဖြင့် မဖော်ပြရ၊ မိမိကိုယ်မိမိ အနစ်နာခံခြင်းဖြင့် ဖော်ပြရမည်"**လို့ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီက အကြမ်းမဖက်ရေးလမ်းစဉ်နဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုပြောကြားခဲ့တာကို မှတ်သားမိပါတယ်။

**ဥပဒေနဲ့အညီဖြေရှင်း**

ယနေ့မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အကြမ်းဖက်မှုပြဿနာဟာ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုတွေဖြစ်ပေါ်ခဲ့တာကို အကြောင်းပြုပြီး ဖြစ်လာတဲ့ ပြဿနာဖြစ်ပါတယ်။ မဲမသမာမှု၊ နိုင်ငံရေးအရ ညစ်ပတ်မှုတွေဖြစ်လို့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရ ဖြေရှင်းဖို့ တပ်မတော်က ဥပဒေနဲ့အညီ တောင်းဆိုခဲ့ပါတယ်။ လွှတ်တော်နည်းလမ်း၊ အခြေခံဥပဒေခုံရုံးနည်းလမ်း၊ တရားလွှတ်တော်ချုပ်နည်းလမ်း၊ အစိုးရနဲ့ အဓိကတာဝန်ရှိသူတွေ ဖြေရှင်းပေးရမယ့်နည်းလမ်း စတဲ့နည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းပေးဖို့ တောင်းဆိုခဲ့ပေမယ့်လည်း ဖြေရှင်းပေးခြင်းမရှိတဲ့အပြင် နိုင်ငံတော်အာဏာကို အဓမ္မရယူဖို့ ကြိုးပမ်းလာခဲ့တဲ့အတွက် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံရေးတာဝန်ရယူကာ ဖြေရှင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အာဏာရပါတီကြီးမှ နိုင်ငံရေးအပေါင်းပါအချို့ဟာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းခြင်းမပြုလုပ်ဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ပါတယ်။ NUG အကြမ်းဖက်အဖွဲ့ကို ထူထောင်ခဲ့ပါတယ်။ ပြည်တွင်းမှာ နိုင်ငံရေးအမှောင့်ပယောဂတွေကို ကြိုတင်သွတ်သွင်းပေးပြီး PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေထူထောင်ကာ နိုင်ငံတစ်ဝန်းမှာ အကြမ်းဖက်မှုတွေ အကြိမ်ကြိမ်ကျူးလွန်ခဲ့ပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့အထိ နိုင်ငံတစ်ဝန်းက ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ ရဟန်းသံဃာ ၈၄ ပါးအပါအဝင် အပြစ်မဲ့ပြည်သူ ၆၇၀၀ ကျော် သေဆုံးခဲ့ပါတယ်။ ဗုံးဖောက်ခွဲမှု အကြိမ် ၉၀၀၀ ကျော်ခန့် ဖြစ်ခဲ့ပါတယ်။ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်၊ လူနေအိမ်တွေ အပါအဝင် အဆောက်အအုံ ၁၃၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။ ၈၈ အရေးအခင်းကာလတုန်းက ဆူပူသောင်းကျန်းသူတွေ ကြွေးကြော်ခဲ့သလို ရရင်ရမရရင်ချဆိုတဲ့ လုပ်ရပ်တွေလိုဖြစ်ပါတယ်။

**လူသားအရင်းအမြစ်ဆုံးရှုံး**

တစ်ချိန်တည်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ဟာ ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအခြေအနေကို အသုံးချပြီး ပွဲလန့်တုန်းဖျာခင်းဆိုသလို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို စစ်သင်တန်းပေးတာ၊ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းပေးတာ၊ ထောက်ပံ့ကူညီ အားပေးတာတွေကိုပြုလုပ်ပြီး အကြမ်းဖက်မှုကြီးထွားလာအောင် ပြုလုပ်ခဲ့ပါတယ်။ ဒါ့အပြင် PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေနဲ့ပူးပေါင်းပြီး နယ်မြေချဲ့ထွင်တာ၊ မြို့ရွာတွေကို တိုက်ခိုက်သိမ်းပိုက်တာတွေ ပြုလုပ်ခဲ့ပါတယ်။ တပ်မတော်က ပြန်လည်တွန်းလှန်ချေမှုန်းခဲ့ရာမှာ နှစ်ဖက်ထိခိုက်ဆုံးရှုံးမှုတွေ များပြားခဲ့ပါတယ်။ အမှန်တကယ်မှာ တိုင်းရင်းသားလူမျိုးအချင်းချင်း တိုက်ခိုက်ကြရတာဖြစ်လို့ ဘယ်သူထိခိုက်နစ်နာတာဖြစ်စေ တိုင်းပြည်ရဲ့ လူသားအရင်းအမြစ်တွေ ဆုံးရှုံးတာပဲဖြစ်ပါတယ်။

> **❝ မျက်မှောက်ကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ လက်နက်ကိုင်အကြမ်းဖက်မှုတွေကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဒေသခံပြည်သူတွေ အတိဒုက္ခရောက်နေကြရတဲ့ အခြေအနေတွေနဲ့ပတ်သက်ပြီး အကြမ်းဖက်အုပ်စုတွေအနေနဲ့ ပြည်သူ့အရေး၊ ဒီမိုကရေစီရေးဆိုပြီး အသံကောင်းဟစ်ကြွေးပေမယ့် ပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်ဘက်အလုပ်တွေကိုသာ လုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့သော နိုင်ငံရေးပါတီတွေ၊ ပါတီဝင်တွေ၊ လူပုဂ္ဂိုလ်တွေဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ပြည်သူလူထုတွေ အတိဒုက္ခရောက်နေကြတာတွေကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုတွေကို မလိုလားကြောင်း ပြတ်ပြတ်သားသား ထုတ်ဖော်မပြသနိုင်တာဟာ စိတ်ပျက်စရာဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာတွေကို မသိကျိုးကျွန်ပြု မသိချင်ယောင်ဆောင်နေတာဟာ အကြမ်းဖက်သမားကို သွယ်ဝိုက်ထောက်ခံတဲ့သဘောဖြစ်နေပါတယ် ❞**

လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်မှုတွေဟာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာခဲ့တာဖြစ်ပါတယ်။ လက်နက်ကိုင်အကြမ်းဖက်မှုသံသရာဟာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ ယုံကြည်ချက်၊ ခံယူချက်ကွဲပြားမှုတွေကြောင့် တစ်ဦးအပေါ်တစ်ဦး သံသယတွေတိုးပွားပြီး တိုက်ခိုက်ကြတာဟာ ဘယ်သူ့ဘက်မှ အမြတ်မထွက်ဘဲ အားလုံးဆုံးရှုံးခဲ့ကြတာကို သတိချပ်ရမှာဖြစ်ပါတယ်။ မျက်မှောက်ကာလမှာ သမိုင်းကြောင်းရှည်ကြာလာပြီဖြစ်တဲ့ ပြည်တွင်းသောင်းကျန်းမှုတွေနဲ့ ၂၀၂၀ ရွေးကောက်ပွဲကြောင့် ဖြစ်ပေါ်လာခဲ့တဲ့ နိုင်ငံရေးပြဿနာတွေကြောင့် ပေါ်ပေါက်လာတဲ့ အကြမ်းဖက်တိုက်ခိုက်မှု အကျိုးဆက်တွေကို အားလုံးပေါင်းချုပ်ကြည့်လိုက်ရင် စိတ်မကောင်းစရာတွေ အများဆုံးဖြစ်နေတဲ့နိုင်ငံလို့ ဆိုရမလိုဖြစ်ပါတယ်။

**နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်း**

အကြမ်းဖက်မှုသံသရာ ရှည်ကြာလာတာနဲ့ အမျှ ပျက်စီးဆုံးရှုံး ထိခိုက်သေကျေမှုတွေ ဆက်လက်များပြားလာနေဦးမှာ ဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်တွေကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်လမ်းစဉ်တွေကြောင့် နိုင်ငံတော်မှာ ဖြစ်ပေါ်ခဲ့ရတဲ့ ဆုံးရှုံးနစ်နာမှုတွေကို ထောက်ရှုပြီး ထာဝရငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူတွေနဲ့အတူ လက်တွဲဖော်ဆောင်ရေးအလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စက်တင်ဘာလ ၂၆ ရက်နေ့မှာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းနိုင်ဖို့အတွက် ကမ်းလှမ်းဖိတ်ခေါ်ချက်ကို အသိပေးထုတ်ပြန်ခဲ့ပါတယ်။ အဆိုပါထုတ်ပြန်ချက်မှာ အစဉ်အဆက် နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ အကြမ်းဖက်သောင်းကျန်းသူတွေအပြင် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကိုပါ ဖိတ်ခေါ်ထားတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီလို ကမ်းလှမ်းဖိတ်ခေါ်ကြေညာတာနဲ့ ပတ်သက်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ သဘောထားအမြင်နဲ့ အခြေအနေအရပ်ရပ်တို့ကို ဆင်ခြင်သုံးသပ်ကြည့်နိုင်ပါတယ်။ ယနေ့ကာလမှာ ပြည်သူလူထုအားလုံးရဲ့ ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ် အခင်းအကျင်းကို ပြန်လည်ဖော်ဆောင်နိုင်ဖို့အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်ကို စတင်နေပြီဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ နိုင်ငံသားများအားလုံး မဲပေးခွင့်ရရှိရေးအတွက် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ဆောင်ရွက်နေပြီး မှန်ကန်တဲ့ မဲဆန္ဒရှင်စာရင်းတွေ ရရှိအောင် ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြည်သူ့အစိုးရကို ပြည်သူက ရွေးချယ်နိုင်ဖို့အတွက် မဲစာရင်းမှန်ကန်ရေး၊ လွတ်လပ်စွာမဲပေးခွင့်ရရှိရေးဟာ အလွန်အရေးကြီးပါတယ်။ ရွေးကောက်ပွဲကို ချောမွေ့စွာဆောင်ရွက်နိုင်ဖို့အတွက် နယ်မြေဒေသလုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးကလည်း အလွန်အရေးကြီးပါတယ်။

**တည်ငြိမ်အေးချမ်းဖို့လို**

ယနေ့ကာလမှာ ရေကြီးရေလျှံ သဘာဝဘေးဒဏ်တွေကြောင့် နိုင်ငံအတွင်းရှိဒေသအချို့မှပြည်သူတွေ ဆိုးဆိုးရွားရွားခံစားကြရပါတယ်။ ရေဘေးဒုက္ခရောက်ကြရတဲ့ ဒေသခံပြည်သူတွေကို ပြန်လည်ထူထောင်ပေးနိုင်ဖို့အတွက် အရှိန်အဟုန်နဲ့ ပြင်းပြင်းထန်ထန် ဝိုင်းဝန်းကြိုးစား တည်ဆောက်ပေးကြရဦးမှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အလျင်အမြန် ဆောင်ရွက်နိုင်ဖို့အတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်းဖို့ အထူးလိုအပ်ပါတယ်။ အကယ်၍ သဘာဝဘေးဒဏ်ခံစားရတဲ့ဒေသတွေမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဖြစ်လာခဲ့ရင် သဘာဝဘေးသင့်ပြည်သူတွေ တစ်ပူပေါ် နှစ်ပူဆင့်ပြီး စိတ်မချမ်းမြေ့စရာအဖြစ်တွေနဲ့ ကြုံရနိုင်ပါတယ်။ ဒါ့ကြောင့် နယ်မြေဒေသ တည်ငြိမ်အေးချမ်းဖို့ အထူးလိုအပ်ပါတယ်။

မျက်မှောက်ကာလ နိုင်ငံတကာအခြေအနေတွေကို ကြည့်မယ်ဆိုရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေ၊ ဒေသတွင်းအင်အားကြီးနိုင်ငံတွေရဲ့ အကျိုးစီးပွားပြိုင်ဆိုင်မှုတွေဟာ ကြီးမားပြင်းထန်လာတာကို တွေ့ရမှာဖြစ်ပါတယ်။ ရုရှား-ယူကရိန်းကိစ္စ၊ အာရပ်-အစ္စရေးကိစ္စ၊ အရှေ့အလယ်ပိုင်းကိစ္စ၊ တောင်တရုတ်ပင်လယ်အရေးကိစ္စတွေကို အထင်အရှား တွေ့မြင်ကြရမှာဖြစ်ပါတယ်။ ကမ္ဘာကြီးမှာ စစ်ရိပ်စစ်ငွေ့သန်းနေတယ်လို့ ဆိုချင်ပါတယ်။ ကမ္ဘာကြီး ငြိမ်းချမ်းသာယာဖို့အတွက် ငြိမ်းချမ်းရေးဟာ အရေးတကြီး လိုအပ်နေပါတယ်။ ဒီလိုအခြေအနေတွေမှာ မြန်မာနိုင်ငံလို နိုင်ငံငယ်တွေဟာ စည်းလုံးညီညွတ်မှု အထူးလိုအပ်ပါတယ်။ စည်းလုံးညီညွတ်မှု ပျက်ပြားနေမယ်ဆိုရင် နိုင်ငံတကာပြိုင်ဆိုင်မှုတွေကြားမှာ မြန်မာနိုင်ငံဟာ ထိခိုက်ဆုံးရှုံးမှုအန္တရာယ်ကြီးမားလာနိုင်ပါတယ်။

**ဆန္ဒပြုချက်တွေထုတ်ဖော်ပြောကြားလာ**

ဒီလိုပြည်တွင်း၊ ပြည်ပ အခြေအနေ အရပ်ရပ်တွေကြောင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပါအဝင် မြန်မာနိုင်ငံအပေါ် အကောင်းမြင်စိတ်ထားစေတနာထားရှိတဲ့နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ပြည်တွင်းကအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေရဲ့ ကောင်းမွန်တဲ့ သဘောထားတွေကို ကြားသိလာရပါတယ်။ ပြည်သူလူထုရဲ့ နေ့စဉ် လူမှုစီးပွားဘဝလုံခြုံရေးနဲ့ တိုးတက်ရေးကိုလိုလားတဲ့ အဖွဲ့အစည်းတွေနဲ့ လူပုဂ္ဂိုလ်တွေက နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော်အကြီးအကဲတွေကို ငြိမ်းချမ်းရေးလုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်ပေးဖို့အတွက် ၎င်းတို့ရဲ့ အကြံပြုချက်တွေ၊ ဆန္ဒပြုချက်တွေ ထုတ်ဖော်ပြောကြားလာကြပါတယ်။

တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့တာဝန်ကို ရယူထမ်းဆောင်ချိန်ကစလို့ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့ခေါင်းဆောင်တွေကို တိုက်ရိုက်တွေ့ဆုံဆွေးနွေးနိုင်ဖို့ ငြိမ်းချမ်းရေးကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း သုံးကြိမ်ဆွေးနွေးနိုင်ခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးတွေကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီကလည်း NCA လက်မှတ်ရေးထိုးထားတဲ့ EAO တွေနဲ့ ၅၆ ကြိမ်၊ လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ EAO တွေနဲ့ ၂၄ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၁၅ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်တွေ၊ Stakeholder တွေနဲ့ သုံးကြိမ် စုစုပေါင်း ၉၈ ကြိမ် ဆွေးနွေးနိုင်ခဲ့ပါတယ်။

**မသိချင်ယောင်ဆောင်**

ငြိမ်းချမ်းရေးအတွက် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ရွေးကောက်ပွဲမှတစ်ဆင့်ပေါ်ထွက်လာမယ့်အစိုးရကို နိုင်ငံတော်အာဏာလွှဲအပ်နိုင်ရေး မဗိုတ်မသုန် ဦးတည်ဆောက်ရွက်နေသော်လည်း ငြိမ်းချမ်းရေးကို မလိုလားဘဲ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးလုပ်လိုတဲ့ **စာမျက်နှာ ၁၁ သို့** ❐

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"

"Empowering the next generation for a resilient future"

အောက်တိုဘာလ (၁၃) ရက်

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ်၌ မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှု

**မော်လမြိုင် အောက်တိုဘာ ၁၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် နတ်မော်ကျေးရွာရှိ စိုက်ပျိုးမြေဧရိယာများအတွင်း မိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့က သွားရောက်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဆန်စပါး ဖူလုံမှုရှိစေရေး၊ စပါး အထွက်နှုန်း တိုးတက်မြင့်မားစေရေးနှင့် ပန်းတိုင်အထွက်နှုန်း ထွက်ရှိစေရေး အလေးထားဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာအတွင်း သန်းခေါင်စာရင်း ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် စာရင်းစစ်၊ စာရင်းကောက်များက CAPI နည်းပညာအသုံးပြု၍ Tablet များဖြင့် တစ်အိမ်တက်ဆင်း လူဦးရေနှင့် အိမ်အကြောင်းအရာဆိုင်ရာ အချက်အလက်များ ကောက်ယူမေးမြန်းနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**



# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ နေကြာစိုက်ခင်းများ စတင်ရိတ်သိမ်း

**ပွင့်ဖြူ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီ ဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်



ရည်ရွယ် စိုက်ပျိုးထားရှိသည့် ဆီထွက်သီးနှံ နေကြာစိုက်ခင်းများအား ဆောင်းသီးနှံ ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေး စတင်ရိတ်သိမ်းခြွေလှေ့နေကြကြောင်းနှင့် တစ်ဧကလျှင် နေကြာသီးနှံ ၁၉ ဒသမ ၃၂ တင်းခန့် ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**အထွက်နှုန်းပိုမိုကောင်းမွန်**

ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းသည် စိုက်ပျိုးစရိတ် အကုန်အကျသက်သာပြီး ဝင်ငွေ ပိုမိုရရှိသည့်အတွက် ဒေသခံ တောင်သူများက မိုးနေကြာနှင့် ဆောင်းနေကြာသီးနှံစိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြသည်။ မိုးနေကြာ သီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်း၍ ယခင်နှစ်ကထက် အထွက်နှုန်း ပိုမိုကောင်းမွန်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း နေကြာသီးနှံ ၁၀၄၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ နေကြာသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး တောင်သူတွေ အဆင်ပြေစွာ စိုက်ပျိုးနိုင်ဖို့ ဒေသနဲ့ကိုက်ညီတဲ့ နေကြာမျိုးကောင်းမျိုးသန့်တွေ ဝယ်ယူစိုက်ပျိုးနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ပေးပါတယ်။ သီးနှံအထွက်နှုန်းကောင်းမွန်စေဖို့ကိုလည်း စိုက်ပျိုးရေးနည်းပညာတွေနဲ့ သွင်းအားစုပစ္စည်းတွေ အချိုးကျ မှန်ကန်စွာ သုံးစွဲနည်း၊ သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရမယ့် နည်းလမ်းတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုး ရာသီ၌ ဆီထွက်သီးနှံစိုက်ပျိုး စွမ်းအား တိုးတက်စေရန်နှင့် ပြည်တွင်း စားသုံးဆီ ဖူလုံပိုလျှံစေရန် ရည်ရွယ်၍ နေကြာသီးနှံ စိုက်ဧက ၉၃၀၊ မြေပဲ ၁၆၆၁ ဧက၊ နှမ်း ၁၃၃၉၅ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ စိုက်ဧက ၁၅၉၈၆ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု မြေပဲ ၃၆၁၉ ဧက၊ နှမ်း ၂၄၇၂၀၊ နေကြာ ၁၀၄၆ ဧကစုစုပေါင်း ဆီထွက်သီးနှံစုံ ၂၉၃၈၅ ဧက စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

❐ စာမျက်နှာ ၁၀ မှ

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းခြင်း မပြုဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ကို ရွေးချယ်ခဲ့ကြတဲ့ လူပုဂ္ဂိုလ်နဲ့အဖွဲ့တွေကြောင့် အကြမ်းဖက်မှုတွေ ကြီးထွားလာတာ ယနေ့မျက်မြင်ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်တွေ၊ နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံတွေ၊ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးမှုများစွာဖြစ်ပေါ် ခဲ့ရတဲ့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအဟန့်အတားဖြစ်စေခဲ့ပါတယ်။

**မျက်မှောက်ကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ လက်နက်ကိုင်အကြမ်းဖက်မှုတွေကြောင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားကာ ဒေသခံပြည်သူတွေ အတိဒုက္ခရောက်နေကြရတဲ့ အခြေအနေတွေနဲ့ ပတ်သက်ပြီး အကြမ်းဖက်အုပ်စုတွေအနေနဲ့ ပြည်သူ့အရေး၊ ဒီမိုကရေစီရေးဆိုပြီး အသံကောင်းဟစ်ကြွေးပေမယ့် ပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ ဆန့်ကျင်ဘက်အလုပ်တွေကိုသာ လုပ်ဆောင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ တချို့သော နိုင်ငံရေးပါတီတွေ၊ ပါတီဝင်တွေ၊ လူပုဂ္ဂိုလ်တွေဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် ပြည်သူလူထုတွေ အတိဒုက္ခရောက်နေကြတာတွေကို မျက်ကွယ်ပြုပြီး အကြမ်းဖက်မှုတွေကို မလိုလားကြောင်း ပြတ်ပြတ်သားသား ထုတ်ဖော်မပြသနိုင်တာဟာ စိတ်ပျက်စရာ ဖြစ်ပါတယ်။ အကြမ်းဖက်တိုက်ခိုက်တာတွေကို မသိကျိုးကျွန်ပြု မသိချင်ယောင်ဆောင်နေတာဟာ အကြမ်းဖက်သမားကို သွယ်ဝိုက်ထောက်ခံတဲ့သဘောဖြစ်နေပါတယ်။**

**အကြမ်းမဖက်ရေးနည်းလမ်းကိုလိုက်ကြဖို့လို**

မည်သို့ပင်ဖြစ်စေကာမူ အထက်ဖော်ပြပါ အခြေအနေအရပ်ရပ်တို့ကို ထောက်ရှုပြီး နိုင်ငံတော်အစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ ကမ်းလှမ်းဖိတ်ခေါ်လိုက်တာကို ကြိုဆိုကြရမှာဖြစ်ပါတယ်။ အမြော်အမြင်ကြီးမားတဲ့ နိုင်ငံ့ခေါင်းဆောင်တွေဟာ ယုံကြည်ချက်၊ ခံယူချက် မတူသည်ဖြစ်စေ အချင်းချင်း ငြိမ်းချမ်းစွာလက်တွဲနေထိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြပါတယ်။ **"အကြမ်းမဖက်ရေးသဘောတရားကို ယုံကြည်ကျင့်သုံးသူဟာ အမြင့်ဆုံးသောစွန့်လွှတ်မှုကို ပြုလုပ်နိုင်တယ်။ မိမိအားချစ်ခင်သူကို ပြန်ချစ်ခင်ခြင်းဟာ အကြမ်းမဖက်ရေးသဘောမဟုတ်ပါ။ မိမိအား မုန်းသူကိုချစ်ခင်နိုင်မှအကြမ်းမဖက်ရေးသဘောဖြစ်တယ်"**လို့ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ ပြောကြားခဲ့သလိုပါပဲ မိမိအား မုန်းသူကိုချစ်ခင် လက်ကမ်းကြိုဆိုဖိတ်ခေါ်တဲ့ အကြမ်းမဖက်ရေးနည်းလမ်းကို လိုက်ကြဖို့လိုပါတယ်။

သို့ပါ၍ ရွေးကောက်ပွဲလမ်းကြောင်းပေါ်ရောက်မှသာ ဒီမိုကရေစီရှေ့ခရီးဆက်နိုင်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အဖြစ်အပျက်တွေအပေါ် သင်ခန်းစာယူပြီး လက်ရှိမှာ အကောင်းဆုံးလို့ဆိုနိုင်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ၊ အကြမ်းဖက်သောင်းကျန်းသူတွေ၊ အကြမ်းဖက် PDF အဖွဲ့တွေအနေနဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်တဲ့ လမ်းစဉ်ကို စွန့်လွှတ်ပြီး ဒီမိုကရေစီလမ်းစဉ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့ကိုက်ညီတဲ့ ပါတီနိုင်ငံရေးလမ်းကြောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းမှတစ်ဆင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းဖို့ မုန်းသူကို ချစ်ခင် လက်ကမ်းကြိုဆို ဖိတ်ခေါ်တဲ့ အကြမ်းမဖက်ရေးနည်းလမ်းကိုလိုက်ကြဖို့ အချိန်တန်ပြီဖြစ်ကြောင်း တိုက်တွန်းလိုက်ရပါတယ်။ ။

# မန္တလေးမြို့ မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၁၀**

မန္တလေးရတနာပုံမြို့တည်နန်းတည် ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား (၁၃၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အရှေ့ဘက်မုခ်ဦး၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် မာရ်ကြွေးတော်ပြေဘုရား၊ ရန်ကြွေးတော်ပြေဘုရား၊ ဝဋ်ကြွေးတော်ပြေဘုရားများကို လှည့်လည်ဖူးမြော်ကြည်ညိုပြီး မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သော အဓိဋ္ဌာန်အောင် လိုတရသပိတ်တော်ကြီးနှင့် ဘုရားပရိဝုဏ်အတွင်း လှည့်လည်ကြည့်ရှုသည်။

**စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်**

မဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား၏ (၁၃၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါန ဆွမ်းတော်ကြီးလောင်းလှူပွဲကို အောက်တိုဘာ ၂၀ ရက် (သီတင်းကျွတ်လပြည့်ကျော် ၃ရက်) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး မန္တလေးမြို့ လေးပြင်လေးရပ်မှ ပင့်သံဃာ ၂၅၆၈ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့်တကွ လှူဖွယ်ပစ္စည်းများ လောင်းလှူမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# သီတင်းကျွတ်လပြည့်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများအား မီးထွန်းညှိပူဇော်ပွဲများကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ အောက်တိုဘာ ၁၀**

၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများအား မီးထွန်းညှိပူဇော်ပွဲများ ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကား ပြောကြားသည်။



**ဆောင်ရွက်မည့်အစီအစဉ်များ ရှင်းလင်းတင်ပြ**

ယင်းနောက် တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာများက သီတင်းကျွတ် လပြည့်နေ့တွင် ဘုရား၊ စေတီများ၌ မီးထွန်းညှိပူဇော်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့ဌာနအလိုက် ပူးပေါင်း ဆောင်ရွက်သွားမည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မုံရွာမြို့ပေါ်ရှိ ဘုရား၊ စေတီများမှ ဂေါပကအဖွဲ့ဥက္ကဋ္ဌများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ယခင်နှစ် မီးထွန်းညှိပူဇော်ခြင်းနှင့် ယခုနှစ်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက သီတင်းကျွတ်လပြည့်နေ့တွင် ဘုရား၊ စေတီများ၌ မီးထွန်းညှိပူဇော်ခြင်းအား စည်ကားသိုက်မြိုက်စွာ ကျင်းပရေး လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရွှေဘိုမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**ရွှေဘို အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ယနေ့နံနက်ပိုင်းက ရပ်ကွက် (၁၀) ၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် အမှတ် (၅) စစ်အုပ်ချုပ်ရေးနယ်မြေ စစ်နယ်မြေမှူးနှင့် အရာရှိ၊ စစ်သည်များ ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်/မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





# စေတုတ္တရာမြို့နယ်၌ အိမ်ထောင်စု ၆၀၀၀ ကျော် သန်းခေါင်စာရင်း ကောက်ယူပြီးစီး

**စေတုတ္တရာ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူနေမှုများကို အောက်တိုဘာ ၁ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကွင်းဆင်းကောက်ယူလျက်ရှိသည်။

စေတုတ္တရာမြို့နယ်၌ စာရင်းစစ်၊ စာရင်းကောက် ၄၂ ဦးက လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းများကို CAPI နည်းပညာဖြင့် တက်ဘလက်များအသုံးပြု၍ တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိရာ အောက်တိုဘာ ၉ ရက်အထိ အိမ်ထောင်စု ၆၂၂၂ စု၊ လူဦးရေ ၂၁၇၁၂ ဦး ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

# မိုင်းယောင်းမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**မိုင်းယောင်း အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ယနေ့တွင် ဆက်လက်ကောက်ယူလျက်ရှိသည်။



ရပ်ကွက်/ ကျေးရွာ ကောက်ကွက်အလိုက် သက်ဆိုင်ရာစာရင်းစစ်၊ စာရင်းကောက်များ၏ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ခရိုင်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မိုင်းယောင်း တပ်နယ် တပ်နယ်မှူး၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် သန်းခေါင်စာရင်း ကော်မတီဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့က ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နန်းပန်(ပြန်/ဆက်)



# နတ်တလင်းခရိုင်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

**နတ်တလင်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ကောက်ယူလျက်ရှိရာ ယနေ့အထိ နတ်တလင်းခရိုင်အတွင်း နတ်တလင်းမြို့နယ်၌ ၇၁ ရာခိုင်နှုန်း၊ ဇီးကုန်းမြို့နယ်၌ ၅၉ ရာခိုင်နှုန်း၊ ပေါင်းတည်မြို့နယ်၌ ၆၈ ရာခိုင်နှုန်း၊ သဲကုန်းမြို့နယ်၌ ၆၈ ရာခိုင်နှုန်း ပြီးစီးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပါလက်စတိုင်းပိုင်နက်နယ်မြေအတွင်း၌ အခြေချနေထိုင်မှုအားလုံးကို ချက်ချင်းရပ်တန့်ရန် အစ္စရေးအစိုးရအား တောင်းဆို




**ကုလသမဂ္ဂ အောက်တိုဘာ ၁၀**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အစ္စရေး တပ်ဖွဲ့ဝင်များ သိမ်းပိုက်ထားသော ပါလက်စတိုင်းပိုင်နက် နယ်မြေအတွင်း၌ အခြေချနေထိုင်မှုအားလုံးကို ချက်ချင်း ရပ်တန့်ရန် အစ္စရေးအစိုးရအားတောင်းဆိုခဲ့ကြောင်း သိရသည်။

အရှေ့ဂျေရုဆလင်၊ ဂါဇာကမ်းမြောင်နှင့် ယခုနှစ် မေလကုန်အထိ တစ်နှစ်အတွင်း သိမ်းပိုက်ထားသော ဆီးရီးယား ဂိုလန်အပါအဝင် အနောက်ဘက်ကမ်းရှိ အစ္စရေးတို့၏ လှုပ်ရှားမှုများအပေါ် ခြုံငုံရေးသားထားသည့် အစီရင်ခံစာတစ်စောင်ကို ဂူတာရက်စ်က ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်တို့၏ နယ်စပ်ဖြတ်ကျော်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အစ္စရေးတို့က အခြေချနေထိုင်ရေး လှုပ်ရှားမှုများ သိသိသာသာ တိုးချဲ့လုပ်ဆောင်လာကြောင်း ၎င်းကထောက်ပြခဲ့သည်။

**အတည်ပြုပြောကြား**

ပါလက်စတိုင်းများအပေါ် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များနှင့် အခြေချနေထိုင်သူများ၏ အကြမ်းဖက်မှုသည် သိသိသာသာတိုးလာသည့်အပြင် ပါလက်စတိုင်းများအပေါ် အစ္စရေး၏ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုသည်လည်း ပိုမို ခိုင်မာလာစေကြောင်း ဂူတာရက်စ်က ပြောသည်။

အထူးသဖြင့် ပါလက်စတိုင်းပိုင် အဆောက်အအုံပေါင်း ၁,၇၇၇ လုံးကို ဖြိုချခဲ့ပြီးနောက် အိမ်ရာယူနစ် ၁၉,၅၀၀ ခန့်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်များကို ဂူတာရက်စ်က အတည်ပြုပြောကြားသည်။

ပါလက်စတိုင်း နယ်မြေများအတွင်း၌ အခြေချနေထိုင်ရေး လှုပ်ရှားမှုအားလုံးကို ချက်ချင်းရပ်တန့်ရန်နှင့် ပါလက်စတိုင်းပြည်သူများအား အကြမ်းဖက်ဖြိုခွင်းခြင်းနှင့် အတင်းအကျပ် နှင်ထုတ်ခြင်းများကို ရပ်တန့်ရန် ဂူတာရက်စ်က အစ္စရေးအစိုးရအား တောင်းဆိုခဲ့သည်။

အခြေချနေထိုင်သူများနှင့် အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ၏ အကြမ်းဖက်မှုများအားလုံးကို သေချာစွာစုံစမ်းစစ်ဆေးရန်လည်း အစ္စရေးအစိုးရအဖွဲ့အား ဂူတာရက်စ်က တိုက်တွန်းခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဆီးရီးယားနိုင်ငံတစ်ဝန်း၌ အစ္စရေးတပ်မတော်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်

**ဒမတ်စကတ် အောက်တိုဘာ ၁၀**

ဆီးရီးယားနိုင်ငံတစ်ဝန်း၌ အောက်တိုဘာ ၁၀ ရက်တွင် အစ္စရေးတပ်မတော်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားဌာနက ပြောကြားသည်။

ဆီးရီးယားနိုင်ငံ ဟွန်ကျေးလက်ဒေသ ဟက်စ်ယာမြို့ရှိ မော်တော်ကားထုတ်လုပ်ရေးစက်ရုံကို အောက်တိုဘာ ၁၀ ရက်တွင် အစ္စရေးတပ်မတော်က လေကြောင်းမှ တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုအတွင်း လူတစ်ဦးဒဏ်ရာရခဲ့ကြောင်းနှင့် ကယ်ဆယ်ရေး ပစ္စည်းများ တင်ဆောင်ထားသည့် ယာဉ်အများအပြား ပျက်စီးခဲ့သည်။

ထို့ပြင် ဟာမာပြည်နယ် မာယင်မြို့တွင် တိုက်ခိုက်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့ပြီး မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဆီးရီးယားနိုင်ငံ ဒါယာမြို့တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ပြောကြားသည်။ ထို့ပြင် ဒမတ်စကတ်မြို့အနီး အယ်လ်ကတ်ဝတ်ဒေသရှိ အီရန်နှင့် ဆက်နွယ်နေသည့် အလုပ်ရုံတစ်ခုကို အစ္စရေးက တိုက်ခိုက်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ဟာရီကိန်းမုန်တိုင်း မီးလ်တန် တိုက်ခတ်

**ဝါရှင်တန် အောက်တိုဘာ ၁၀**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ အောက်တိုဘာ ၉ ရက်မှစတင်၍ ဟာရီကိန်းမုန်တိုင်း မီလ်တန် ဝင်ရောက်တိုက်ခတ်မှုကြောင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ပြည်နယ်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်း ဒေသများ၌ မုန်တိုင်းဝင်ရောက်မှုကြောင့် လေပြင်း တိုက်ခတ်ခြင်းနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ မုန်တိုင်းတိုက်ခတ်ပြီးနောက် လူနေအိမ်ခြေများနှင့် စီးပွားရေးလုပ်ငန်းစုစုပေါင်း သုံးသန်းနီးပါး လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။ ဖလော်ရီဒါပြည်နယ် တန်ပါဒေသတွင် လေတိုက်နှုန်း တစ်နာရီလျှင် ၁၁၉ ကီလိုမီတာအထိရှိခဲ့ကြောင်း အမျိုးသားဟာရီကိန်းစင်တာက ပြောကြားသည်။ ဖလော်ရီဒါပြည်နယ် စိန့်ပီတာစဘတ်ဒေသတွင် ပြီးခဲ့သည့် တစ်ရက်အတွင်း မိုးရေချိန် ၁၆ လက်မအထိ ရွာသွန်းခဲ့သည်။

ပြည်နယ်အတွင်းရှိ ဒေသများတွင် ဒေသခံများ ထိခိုက်သေဆုံးမှုများရှိကြောင်း ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ရော်နယ် ဒီဆန်းတစ်က ပြောကြားသည်။ ဖလော်ရီဒါပြည်နယ် စိန့်လူစီကောင်တီတွင် မုန်တိုင်း၏နောက်ဆက်တွဲအဖြစ် လေဆင်နှာမောင်း တိုက်ခတ်ခဲ့သဖြင့် ဒေသခံအများအပြား သေဆုံးခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ယခုနှစ်အတွင်း လက်ရှိအချိန်အထိ ဟာရီကိန်းမုန်တိုင်းသုံးခု တိုက်ခတ်ခဲ့သည်။

ဖလော်ရီဒါပြည်နယ်မှ ဒေသခံများအား သဘာဝဘေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် အမေရိကန်သမ္မတဘိုင်ဒင်က ညွှန်ကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# လက်ဘနွန်နိုင်ငံအား အစ္စရေး၏ တိုက်ခိုက်မှုမှ တားဆီးရေးအတွက် ကုလသမဂ္ဂတာဝန်ရှိသူ တောင်းဆို

**ဘေရွတ် အောက်တိုဘာ ၁၀**

လက်ဘနွန်နိုင်ငံအား အစ္စရေး၏တိုက်ခိုက်မှုများမှ တားဆီးရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်းအား ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၉ ရက်တွင် တိုက်တွန်းခဲ့သည်။

ယင်းပဋိပက္ခကို ဖြေရှင်းရာတွင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေအား လေးစားလိုက်နာရေးနှင့် ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးကို ဦးတည်သော နိုင်ငံရေးနှင့် သံတမန်ရေးလုပ်ငန်းစဉ်ကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း လက်ဘနွန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အင်မရန်ရီဇာက ထပ်လောင်းပြောကြားသည်။ ကျန်းမာရေးဝန်ထမ်းများ တိုက်ခိုက်ခံရမှုကြောင့် လက်ဘနွန်နိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ နှောင့်နှေးခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

အစ္စရေးတပ်မတော်သည် စက်တင်ဘာ ၂၃ ရက်မှ စတင်၍ လက်ဘနွန်နိုင်ငံ တစ်ဝန်းရှိ ဟစ်ဇ်ဘိုလာ ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ယခုနှစ် စာပေနိုဘယ်ဆုကို တောင်ကိုရီးယားစာရေးဆရာမ ဟန်ကန် ရရှိ

**ဆိုးလ် အောက်တိုဘာ ၁၀**

ဆွီဒင်အကယ်ဒမီသည် တောင်ကိုရီးယားစာရေးဆရာမ ဟန်ကန်ကို ယခုနှစ် စာပေနိုဘယ်ဆုရှင်အဖြစ် ရွေးချယ်ခဲ့ကြောင်း သိရသည်။

အာရှနွယ်ဖွား အမျိုးသမီးတစ်ဦးကို စာပေလောက၏ ထိပ်တန်းဂုဏ်ပြုမှုများ ပေးအပ်ချီးမြှင့်ခြင်းမှာ ပထမဆုံးအကြိမ် ဖြစ်သည်။

ဟန်ကန်ကို ၁၉၇၀ ပြည့်နှစ်တွင် မွေးဖွားခဲ့ပြီး သူ၏ဖခင်သည် ကျော်ကြားသော ဝတ္ထုရေးဆရာ ဖြစ်သောကြောင့် စာပေမျိုးရိုးမှ ဆင်းသက်လာသူတစ်ဦး ဖြစ်ကြောင်း သိရသည်။

ဆွီဒင်အကယ်ဒမီသည် သူမ၏ နိုင်ငံတကာအောင်မြင်မှုများ ရရှိပြီးဖြစ်သည့် “The Vegetarian” စာအုပ်ကဲ့သို့သော စာပေလက်ရာများကို မီးမောင်းထိုးပြခဲ့သည်။

The Vegetarian (သက်သတ်လွတ်စားသူတစ်ဦး) စာအုပ်ကို ၂၀၀၇ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။ အသားစားခြင်းကို ရှောင်ကြဉ်ခြင်းသည် မိသားစုဝင်များ အပါအဝင် မိတ်ဆွေအပေါင်းအသင်းများနှင့် ကွဲပြားခြားနားသွားသည့်အတွက် အစားအစာ စားသောက်မှုပုံစံတွင် အခက်အခဲအများအပြားနှင့် ရင်ဆိုင်ခဲ့ရသော အမျိုးသမီးတစ်ဦး၏ ဇာတ်လမ်းကို ရေးသားထားသည်။

**ပြောကြား**

ထို့ပြင် ဆွီဒင်အကယ်ဒမီသည် စာရေးဆရာမ ဟန်ကန်၏ ၂၀၁၆ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည့် “The White Book (ဝမ်းနည်းကြေကွဲမှုကို စုစမ်းရှာဖွေခြင်း)” စာအုပ်ကိုလည်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

ဟန်ကန်၏ စာရေးသားမှုပုံစံသည် ခေတ်ပြိုင်စကားပြေလောကတွင် ကဗျာဆန်ပြီး ဆန်းသစ်မှုအသွင်ဆောင်လျက်ရှိသည်ဟု ဆွီဒင်အကယ်ဒမီက ပြောကြားသည်။



စာပေနိုဘယ်ဆုအဖြစ် အမေရိကန်ဒေါ်လာ တစ်သန်းကျော် ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ယခုနှစ် ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်ကို အောက်တိုဘာ ၁၁ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် ရွှေသောင်ယံမြို့နယ် မကျီးဇင်ကျေးရွာ၌ တရားမဝင် စက်သုံးဆီ ပီပါ ၄၀၊ စားသောက်ကုန်ပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၄၉၈၃၇၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၄၉၄၇၁)ကို လည်းကောင်း၊ ရွာသာကြီး Dry Port ၌ သာမည်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၈၀၆၄၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၇၁၂၈၄၈၁)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အောက်တိုဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၈၃၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၁၂)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Toyota Voxy ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀)ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ်၌ တရားမဝင် အခြားသစ် ၃ ဒသမ ၃၈၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၆၄၈၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၉၃၃၉၂)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် ၁၁၃ လမ်းဆုံ၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လက်ဝတ်



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

ရတနာပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၉၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toyota Dyna Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်း ၂၅ မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၀၄၁၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၅၆၁၁၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၄၃၇၇၉၈၃)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မုံရွာထောင်တွင် ဖမ်းဆီးအကျဉ်းကျခံနေရသော CDM ဝန်ထမ်းများကို ထောင်အာဏာပိုင်များက စစ်ကောင်စီလက်အောက်တွင် တာဝန်ပြန်ထမ်းဆောင်ရန် အကျဉ်းဦးစီးဌာနက ဖိအားပေးစည်းရုံးနေဟု ခေတ်သစ်သတင်းဌာနက သတင်းတု၊ သတင်းမှား ရေးသားဖော်ပြ

**နေပြည်တော် အောက်တိုဘာ ၁၀**

Khit Thit Media အမည်ရှိ Facebook Page တွင် အောက်တိုဘာ ၆ ရက်က မုံရွာထောင်တွင် ဖမ်းဆီးအကျဉ်းကျခံနေရသော CDM ဝန်ထမ်းများကို ထောင်အာဏာပိုင်များက စစ်ကောင်စီလက်အောက်တွင် တာဝန်ပြန်ထမ်းဆောင်ရန် အကျဉ်းဦးစီးဌာနက ဖိအားပေးစည်းရုံးနေခေါင်းစဉ်ဖြင့် သတင်းတု၊ သတင်းမှား ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

ဖြစ်စဉ်အားစိစစ်ရာတွင် မုံရွာအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကိုချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား အကျဉ်းသူများသာရှိပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသား အကျဉ်းသူများထဲတွင် CDM ပြုလုပ်ထား၍ ပြစ်ဒဏ်ကျခံနေရသည့် ဝန်ထမ်းများအား Non CDM ပြုလုပ်ရန် ခြိမ်းခြောက်၍ လက်မှတ်ထိုးခိုင်းသည်ဆိုသည်မှာ မှန်ကန်မှုမရှိသည့်အပြင် ထောင်တာဝန်ခံအရာရှိသည် ၎င်းကိုယ်တိုင်ရေးသားထားသည့် CDM အမည်စာရင်းမှ ပယ်ဖျက်ခွင့်ပေးရန် အသနားခံစာကို CDM ပြုလုပ်ပြီး ပြစ်ဒဏ်ကျခံနေသော အကျဉ်းသားများအား ၎င်းရုံးခန်းတွင် လက်မှတ်ထိုးခိုင်းသည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

ထို့ပြင် အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေသည့် မည်သည့်အကျဉ်းသားကိုမဆို ၎င်းတို့ကျူးလွန်ခဲ့သည့် ပြစ်မှုများနှင့် ပတ်သက်၍ ထောင်တာဝန်ခံအရာရှိအနေဖြင့် ရုံးခန်း၌ခေါ်ဆောင်၍ ဖိအားပေးခြိမ်းခြောက်လက်မှတ်ထိုးခိုင်းခြင်းမျိုးမရှိဘဲ အကျဉ်းထောင်ဥပဒေ စည်းမျဉ်း၊ စည်းကမ်းအတိုင်းသာ နေထိုင်ရန် တိုက်တွန်းခဲ့ခြင်းသာရှိကြောင်း သိရသည်။

ထို့ကြောင့် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းနှင့် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် သတင်းတု၊ သတင်းမှား ဖော်ပြခြင်းသာဖြစ်သည်။

**သစ္စာ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၁၀-၂၀၂၄ သောကြာနေ့

**MRTV HD**

- ၀၆:၀၀ အနန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့"
- ၀၉:၁၅ (၂၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲကြီး ငွေရတုတိုင်ခဲ့ပြီ
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- ၁၀:၄၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **"လျှို့ဝှက်အချစ်ရဲ့ဂုဏ်တားကွက်"** (အပိုင်း-၁၇)
- ၁၃:၀၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **"ယုံကြည်ရာလမ်း"** (အပိုင်း-၁၀)
- ၁၄:၅၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးပြိုင်ပွဲ အကဲဖြတ်လုပ်ငန်း အဖွဲ့စကားဝိုင်း ဆွေးနွေးပွဲအစီအစဉ်
- ၁၅:၂၀ (၆၁)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၀၅ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းတေး
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **"လျှို့ဝှက်အချစ်ရဲ့ဂုဏ်တားကွက်"** (အပိုင်း-၁၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ "ကူညီကမ်းဆက်ဂီတလက်ဖြင့်..." ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး ရန်ပုံငွေတေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်

**mitv**

- 07:01 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:10 Making a Living as Horticulturist
- 07:26 Smart Village in Hopong: Kyauk Tan
- 07:35 Swiftlet BirdS (Aerodramus Fuciphagus) (Part-II)
- 08:01 News
- 08:26 Asia Updates; Haven for Water Birds
- 08:32 Tour Around in Myeik Archipelago (Epi-2) Done Waterfall and Thayawthadangyi Island
- 08:49 People's Military Service Law 1
- 09:01 Listening Pleasure, Instrumental Music (Banjo) Ohnt Pone Chit
- 09:09 Exploring Migratory Birds at Moe Yun Gyi Sanctuary
- 09:51 Tray Art Products
- 10:01 News
- 09:26 Lifestyle & Entertainment (Weekly Updates)
- 10:35 Commercial Farming to GDP Growth, Jasmine Grower
- 10:52 Census Enumeration for National Progress

**MRTV NRC**

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
"ဝ" ဘာသာစကားပြောကြရအောင် (အသီးအရွက်ဆိုင်ရာဝေါဟာရများ)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၃)

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ရှုမြင်ခံစားအလှတရားများ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
တွဲလက်ညီညီခရီးဆက်မည်(အပိုင်း-၃)(ဇာတ်လမ်း)

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
တွဲလက်ညီညီခရီးဆက်မည်(အပိုင်း-၁)(ဇာတ်လမ်း)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
တွဲလက်ညီညီခရီးဆက်မည်(အပိုင်း-၂)(ဇာတ်လမ်း)

**ချင်း (ချိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ချင်းတောင်တန်းက နွားနောက်များအကြောင်း

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
"ကူညီကမ်းဆက်ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
"ကူညီကမ်းဆက်ဂီတလက်ဖြင့်" ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ပညာရပ်များစွာထည့်ပူးလေ့လာ MRTV ကျောင်းတော်မဟာ (အပိုင်း-၅)(ဇာတ်လမ်း)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ၍မြေကမ္ဘာ
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**ထိုင်းနိုင်ငံ**)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **"ငပ့ငပ့ငွေးချယ်မှု"**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (**ဗီယက်နမ်နိုင်ငံ**)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (**ကိုရီးယားနိုင်ငံ**) (အပိုင်း-၂)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၃)
- ၁၈:၀၀ Economic Review "On Line ကဈေးဝယ်ရာတွင် ဆင်ခြင်သင့်သည့်အချက်များ"

**MRTV FARMERS' / HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စိမ်းလန်းသောဝန်းကျင်နှင့် စားရေရိက္ခာ ဖူလုံဖို့ သီးနှံသစ်တောရောနှောစိုက်ပျိုးစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Gardeners' World 2023 Eps 2
- ၁၉:၀၀ Weekly Views Update
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

**MRTV SPORTS / HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၀၇:၄၀ Socer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၂၀ ၂၀၂၄ခုနှစ်၊ (၆၁)ကြိမ်မြောက်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် အောက်တိုဘာ ၁၀**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် သံဃာတော်တစ်ပါးသည် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြီးအား တိုက်မိခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖာပွန်မြို့နယ် ကျွန်းတောကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော် ဘဒ္ဒန္တတေစနိယသည် အောက်တိုဘာ ၉ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရေပူကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ရာ ရေပူကျေးရွာ၏ အနောက်ဘက် မီတာ ၄၅၀ ခန့်အကွာသို့ အရောက် အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းကြီးအား တိုက်မိ၍ ပေါက်ကွဲမှု ဖြစ်ပွားပြီး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဆရာတော်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကမမောင်းမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် အများပြည်သူ ဆက်သွယ်အသုံးပြုလျက်ရှိသည့် လမ်းကြောင်းများတွင် ယခုကဲ့သို့ မိုင်းထောင်မှုများကြောင့် ခရီးသွားလာရေးတွင် အခက်အခဲများ ဖြစ်ပေါ်စေသဖြင့် ယင်းလုပ်ရပ်များကို ဒေသခံပြည်သူများက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဖာပွန်မြို့နယ် ရေပူကျေးရွာ အနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိမှုမှတ်တမ်းဓာတ်ပုံ။




ဖာပွန်မြို့နယ် ရေပူကျေးရွာ အနီး၌ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရလက်လုပ်တိုက်မိုင်းတစ်လုံးအား တိုက်မိပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့သည့်နေရာပြပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@yimyint123” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် စိန်ပန်းရပ်ကွက်နေ ရီမြင့်အား မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် အမှတ် (၇) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် တနသ်ာရီမြို့ ချောင်းငယ်ရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်လမ်းဆုံတွင် ဝေယံထက်(ခ) နောင်ပြဲ မောင်းနှင်လာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၀၀ ကိုလည်းကောင်း၊ ထို့ပြင် အောက်တိုဘာ ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် တံတိုင်းရှည်ကျေးရွာအုပ်စု မြောက်တံတိုင်းရှည်ကျေးရွာနေ သူရမင်း(ခ) မင်းမင်း၏နေအိမ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၉၅၀ ကို လည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်းနေ မကြူကြူလှိုင် (ခ) ဖားကြီး၏ နေအိမ်ကို သတင်းအရရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၀၀၊ အိုက်စ်သုည ဒသမ ဝ၂ ကီလိုကိုလည်းကောင်း။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအနီးတွင် အိုက်အော့(ခ) စိုင်းအွတ် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း (က) ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာအနီးတွင် ကျဒိန်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ညောင်လေးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ယာယီနေရပ်စွန့်ခွာသူ ၁၀၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ PDF အမည်ခံ အကြမ်းဖက် သမားများသည် ဒေသခံပြည်သူများ အသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများ ဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိပြီး ယာယီ နေရပ်စွန့်ခွာသူများကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင် လွဲမှားစေမည့် သတင်းတု၊ သတင်းမှားများနှင့် အကြမ်းဖက် သမားများ၏ အကြမ်းဖက် လုပ်ရပ်များကို ဖုံးကွယ် ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဟုမ္မလင်းမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ဟုမ္မလင်း အောက်တိုဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၃/၂၀၂၄-၂၀၂၅) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီက ဟုမ္မလင်းမြို့နယ် ကက်သာစံပြကျေးရွာ ဇီဝမာရ်ပြေ ဘုန်းတော်ကြီးကျောင်း သမဏ သုခကာရီ ဆွမ်းစားကျောင်းတွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဦးလှဆိုင်းက အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းသားသင်တန်းသူ ၂၀ အား ဟုမ္မလင်းမြို့နယ် လူမှုဝန်ထမ်းရုံးမှ ဦးစီးအရာရှိ ဦးလှဆိုင်းနှင့် တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။



အဆိုပါသင်တန်းကို စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၉ ရက်ထိ သင်တန်းနည်းပြ ဆရာ ဆရာမများက ချိတ်ထဘီချုပ်နည်း၊ အင်္ကျီချုပ်တိုင်းနည်း၊ အခြေခံစက်ချုပ်ရိုး ၁၂ မျိုးတို့ကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသားသင်တန်းသူများ၏ လက်ရာများကို တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှု

ရွှေတောင် အောက်တိုဘာ ၁၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၉ ရက် မွန်းလွဲပိုင်းက ရွှေတောင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုအားပေးသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် မဲတောကျေးရွာအုပ်စု၌ တောင်သူ ဦးစိုးအောင်၏ ဗီယက်နမ်မျိုး မိုးစပါးရိတ်သိမ်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ တစ်နှစ်နှစ်သီး စိုက်ပျိုးနေရာမှ သီးထပ်စွမ်းအား တိုးတက်စေရေး တစ်နှစ်သုံးသီး စိုက်ပျိုးရန် လိုအပ်သည့် စိုက်ပျိုးရေရရှိရေး၊ နွေနှမ်းအား ဘောင်ကြီးတင်စနစ်စိုက်ပျိုးနိုင်ရေး၊ အစေ့ထုတ်ပြောင်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။





အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် တစ်ကေလျှင် ၁၆၃ တင်း ထွက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာအုပ်စု၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် ဝါးလည်ကျေးရွာရှိ "ဆရာကြီးသခင်ကိုယ်တော်မှိုင်း"စာကြည့်တိုက်သို့သွားရောက်၍ ကျောင်းသားလူငယ်များ စာကြည့်တိုက်အတွင်း စာပေဖတ်ရှုနေမှုကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ သုတ၊ ရသ စာအုပ်များနှင့် ယဉ်ကျေးလိမ္မာအသိပညာပေး စာအုပ်၊ စာစောင်များ ထောက်ပံ့လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်ရှိ ဦးဝိုင်းတင်(ရွှေနဂါး) အထည်စက်ရုံမှ အိပ်ရာခင်းထုတ်လုပ်နေမှုနှင့် ဦးရွှေသန်းဌေး(ကျားအထည်စက်ရုံ)မှ မုန်ဇာ၊ ပတ်တီးလိပ်နှင့် အနီးပိတ်များ ထုတ်လုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ခရိုင်မှ ထွက်ရှိသည့် ဝါများကို တိုက်ရိုက်ရောင်းချခြင်းမပြုဘဲ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို ချည်ငင်ခြင်းမှစ၍ ရက်လုပ်ခြင်း၊ ဆေးဆိုးခြင်း၊ ပေါင်းခံခြင်း စသည့် စျေးကွက်ဝင်ကုန်ချောပစ္စည်းအဆင့်အထိ ထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေး ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်ရှိ ရှမ်းစာပေ ယာယီတိုက်ပွဲရှောင်စခန်းမှ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏မူလနေရပ်သို့ ပြောင်းရွှေ့

နေပြည်တော် အောက်တိုဘာ ၁၀

ကချင်ပြည်နယ် ဗန်းမော်မြို့ ဟန်းတဲရပ်ကွက်ရှိ ရှမ်းစာပေ ယာယီတိုက်ပွဲရှောင်စခန်းတွင် နေထိုင်သူများအနက် အိမ်ထောင်စု ၁၁ စုသည် ၎င်းတို့၏ အစီအစဉ်ဖြင့် မူလနေရပ်ဒေသအသီးသီးသို့ အောက်တိုဘာ ၃ ရက်တွင် ပြောင်းရွှေ့ထွက်ခွာသွားကြောင်း သိရသည်။ ပါဌန်



## ကျောက်ဆည်မြို့၌ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာများ သင်ကြားပေးလျက်ရှိ

ကျောက်ဆည် အောက်တိုဘာ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ဇီဝနည်းပညာသုတေသနဦးစီးဌာနတို့ ပူးပေါင်း၍ တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ရာတွင် ပြည်သူများ လက်ခံသုံးစွဲနိုင်သည့် အနံ့အရသာရှိပြီး ဆေးဖက်ဝင်အစားအစာများ ပေါ်ထွက်လာစေရန် ဇီဝနည်းပညာ သုတေသနဦးစီးဌာန၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာများ စာတွေ့လက်တွေ့ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းတွင် ကျန်းမာရေးအကျိုးပြုရဲယိုသီးဖျော်ရည်၊ ရှားစောင်းလက်ပပ်ဖျော်ရည်နှင့်ဒိန်ချဉ်အမှုန့် ပြုလုပ်ခြင်းများ သင်ကြားလျက်ရှိသည်။

အဆိုပါသင်တန်းသို့ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၅၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၁၂ |
| 95 Ron | ၃၀၄၁ | ၃၁၂၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၀၇၃ | ၃၁၆၆ |
| HSD (10 ppm) | ၃၀၇၃ | ၃၁၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ငဖဲမြို့နယ်၌ မိုးနှောင်းချည်မျှင်ရှည်ဝါ ၂၀၆၉ ကေ စိုက်ပျိုးပြီးစီး

ငဖဲ အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများနှင့်ပူးပေါင်း၍ ၂၀၂၄ ခုနှစ် မိုးနှောင်းချည်မျှင်ရှည်ဝါကေ ၃၅၅၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ၂၀၆၉ ကေ စိုက်ပျိုးပြီးစီးနေပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ်၌ ဝါသီးနှံစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ချည်မျှင်ရှည်ဝါ ရွှေတောင်-၈၊ ရွှေတောင်-၁၀၊ ငွေချည်-၉ နှင့် ငွေချည် -၁၁ ဝါမျိုးများကို ပင်ဦး၊ ချောင်းဖြူ၊ အိုးမြေတွင်း၊ ဇီးတော၊ ပေါင်းကလေး၊ ပန်းထိန်း၊ ဆင်ချည်တိုင်၊ ပဒါန်းနှင့် သာယာကုန်းကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြပြီး မျိုးကွဲအလိုက် စိုက်ကေမှာ ရွှေတောင်-၈ ကေ ၅၀၀၊ ရွှေတောင်-၁၀ ကေ ၅၉၀၊ ငွေချည်-၉ ၁၂၅ ကေ၊ ငွေချည်-၁၁ ၈၄၉ ကေနှင့် B31 ငါးကေ စုစုပေါင်း ၂၀၆၉ ကေ စိုက်ပျိုးပြီးစီးပြီး ယခင် ၂၀၂၃ ခုနှစ် မိုးရာသီဝါသီးနှံကို ၂၀၂၃ ကေ စိုက်ပျိုးခဲ့ရာ တစ်ကေအထွက်နှုန်း ၅၄၀ ဒသမ ၇၄ ပိသာထွက်ရှိကြောင်း သိရသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဝါသီးနှံတိုးချဲ့စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအား ဝါမျိုးစေ့နှင့် သွင်းအားစုပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ဝါသီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ သွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ ပိုးသတ်ဆေးများစနစ်တကျသုံးစွဲရေးနှင့် သတ်မှတ်အထွက်နှုန်းပြည့်မီစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူနည်းပညာပေးသင်တန်းများပို့ချခြင်း၊ ကျေးရွာအရောက် ပညာပေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**ပြည့်ဝဆီများကို**
**တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ**
**စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# သရက်မြို့၌ တောင်သူများအား သွင်းအားစု ကွန်ပေါင်းဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်

သရက် အောက်တိုဘာ ၁၀

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဝါသီးနှံတိုးချဲ့ရေး စီမံကိန်းအရ ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးသော တောင်သူများအား သွင်းအားစုကွန်ပေါင်းဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား ကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အဆိုပါအခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ အဖွဲ့ဝင်(၂) ဦးကြည်ဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူ များက ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးသော တောင်သူများအား သွင်းအားစု ကွန်ပေါင်းဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ထက်(သရက်)



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဝိုင်းမော်မြို့နယ်ရှိ မွေးမြူရေးခြံအတွက် အထောက်အကူပြုဆေးဝါးများနှင့် တိရစ္ဆာန်ရေစာအိတ်များ ထောက်ပံ့

မြစ်ကြီးနား အောက်တိုဘာ ၁၀

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီခွဲတွင် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာ အုပ်စုအတွင်းရှိ တောင်သူ ဦးဟောင်းခေါင်၏ ဘက်စုံမွေးမြူ ရေးခြံ ၁၂ ဧကအတွင်း ဒေသဝက်များ မွေးမြူထားရှိမှုကို ကြည့်ရှု စစ်ဆေးကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်က ဦးဟောင်းခေါင်၏ ခြံ၌ မြစ်ရေမြင့်တက်မှုကြောင့် မွေးမြူ ရေးလုပ်ငန်းတွင် အခက်အခဲ ဖြစ်ပေါ်ခဲ့သဖြင့် ယခုလို လာရောက် ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး နည်းစနစ်ကျမွေးမြူ ရေးအတွက် လိုအပ်သည့် ကူညီ ထောက်ပံ့မှုများ ဆောင်ရွက်ပေး နိုင်ရေး ဌာနဆိုင်ရာများ၊ တာဝန် ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီး ချုပ်နှင့် တာဝန်ရှိသူများက ခြံဝင်း အတွင်း မွေးမြူထားသည့် ဝက်၊ နွား၊ ဆိတ်နှင့် ငါးများအတွက် ငါးအစာတောင့်အိတ်များ၊ ဝက်ယယ် အစာအိတ်များ၊ မွေးမြူရေး အထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်း ပိုးသတ်ဆေးများနှင့် တိရစ္ဆာန် အာဟာရဖြည့်စွက် အစားအစာများကို ထောက်ပံ့ပေး အပ်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့် တာဝန်ရှိသူများသည် ခြံဝင်း အတွင်း ဒေသနွားများနှင့် ဒေသ ဆိတ်များ မွေးမြူထားရှိမှု အခြေ အနေများနှင့် မြေဧရိယာ၏ ခုနစ် ဧကခန့်အတွင်းရှိ ရေကန်တွင် ငါးများ မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မွေးမြူရေးအပြင် ခြံဝင်းအတွင်း အသီးအနှံများ စိုက်ပျိုးဆောင်ရွက် နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူ များနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်း တမံစုစုပေါင်း ၁၂ ခုရှိရာ ယနေ့တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၈၅ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှု အခြေအနေမှာ ယခင်နေ့ထက် သုည ဒသမ ၀၂ ပေ လျော့နည်းခြင်း ဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ် အထက်တွင် HED ရေတံခါး လေးချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန် လျက်ရှိပြီး တာဝန်ကျ ဝန်ထမ်းများကို (၂၄)နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရ သည်။

သတင်းစဉ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၁၀-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၀.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၃၀၄၂၇ | ၆၂၇.၂၄ | ၅၆၅၈၃၂ | ၁၃၈၇၈ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၈၅ | ၁၆၆၄၂ | ၀.၄၀ | ၆၂၇.၂၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၉၄ | ၆၂၅.၇၀ | ၂၆၉၈၇ | - | ၉.၃၀ | ၉၅၁၃ | - | - | ၀.၂၀ | ၆၂၅.၅၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၆၁ | ၅၁၉.၁၀ | ၈၉၃၁၃ | ၃၂၀ | ၀.၉၀ | ၂၄၅၇ | - | - | ၀.၉၅ | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၅၅ | ၁၀၄၇၈ | ၇ | ၂.၄၅ | ၁၇၇၉ | - | - | - | ၅၀၉.၆၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၅၂ | ၄၃၈.၇၆ | ၇၂၂၈၀ | ၃၁၅ | ၀.၂၄ | ၇၂၀ | - | - | - | ၄၃၈.၈၀ |
| ၆ | လိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၄ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၃၂ | ၇၇၆၉ | ၈ | ၁.၆၈ | ၉၄၉ | - | - | - | ၄၁၆.၃၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၃ | ၇၀၃.၆၀ | ၁၀၇၉၇၃ | - | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၁၅ | ၁၀၅၀၆ | ၇၂ | ၅.၈၅ | ၄၀၉၄ | - | - | - | ၈၆၄.၃၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄)ချပ် ထောင်ထားပါသည်။

# မြင့်မားသည့် ပညာရေးဖြင့်သာ နိုင်ငံဖွံ့ဖြိုးသာယာအောင် စွမ်းဆောင်နိုင်မှာပါ

**ဒေါက်တာမောင်သင်း**

> “ပညာရေးသည် နိမ့်ကျ၍မရ၊ မြင့်ကိုမြင့်မားမှသာ ဖြစ်ပေမည်။ မြင့်မားသည့် ပညာရေး၏ ကျောင်းစာသင်ခန်းများတွင် အထက်ပါ တန်ဖိုးမြင့်လူသား၏ အရည်အသွေးများ တောက်ပလာအောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်ပေးနေရပါမည်။ တကယ်တော့ မည်သည့်လူသားကလေးငယ်မျှ မွေးကတည်းက လူ့အဖွဲ့အစည်းပျက်သုဉ်းရန်၊ တိုင်းဖျက် ပြည်ဆူရန်၊ တိုင်းကျိုး ပြည်ကျိုး သယ်ပိုးရန်ဟူ၍ မွေးဖွားလာခြင်းမဟုတ်ပါ။ သို့သော် ကြီးပြင်းလာသည့် ဘဝတစ်လျှောက်တွင် လေ့ကျင့်ခံရသည့်၊ ရရှိသည့်ပညာရေးကွာခြား၍ လူ့အရည်အသွေး အနိမ့်အမြင့် ဖြစ်ပေါ်လာ”

(ယမန်နေ့မှအဆက်)

**နိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲမှုက အနှစ်ပါ၊ ဝါဒက အကာအဆင့်သာ**

အထက်ပါ **“နိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲမှုကအနှစ်၊ ဘယ်ဝါဒမဆိုအကာ”** ဟူသည့် အချက်ကို **“ငါနိုင်ငံရေးသမား”** ဆိုသူတိုင်းနှင့် နိုင်ငံသားအားလုံး မဖြစ်မနေ သိထားခံယူထားရန် လိုသည်။ မသိလျှင် အဆိုပါခံယူချက်ကင်းသူသည် နိုင်ငံရေးသမားမဟုတ်။ မသိလျှင် နိုင်ငံသားတိုင်း သိအောင် ပညာရေးက မဖြစ်မနေသင်ကြားပေးရမည်။ ခေတ်သစ်သမိုင်းတွင် တိုက်ယူ၍ရသော လွတ်လပ်ရေးမဟုတ်၍ လွတ်လပ်ရေးအစစ်မဟုတ် ဟုဆိုကာ မြန်မာ့လွတ်လပ်ရေးကို အသိအမှတ်မပြုဘဲ ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားခဲ့ကြခြင်း ဖြစ်ပေသည်။

၁၉၅၅ ခုနှစ်တွင် ရုရှားနိုင်ငံ ခေါင်းဆောင်များဖြစ်ကြသည့် ဘူဂါနင်နှင့် ကရူးရှက်တို့ မြန်မာပြည်လာလည်သောအခါမှပင် **“တို့နိုင်ငံက ကွန်မြူနစ်တွေကသာ အသိအမှတ်မပြုတာ၊ ကမ္ဘာ့ ကွန်မြူနစ်ကြီးကတော့ အသိအမှတ်ပြုလို့ လာလည်သွားပြီ”** ဟု ဝန်ကြီးချုပ် ဦးနုက မှတ်ချက်ပြုခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက ပြည်တွင်းငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးစဉ်ကလည်း ဗမာပြည်ကွန်မြူနစ်ပါတီက **“နိုင်ငံကို ကွန်မြူနစ်ဝါဒ”** ဖြင့်သာ သွားလိုကြောင်း တင်းခံနေ၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ခဲ့ကြသည်။

လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်က အတူလက်တွဲခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေပြင်ပမှ နိုင်ငံ့အချုပ်အခြာအာဏာ ယိုင်နဲ့အောင် အချင်းချင်း တိုက်ခိုက်နေကြသည်။ ကွန်မြူနစ်ဝါဒကောင်းကြောင်း၊ **“လက်ဝဲဝါဒ လွှမ်းမိုးလျှင် အမှန်အကျိုးများမည်”** ဟု ယုံကြည်၍ ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ကြီးများဖြစ်ကြသည့် သခင်စိုး၊ သခင်သန်းထွန်း၊ ဗိုလ်ဇေယျ၊ သခင်ဇင်၊ သခင်ချစ် စသူတို့သည် လူတော်ကြီးများ ဖြစ်ကြသည်။ ဂျပန်ကို တော်လှန်ရန် စတင်ဦးဆောင်သူမှာ သခင်စိုးဖြစ်သည်။ သခင်စိုးနှင့် သခင်သန်းထွန်းတို့မှာ မြန်မာ့သမိုင်းတွင် ကွန်မြူနစ်ဝါဒကို အလွန်ကျွမ်းကျင်ကြသူများ၊ ကျေညက်သူများဖြစ်ကြသည်။ ကွန်မြူနစ်နိုင်ငံ ထူထောင်၍ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေလိုသည်။ နိုင်ငံနှင့် လူ့အဖွဲ့အစည်းအပေါ် စေတနာအလွန်ကြီးမားကြသည်။ သို့သော် ကွန်မြူနစ်ဝါဒဖြင့် နိုင်ငံထူထောင်ခွင့်မရသောအခါ နိုင်ငံ့အချုပ်အခြာအာဏာကို ယိုင်နဲ့သွားအောင်၊ ပြည်သူတွေ မငြိမ်းချမ်းအောင် လက်နက်စွဲကိုင်တော်လှန်ပုန်ကန်ကြတော့သည်။ ဝါဒအထက်က ဘာမှမရှိ၊ ဝါဒသည်သာ ကိုးကွယ်ရာဟု ထင်လာကြသည်။

သူတို့မေ့နေကြသည့်အချက်မှာ **“ဝါဒကြောင့် နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးကို မထိခိုက်ရ၊ ပြည်သူမနစ်နာရ၊ ပြည်သူပျက်စီးရန်မဟုတ်၊ ဝါဒသည် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်သူနှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့သာဖြစ်စေရမည်”** ဆိုသည့် အချက်ပင်ဖြစ်ပါသည်။ တစ်ချိန်က နိုင်ငံတော်အတွက် ထိပ်တန်းမှ အားကိုးရလောက်အောင် တော်ကြသူများ၊ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များ ဖြစ်ကြသော်ငြားလည်း ဗမာပြည်ကွန်မြူနစ်တို့ရဲ့ စကားအရ **“ဝါဒမှိုင်းအဆိပ်သင့်”** ကာ နိုင်ငံနှင့် ပြည်သူကို ဖျက်ဆီးသည့် **“လျော်သူ”** များ ဖြစ်သွားကြပြီးလျှင် **“မြန်မာ့သမိုင်းစာမျက်နှာတွင် အမည်းစက်ရေးထိုးသူများ”** အဖြစ် မှတ်တမ်းတင်ခြင်းကို ခံကြရသည်။

တော်သော်လည်း ဝါဒမှိုင်းမိလျှင် တိုင်းဖျက်ပြည်ဆူဘဝရောက်နိုင်ကြောင်း သမိုင်းသင်ခန်းစာထားခဲ့ပေသည်။ လွတ်လပ်ရေးရပြီးကာလတွင် ရောင်စုံသူပုန်ထရခြင်းမှာ လက်ဝဲစာပေ တစ်ဖက်စောင်းနင်းထုတ်ဝေမှုကြောင့် ပြည်သူများ စာပေအဆိပ်သင့်၍ ဖြစ်ပေါ်လာရသည့် နိုင်ငံရေးကျိန်စာဟု ပညာရှင်တချို့က ရှုမြင်သုံးသပ်ကြသည်။

**ဒီမိုကရေစီတံခါး မြန်မာပြည်မှာဖွင့်တာ စောခဲ့လေရော့သလား**

ယနေ့ကမ္ဘာတစ်လွှားတွင် အထူးသဖြင့် အာဏာရှင်နိုင်ငံဟု စွပ်စွဲခံရ၍ **“အာရပ်နွေဦး ဒီမိုကရေစီလှုပ်ရှားမှု”** ဟူ၍ ပေါ်ပေါက်ခဲ့သည်။ ဒီမိုကရေစီကို အနောက်နိုင်ငံအတိုင်း ပုံတူကူးချ၍ မရပေ။ မိမိလူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှု၊ စီးပွားရေး ဖွံ့ဖြိုးမှုနှင့် လိုက်လျောညီထွေစွာ ကျင့်သုံးနိုင်ရပေမည်။ ကမ္ဘာ၏ ဘယ်နေရာရောက်ရောက် ယင်းကို လူ့အဖွဲ့အစည်းငြိမ်းချမ်းရန်၊ သာယာရန်၊ ဖွံ့ဖြိုးရန် အတွက်ပါ။ ဒီမိုကရေစီလူ့အခွင့်အရေး၊ လစ်ဘရယ် စသည်တို့သည် လူ့အဖွဲ့အစည်းကို ဖျက်ဆီးရန် လက်ကိုင်တုတ်မဟုတ်တာတော့ သေချာသည်။ တကယ်တမ်း **“အာရပ်နွေဦး ဒီမိုကရေစီလှုပ်ရှားမှု”** ရလဒ်သည် နိုင်ငံ၏ အချုပ်အခြာအာဏာပျက်သုဉ်းကာ မင်းမဲ့စရိုက်ဖြစ်လာသည်။ အုပ်ချုပ်ရေးအာဏာ ပျက်သုဉ်းလာသည်။ နှစ်ရှည်လများ တည်ဆောက်လာခဲ့သည့် အခြေခံအဆောက်အအုံများနှင့် အစားပြန်မရနိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များပါ အဆစ်ပါဝင်ခဲ့ပေသည်။

ဒီမိုကရေစီ၊ လစ်ဘရယ်နှင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်း အေးချမ်းမှု၊ အချုပ်အခြာတည်မြဲမှု ဘယ်အရာက ပိုအရေးကြီးပါသလဲ။ ဒီမိုကရေစီ၊ လစ်ဘရယ်တို့က နိုင်ငံတစ်နိုင်ငံ၏ မူလအခြေခံအနှစ်သာရများဖြစ်ကြသည့် လွတ်လပ်ရေး၊ နိုင်ငံ့နယ်နိမိတ် တည်တံ့ခိုင်မြဲရေး၊ နိုင်ငံ၏ အချုပ်အခြာအာဏာထက် ပိုအရေးကြီးသယောင် ယနေ့စာပေဝါဒဖြန့်သူများနှင့် မီဒီယာသမားများက အဆိပ်ကြဲဝါဒဖြန့်ဝေခဲ့သည်။ အာရပ်နွေဦးဒီမိုကရေစီ လှုပ်ရှားမှုများမှ အထူးသဖြင့် အီရတ်၊ လစ်ဗျားနိုင်ငံတို့တွင် ပြည်သူများလည်း ဒုက္ခရောက်၊ နိုင်ငံ့အချုပ်အခြာအာဏာကလည်း ထိရောက်မှုမရှိတော့သဖြင့် ပြည်သူများ ကျီးလန့်စာစားနေရသည်။ စာပေနှင့် မီဒီယာအဆိပ်ကြောင့် အာရပ်နိုင်ငံသားပြည်သူတို့ နိုင်ငံရေးကျိန်စာသင့်မှုဒဏ်ကို ခံနေရလေပြီ။ ကျွန်တော်တို့ မြန်မာနိုင်ငံသည်လည်း ထိုအဆိပ်မျိုး ခေတ်အဆက်ဆက် အကျွေးခံခဲ့ရသည်။ ကွန်မြူနစ်ဝါဒ မှေးမှိန်သွားပြီးနောက် ဒီမိုကရေစီ၊ လစ်ဘရယ်၊ လူ့အခွင့်အရေး၊ ကျားမတန်းတူစသည့် စကားလုံးတွေသုံး၍ အဆိပ်ကျွေးခံခဲ့ရသည်။

သို့သော် နိုင်ငံ၏ အချုပ်အခြာအာဏာတည်မြဲမှု ပြိုလဲစေရန် အဆိပ်ကျွေးနေကြောင်း ပြည်သူများကလည်း လုံးဝမရိပ်မိ၊ မသိခဲ့ကြပါ။ ကျွန်တော်တို့၏ ပညာရေးနိမ့်ခဲ့၍ ပြည်သူတို့ အသိဉာဏ်ဆင်းရဲခဲ့မှုကြောင့်ဖြစ်ပါသည်။ ဤသည်ကို အမျိုးသားကျောင်းအုပ်ဆရာကြီးဘဝမှ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် (ငြိမ်း) တက်လှမ်းသွားသူ မြန်မာ့သားကောင်း ဦးသန့်က **“ဒီမိုကရေစီ စနစ်အောင်မြင်ရန် နိုင်ငံသားများသည် အသိဉာဏ်ပညာနှင့် ပြည့်စုံရမည်၊ အသိဉာဏ်ပညာချို့တဲ့ပါက ဒီမိုကရေစီသည် ဗရုတ်သုတ်ခကိုသာ ဖြစ်ပေါ်စေလိမ့်မည်”**ဟုဆိုခဲ့ပါသည်။

**“ဒီမိုကရေစီစနစ်ကျင့်သုံးမှုတွင် ပညာရေး၏ အရေးပါမှု”** ကို နှစ်ပေါင်း ၈၀ ခန့်ကပင် ကြိုတင်ဟောကိန်းထုတ်ခဲ့ပေသည်။ ဦးသန့်၏ ဟောကိန်းအတိုင်း ယနေ့မြန်မာပြည်သူများ ဗရုတ်သုတ်ခ ဒီမိုကရေစီဒဏ်ကို ခံစားနေရပေပြီ။ ဤသို့ ဖြစ်ပေါ်ရခြင်းမှာ **“နိုင်ငံသားများ အသိဉာဏ်ပညာရည်မြင့်မားမှုအဆင်သင့်မဖြစ်သေးသည့် မြန်မာ့မြေပေါ်မှာ ဒီမိုကရေစီကို ကျင့်သုံးစေမှု”** ကြောင့်လားဟု တွေးမိပါသည်။ မြန်မာ့မြေမှာ **“ဒီမိုကရေစီ တံခါးဖွင့်တာ စောလွန်းလေသလား”** ဟု မေးစရာဖြစ်လာပါသည်။ အကြောင်းမဲ့တော့ မဟုတ်ပါ။ ယနေ့တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဖွံ့ဖြိုးမှုကိုကြည့်ပြီး အဆိုပါမေးခွန်း ပေါ်ထွက်လာရခြင်း ဖြစ်ပါသည်။

ထို့အတူ အာရပ်နွေဦး ဒီမိုကရေစီလှုပ်ရှားမှုကြောင့် အာရပ်ပြည်သူများ ဗရုတ်သုတ်ခ ဒီမိုကရေစီဒဏ်ခံနေရမှုများကလည်း သက်သေခံနေပါသည်။ သူတို့ပြည်သူများ၏အသိဉာဏ်ကလည်းနိမ့်နေသေးပါသည်။ တစ်နည်းအားဖြင့် အသိဉာဏ်ဆင်းရဲမှု၏ ရလဒ်ပါ။ ဒီမိုကရေစီကို ကျင့်သုံးလိုလျှင် ပထမခြေလှမ်းမှာ နိုင်ငံသားများ အသိဉာဏ်မြင့်မားလာအောင် ပညာရေးကိုမြှင့်တင်ပေးရပေမည်။ မြင့်မားသည့် ပညာရေးကသာ နိုင်ငံရေးကျိန်စာသင့်ပြီး နိုင်ငံနှင့် လူ့အဖွဲ့အစည်းပျက်စီးမှုကို ကာကွယ်နိုင်ပေလိမ့်မည်။ မြန်မာ့ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးပေလိမ့်မည်။

**ပညာရေးသည် နိုင်ငံ၏ အဓိက ကာကွယ်ရေးလုပ်ငန်းပါ**

**“တကယ်တော့ နိုင်ငံကာကွယ်ရေးတွင် လက်နက်ကိုင်တပ်ဖွဲ့များတွင် တာဝန်ရှိသလောက် ကျောင်းဆရာများမှာလည်း တာဝန်ရှိသည်။ ဤသည်မှာ ယဉ်ကျေးမှုမြင့်မားသော နိုင်ငံတို့၏ အစဉ်အလာဖြစ်ပေသည်”** တဲ့။ ပြောကြားခဲ့သူက ၂၀ ရာစု တွေးခေါ်ပညာရှင်ကြီး **“ဘာထရန် ရပ်ဆယ်”**ပါ။ ပညာရေးကိုရှေ့တန်းက အကောင်အထည်ဖော်နေသူများမှာ ကျောင်းဆရာများပါ။ မြန်မာ့ဆရာများသည် လူ့အဖွဲ့အစည်းဝင် တပည့်မျိုးဆက်များကို **“ဘေးရန်ဆီးကာ”** ဆိုသည့် မြင့်မြတ်တာဝန်ကို ထမ်းဆောင်ခဲ့တာ နှစ်ပေါင်းထောင်ချီကြာခဲ့ပါပြီ။ နိုင်ငံကာကွယ်ရေးဟု ဆိုလိုက်လျှင် လက်နက်ကိုင်ကာကွယ်ရေးကို သာမန်အားဖြင့် မြင်နေကြသည်။ **“လက်နက်ကိုင်၍ ကာကွယ်ခြင်း”**သည် ဒုတိယအဆင့်ကာကွယ်ရေး လုပ်ငန်းစဉ်ဟု ဆိုချင်ပါသည်။

ပထမကာကွယ်ရေးခံကတုတ် ကျိုးပေါက်ခဲ့၍သာ **“ဒုတိယကာကွယ်ရေးအဆင့်”** ဆီ ရောက်ရှိလာတာပါ။ ပထမခံကတုတ်က **“ပညာရေးရဲ့ကျောင်းများက စာသင်ခန်းတွေ”**ပါ။ အဆိုပါစာသင်ခန်းများမှာ ဖော်ဆောင်နေရမည့် ကာကွယ်ရေးလုပ်ငန်းများမှာ လူသားတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအား –

(က) အသိဉာဏ်ပညာဆင်းရဲမွဲတေမှုကင်းဝေးစေပြီး အသိဉာဏ်ပညာမြင့်မားအောင် သင်ကြားပေး၍ကာကွယ်ခြင်း၊
(ခ) လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်စေမည့် စိတ်ထားနိမ့်ကျမှုကို ပပျောက်စေပြီး လူ့အဖွဲ့အစည်းကောင်းကျိုးကို သယ်ပိုးသည့် မြင့်မြတ်စိတ်ထားများဖြစ်ထွန်းလာအောင် လေ့ကျင့်ပေး၍ကာကွယ်ခြင်း၊
(ဂ) အကျင့်စာရိတ္တ ချွတ်ခြုံကျမှုမှ ကင်းဝေး၍ စာရိတ္တမဏ္ဍိုင်ပြည့်ဝသည့် နိုင်ငံသားများ ဖြစ်လာအောင် လေ့ကျင့်ပေး၍ ကာကွယ်ခြင်း၊
(ဃ) မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့၊ ထုံးစံနှင့် ပျူငှာမှု စသည့်အမျိုးသားရေး “စံ” များ ပျက်သုဉ်းမှုမှ ကာကွယ်ထိန်းသိမ်းခြင်း၊
(င) အစွန်းရောက်မှုမြင့်မားခြင်းနှင့် တရားမျှတမှုကင်းမဲ့ခြင်းတို့ ပျောက်ကွယ်သွားအောင် သင်ကြားလေ့ကျင့်ပေး၍ ကာကွယ်ခြင်း၊

စသည်တို့ဖြစ်ပါသည်။

လူသားတိုင်းတွင် အထက်ပါအရည်အသွေးများ နိမ့်ကျမှုနှုန်း မြင့်မားလာလျှင် ဓမ္မနှင့် အဓမ္မ၊ ကောင်းမှု၊ ဆိုးမှု၊ တိုင်းဖျက်ပြည်ဆူလား၊ တိုင်းကျိုးပြည်ပြုလား ခွဲခြားနိုင်မှု ကင်းဝေးကာ ပြောသမျှယုံ၊ မှိုင်းတိုက်သမျှ အဟုတ်ထင်၍ လူ့အဖွဲ့အစည်းပျက်စီးရာကို လုပ်ဆောင်လာကြတော့သည်။

ပညာရေးသည် နိမ့်ကျ၍မရ၊ မြင့်ကိုမြင့်မားမှသာ ဖြစ်ပေမည်။ မြင့်မားသည့်ပညာရေး၏ ကျောင်းစာသင်ခန်းများတွင် အထက်ပါ တန်ဖိုးမြင့်လူသား၏ အရည်အသွေးများ တောက်ပလာအောင် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်ပေးနေရပါမည်။ တကယ်တော့ မည်သည့်လူသားကလေးငယ်မျှ မွေးကတည်းက လူ့အဖွဲ့အစည်းပျက်သုဉ်းရန်၊ တိုင်းဖျက် ပြည်ဆူရန်၊ တိုင်းကျိုး ပြည်ကျိုး သယ်ပိုးရန်ဟူ၍ မွေးဖွားလာခြင်းမဟုတ်ပါ။ သို့သော် ကြီးပြင်းလာသည့် ဘဝတစ်လျှောက်တွင် လေ့ကျင့်ခံရသည့်၊ ရရှိသည့်ပညာရေးကွာခြား၍ လူ့အရည်အသွေး အနိမ့်အမြင့် ဖြစ်ပေါ်လာပါသည်။

တကယ်တော့ **“ပညာရေးသည် လူသားတိုင်းကို လူ့အဖွဲ့အစည်းပျက်သုဉ်းစေမည့် ဗီဇဆိုး၊ ဗီဇညံ့များ ပပျောက်သွားစေပြီး လူ့အဖွဲ့အစည်းကောင်းကျိုးကိုသယ်ပိုးစေမည့် ဗီဇကောင်းများ ပေါ်ထွက်လာ၊ ထက်မြက်သည်ထက် ပိုထက်မြက်လာအောင် လေ့ကျင့်ပေးခြင်း”** ဖြစ်ပါသည်။ ပညာရေး၏ မူလအဓိပ္ပာယ်ကိုက Education (E = Out, Ducare = to lead, bring) ပါတဲ့။ လက်တင်စကားနှစ်လုံး(E+ ducare) ပေါင်းထားတာပါ။ **“လူသား၏ မွေးရာပါ အရည်အသွေးကောင်းများ၊ ဗီဇကောင်းများကို ပိုမိုထက်မြက်လာအောင်၊ ပေါ်လွင်လာအောင် ဆွဲထုတ်ခြင်း”** လုပ်ငန်းသည် ပညာရေးဟု အဓိပ္ပာယ်ရပါသည်။

**စာမျက်နှာ ၁၉ သို့ ❂**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၀

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဇေယျမင်္ဂလာကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၈ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဇေယျမင်္ဂလာကျောင်းတိုက်ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၁ ရက်မှ ၁၅ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအနည်းငယ်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇ ရက်မှ ၉ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန် မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ငါးပေမှ ခုနစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❂ စာမျက်နှာ ၁၈ မှ

ထိုအဓိပ္ပာယ်ကို ဖော်ဆောင်၍ နိုင်ငံသားကောင်းစစ်စစ်၊ လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လူသားဖြစ်ထွန်းရန် လေ့ကျင့်ပေးနိုင်ပြီဆိုလျှင် မြင့်မားသည့်ပညာရေးဟု ခေါ်ဆိုနိုင်သည်။

မြန်မာ့သမိုင်းတွင် နဂါးနီစာအုပ်အသင်း၏ တော်လှန်ရေးနှင့် လက်ဝဲဝါဒတစ်ခုတည်းသာ ကောင်း၏ဟု စာပေအဆိပ်သင့်ဒဏ်ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီသည် အချုပ်အခြာအာဏာကို ယိုင်နဲ့အောင်လုပ်ကာ တိုင်းပြည်ဖွံ့ဖြိုးမှုကို ရှေ့တန်းမှ နှောင့်ယှက်သည့်လုပ်ငန်းကိုလုပ်ရင်း ပြိုလဲသွားခဲ့သည်။ သူတို့လိုတော်သူများ ကောင်းခဲ့ပြီး နိုင်ငံတည်ဆောက်ရေးမှာ ပါဝင်လာခဲ့လျှင် နိုင်ငံသည် ငြိမ်းချမ်းဖွံ့ဖြိုးနိုင်၏။ ယခုလည်း ဒီမိုကရေစီ၊ လစ်ဘရယ် လူ့အခွင့်အရေးစကားလုံးများဖြင့် စာပေနှင့် မီဒီယာအဆိပ်သင့်ကာ **"နိုင်ငံ့အချုပ်အခြာအာဏာပျက်သုဉ်းအောင်"** ဆောင်ရွက်လာခဲ့သည်။ ဆောင်ရွက်နေကြဆဲဖြစ်ပေသည်။

မျက်မှောက်ကာလအခြေအနေသည် တိုင်းဖျက်ပြည်ဆူတို့ နည်းမျိုးစုံဖြင့်ခတ်သော "စာပေနှင့် မီဒီယာအဆိပ်သင့်သည့်ဒဏ်"ကို ပြည်သူများခံနေရခြင်းဖြစ်သည်ဟု မြင်မိပါသည်။ ပြည်သူများ **"ဤကဲ့သို့အဆိပ်ခတ်ခံရခြင်း"** ဟူသည်မှာ ဦးသန့်မိန့်ဆိုသကဲ့သို့ နိုင်ငံသားအများစုမှာ ပညာကိုယ်ခံအားနည်း၍ ဖြစ်ပါသည်။ ပြည်သူများ **"ကိုယ်ပိုင်ဆုံးဖြတ်နိုင်မှု ပညာကိုယ်ခံအားနိမ့်ကျနေ"**၍ ဖြစ်ပေသည်။ တစ်နည်းအားဖြင့် **"ဝေဖန်ပိုင်းခြားနိုင်မှု အားနည်းခြင်း၏ရလဒ်"** ဖြစ်ပေသည်။ ထိုသို့မဖြစ်ရန် ပညာရေးက မဖြစ်မနေ လေ့ကျင့်ပေးရပါလိမ့်မည်။

ဘရုခ် (Bruke) ဆိုသည့်ပညာရှင်ကလည်း **"နိုင်ငံကာကွယ်ရေး၏ အဓိက လုပ်ငန်းသည် ပညာရေးပါ"** တဲ့။ မြန်မာနိုင်ငံသားမည်သူမျှ စာပေ၊ မီဒီယာမှတစ်ဆင့် အဆိပ်သင့်ခြင်း မခံရလေအောင် ပညာရေး မြှင့်တင်ကာ ကာကွယ်တားဆီးရပါလိမ့်မည်။ နောင်တွင်လည်း ယနေ့ပေါ်ပေါက်ခဲ့သည့် ကွန်မြူနစ်ဝါဒ၊ ဒီမိုကရေစီ၊ တန်းတူညီမျှရေး၊ လူ့အခွင့်အရေးများကဲ့သို့ အသစ်အသစ်သော ဝါဒ၊ အယူအဆ၊ အတွေးအခေါ်များ ပေါ်ပေါက်လာပါလိမ့်ဦးမည်။ ယင်းတို့ကို စာပေနှင့် မီဒီယာများမှတစ်ဆင့် တိုင်းဖျက် ပြည်ဆူလုပ်လိုသူများက မြန်မာ့လူထုကို အဆိပ်ဆက်လက်၍ ခတ်ကြပေဦးမည်။ အဆိပ်ခတ်တိုင်း၊ မှိုင်းတိုက်တိုင်း မြင့်မားသည့် ပညာရေးက လေ့ကျင့်ပေးထားသည့် ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ ဉာဏ်ရည်ပြည့်ဝသည့် နိုင်ငံသားများသည် ဆရာကြီး ဇော်ဂျီ၏ **"သူ့အပြုံး"** ကဗျာမှာ ရေးဖွဲ့ထားသကဲ့သို့ **"ငါ့အားသင်ပေး၊ မယဉ်ကျေးသည့်၊ ဆဲရေးတိုင်းထွာ၊ ဆဲတစ်ရာကို ငါလက်မခံ"** ဆိုသည့်အတိုင်း အဆိပ်ကျွေးနေသည်ကို အဆိပ်ကျွေးမှန်းသိကာ မှိုင်းတိုက်နေသည်ကို အဆိပ်ငွေ့မှန်းသိကာ လက်ခံကြလိမ့်မည်၊ ရှုကြလိမ့်မည် မဟုတ်ကြတော့ပေ။ မြင့်မားခိုင်ခံ့သည့် ပညာရေးတံတိုင်းက ကာကွယ်ထားပြီးဖြစ်နေပါသည်။

ထိုသို့ အသိဉာဏ်ကြွယ်ဝသည့် မြန်မာနိုင်ငံသားများဖြစ်ထွန်းရန် မြန်မာ့ပညာရေးသည် ယနေ့လို "စာမေးပွဲရမှတ်ပြိုင်ပွဲ" မှာ ပျော်မွေ့နေသည့် လမ်းကြောင်းမှခွဲထွက်၍ နိုင်ငံတကာမှာ ကျင့်သုံးနေသည့် **"ဝေဖန်ပိုင်းခြားနိုင်မှု ရင့်သန်စေသည့်လမ်းကြောင်း"** သို့ ဦးတည်လျှောက်လှမ်းရန် မလွဲမသွေလိုပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ယနေ့လူ့အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်နေသည့် ဒီမိုကရေစီဗရုတ်သုတ်ခဖြစ်မှုအပါအဝင် အခြားသောကောင်းမှု၊ ဆိုးမှုမှန်သမျှသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်ကာလက **"စာမေးပွဲရမှတ်ပြိုင်မှု"** လောက်သာလေ့ကျင့်ပေးခဲ့ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး **"တွေးခေါ်မြော်မြင်တတ်သည့် ဉာဏ်ရည်မြင့်မားစေမှုကို လေ့ကျင့်ပေးခြင်း အားနည်းခဲ့သည့် ပညာရေး၏ ရလဒ်"** ပင်ဖြစ်သည်ဟု သုံးသပ်မိပါသည်။

ကမ္ဘာတစ်လွှား၌ မြင့်မားသောပညာရေးကို ကျင့်သုံးနေသည့်နိုင်ငံများတွင် **"နိုင်ငံရေး ကျိန်စာသင့်မှု"** မရှိပေ။ အဘယ်ကြောင့်ဆိုသော် ပြည်သူများသည် ဝေဖန်ပိုင်းခြားနိုင်မှု ဉာဏ်ရည်မြင့်မားသောကြောင့် ဖြစ်ပေသည်။ ပညာရေးမြင့်လျှင် နိုင်ငံရေးကျိန်စာ တိုက်၍မရပါ။ ထို့ကြောင့် နိုင်ငံနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုး၏။ ဤသည်ကို ပညာရေးမှာ တာဝန်ရှိသူများနှင့် နိုင်ငံသားများလည်း ကွင်းကွင်းကွက်ကွက်မြင်ကာ သတိပြုပြီး ပညာရေးကိုမြှင့်တင်ပေးစေချင်ပါသည်။ သို့ပါ၍ **"ကမ္ဘာ့အထွတ်အထိပ်သို့ရောက်လိုလျှင် ပညာရေးကို မြှင့်တင်ခြင်းမှတစ်ပါး အခြားနည်းလမ်းမရှိပေ"** ဆိုသည့် ရုရှားပညာရှင် **"မာကာရင်ကို"** ၏ အဆိုကို ထောက်ခံရင်း မြန်မာများ ပညာရေးနိမ့်ကျမှုကြောင့် ကျွန်ဖြစ်ခဲ့ရခြင်း၊ ခေတ်သစ်ကိုလိုနီနယ်ချဲ့များက အဝေးထိန်းစနစ်ဖြင့် ယနေ့တိုင် ကျွန်ပြုလို၍ အဆိပ်ခတ်ခြင်းကို ခံနေခြင်းနှင့် နောင်တွင်စာပေနှင့် မီဒီယာအဆိပ်သင့်ခြင်းအပါအဝင် အမျိုးမျိုးသော ပယောဂအပေါင်းကြောင့်၊ နိုင်ငံရေးကျိန်စာသင့်ခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးရေးနိမ့်ကျမှုအပေါင်းမှ ကင်းဝေးပြီး နိုင်ငံဖွံ့ဖြိုးရေးဆောင်ရွက်မှုနှုန်းကို မြှင့်တင်နိုင်စေရန် **"နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးမှုအစ၊ မြင့်မားသည့် ပညာရေးက"** ဟု ယုံကြည်မိပါသဖြင့် မြန်မာ့ပညာရေးကို မြှင့်တင်ပေးနိုင်ကြပါရန် ကျောင်းဆရာ ကျွန်တော့်၏ **"ပညာရေးဖြင့် နိုင်ငံဖွံ့ဖြိုးရေးအမြင်"**ကို တင်ပြလိုက်ရပါသည်။ ။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သန်းခေါင်စာရင်းကောက်ယူနေမှု လှည့်လည်ကြည့်ရှု၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**စစ်တွေ အောက်တိုဘာ ၁၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် သက္ကေပြင်ကျေးရွာရှိ ပြည်သူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့များက အိမ်တိုင်ရာရောက် သန်းခေါင်စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြရာ ပြည်နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်နယ်ဦးစီးမှူး ဦးစောနိုင်နှင့် တာဝန်ရှိသူများက စစ်တွေမြို့နယ်အတွင်း စာရင်းကောက်ယူနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခေါင်းဒုက္ကာ IDPs စခန်းအတွင်း နေထိုင်ကြသူများအား စာရင်းကောက်ယူရေးအဖွဲ့များက စာရင်းကောက်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး စာရင်းကောက်ခံရာတွင် ပူးပေါင်းပါဝင်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သက္ကေပြင်ကျေးရွာလမ်းနှင့် စစ်တွေ-ပလ္လင်ပြင်ကားလမ်းအား ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကျောက်ချောလမ်းခင်းခြင်း၊ ကွန်ကရစ်လမ်းအား ပြန်လည်ပြုပြင်ခြင်း၊ မြေသားလမ်းများပြုပြင်ခြင်းနှင့် ရေမြောင်းများတူးဖော်ခြင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်တွေ-ပလ္လင်ပြင်ကားလမ်းသည် ကျေးရွာပေါင်း ၁၄ ရွာမှ ပြည်သူများဖြတ်သန်းသွားလာလျက်ရှိပြီး လူဦးရေ ၂၀၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ-ဝင်းမင်းစိုး**



# တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး သန်းခေါင်စာရင်းကောက်ယူနေမှုများ ကွင်းဆင်းကြည့်ရှု

**မြိတ် အောက်တိုဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ စာရင်းစစ်၊ စာရင်းကောက်များက ရပ်ကွက်/ကျေးရွာများအလိုက် စာရင်းကောက်ကွက်များတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

စာရင်းကောက်ယူလျက်ရှိသည့် ရပ်ကွက်/ကျေးရွာစာရင်းကောက်ကွက်များသို့ စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီး၊ မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုအားပေးကြပြီး စာရင်းစစ်၊ စာရင်းကောက်များအား လိုအပ်သည်များကို လမ်းညွှန်မှာကြားကြသည်။

မြိတ်မြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာများအလိုက် သန်းခေါင်စာရင်း ကောက်ကွက်ပေါင်း ၅၀၇ ကွက်ရှိပြီး စာရင်းကောက်အဖွဲ့များက အောက်တိုဘာ ၁ ရက်မှ ၉ ရက်အထိ ကောက်ကွက် ၂၂၀၊ အိမ်ထောင်စုပေါင်း ၃၅၃၇၆ စု၊ လူဦးရေပေါင်း ၁၆၆၃၄၆ ဦးကို စာရင်းကောက်ယူဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်အတွင်း သန်းခေါင်စာရင်းကွင်းဆင်းကောက်ယူနေမှု ကြည့်ရှု

**ပေါက်ခေါင်း အောက်တိုဘာ ၁၀**

ပေါက်ခေါင်းမြို့နယ် သန်းခေါင်စာရင်းကော်မတီ၏ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြသည့် စာရင်းစစ်၊ စာရင်းကောက် များသည် ယနေ့တွင် ပေါက်ခေါင်းမြို့နယ် မြို့တောင်ကျေးရွာ၌ စာရင်းများ ဆက်လက် ကောက်ယူကြသည်။

## လိုက်လံကြည့်ရှု

အဆိုပါ သန်းခေါင်စာရင်းကောက်ယူရာသို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် စိုးဦးဟန်၊ ပြည်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ပေါက်ခေါင်းမြို့နယ် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးသည်။

ပေါက်ခေါင်း မြို့နယ်တွင် ရပ်ကွက်ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၃ အုပ်စု၊ ကောက်ကွက်ပေါင်း ၃၉၆ ကွက်ရှိရာ စာရင်းစစ်၊ စာရင်းကောက် ၁၅၁ ဦးတို့က အောက်တိုဘာ ၁ ရက်မှစ၍ ကွင်းဆင်း ကောက်ခံလျက်ရှိကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



# ကြံခင်းမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေး

**ကြံခင်း အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်း ဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ ကိုအင်းကျေးရွာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့ နေ့လယ်ပိုင်းက ခရိုင်/မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုအားပေးကြသည်။

အဆိုပါ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့များက သက်ဆိုင်ရာ ကောက်ကွက်များရှိ မိသားစုဝင်များ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား Mobile Tablet များ အသုံးပြု၍ သန်းခေါင်စာရင်းဆိုင်ရာမေးခွန်းများ မေးမြန်းကောက်ယူနေမှုများကို ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။



ကြံခင်းမြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက်ငါးခု၊ ကျေးရွာအုပ်စု ၃၀ ရှိ ကျေးရွာပေါင်း ၂၅၁ ရွာ၌ ကောက်ကွက်ပေါင်း ၂၇၆ ကွက်တွင် စာရင်းစစ်၊ စာရင်းကောက် ၁၁၀ ဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက် ရှိရာ အောက်တိုဘာ ၉ ရက်အထိ ကောက်ကွက် ၂၀၇ ကွက်တွင် အမျိုးသား ၂၆၇၈၆ ဦး၊ အမျိုးသမီး ၃၂၅၇၇ ဦး စုစုပေါင်း ၅၉၃၆၃ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပခုက္ကူမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ စတင်ကောက်ယူ

**ပခုက္ကူ အောက်တိုဘာ ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များ အတွင်း တစ်အိမ်တက်ဆင်း ကောက်ယူကြသည်။



ထိုသို့ ကောက်ယူရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထက်၊ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးနေမျိုးအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ကော်မတီဝင်များက လှည့်လည်ကြည့်ရှုအားပေးကြပြီး စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ပခုက္ကူမြို့ အမှတ်(၁)နှင့် အမှတ်(၂) ရပ်ကွက်များအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ စာရင်းများ တိကျမှန်ကန်စွာရရှိနိုင်ရေး CAPI နည်းပညာဖြင့် Tablet အသုံးပြု၍ တစ်အိမ်တက်ဆင်း လှည့်လည်မေးမြန်းကောက်ယူကြသည်။

ပခုက္ကူမြို့နယ် အတွင်း ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်ရှိပြီး စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ပေါင်း ၁၇ ဖွဲ့ဖြင့် ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွှန်ချမ်းသာ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ “တစ်ခါတုန်းက တက္ကသိုလ်မှာ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၉-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

ကဗျာလေးက -

*“အရှိ . . . တို့”*
*မနေ့ကများ . . .*
*ကုန်သွားသည့်အတွက် မလွမ်းမက်ပါ*
*မနက်ဖြန်အတွက် တို့ရှိသည်။*
*နေ့ညများစွာ*
*တို့နေလာရ၊ ကြာလှပြီလေ . . .*
*နေဟောင်း လဟောင်း၊ စွန့်ပြောင်းထားကြ*
*မဆန်းလှ၍ နေ့ညဟူသည်။*
*နာရီသန္တေ၊ စက်မီးနေကြား*
*မွေးဖွားသစ်မြဲ သိပြီမို့ . . .*
*မနေ့ကလို*
*နေ့အိုများစွာ၊ ဆုံးရှုံးမှာကို*
*ရင်ဖိုတတ်ခြင်း တို့မရှိ။*
*တို့အသိမှာ . . .*
*လာမည့်နေ့သစ် လိုက်ကာလှစ်လျှင်*
*မဖြစ်စကား၊ တို့ပြောကြား၍*
*အားနာရမှာ စိုးရိမ်၏။*
*သည်ညနေမှာ*
*ဗလာသက်သက် မျက်နှာဝှက်၍*
*မနက်ဖြန်ကို မရှာချင်*
*တို့နေခဲ့ရာ*
*ခဏတာဝယ်၊ နာရီလေးများ*
*စိန်စီထားရန်၊ မွေးဖွားလာသည်*
*တို့ရှိသည်။*
*တို့ . . . ရှိသည့်အတွက်*
*ပြက္ခဒိန်မှာ နက်ဖြန်ခါသည်*
*ရက်ရာဇာပဲ ဖြစ်ရမည် . . . ။*

* * * * *

“ဟေ့ကောင် . . . မြန်မြန်လုပ်၊ ဟိုမှာ ခင်လေးတို့ စောင့်နေတယ်”

တောင်ငူဆောင်ထဲတွင် ပစ္စည်းများ သိမ်းဆည်းနေစဉ် ပေါ်ဦး၏စကားကြောင့် ကျွန်တော် သံဆန်ခါကြားမှ အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။

ခေါင်းရင်းဘက် ခုံတန်းလျားလေးတွင် ခင်လေးနှင့် မဖြူ။

ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့် ရပ်စောင့်နေသော ပေါ်ဦးအား လှမ်းပြောသည်။

“နေဦးကွာ၊ ငါမင်းကို တစ်ခုမေးစရာရှိလို့။ ဟိုနေ့က စကားပြောနေရင်းတော့ သတိရသား။ ပြောရင်း တခြားစကားတွေ ရောက်သွားတာနဲ့ မေ့သွားတာ”

သူက ကျွန်တော့်အမေးကို စောင့်နေဟန်ဖြင့် ဘာမှဝင်မပြော။ ကျွန်တော်လည်း မေးရမှာ တွန့်သလိုဖြစ်နေ၏။ ကိုယ့်ဘက်က သိပ်သဘောထားသေးရာ၊ စပ်စုရာကျမလား တွေးမိသည်။ သို့သော် သူငယ်ချင်းတွေပဲလေ၊ ကိစ္စမရှိပါဘူး။ ဒီကိစ္စလေးက ကြုံပြီး ရှင်းရှင်းလင်းလင်း သိထားတော့ ပိုကောင်းတာပေါ့ဟု တွေး၍-

“ဒီလိုကွာ၊ တို့ ရွှေတိဂုံဘုရားပေါ်မှာ အလှူခံတုန်းက ခင်လေးဘေးမှာပါလာတဲ့ ကိုကိုလတ်ဆိုတဲ့ သူက ဘယ်သူလဲ။ အဲဒီနေ့ကကော မင်းဘာဖြစ်လို့ ရှောင်သွားတာလဲ”

ပေါ်ဦး မျက်နှာ ကွက်ခနဲပျက်သည်။ ချက်ချင်း မျက်မှောင်ကြုတ်သည်။ သူ့အမူအရာကြောင့် သူ့စကားအတွက် ရင်ထိတ်သွား၏။

“ဟာကွာ . . . ဒီလူ့ကို မေ့ထားလိုက်စမ်းပါ။ ငါ ဒီလူ့ကို တစ်စက်မှကြည့်လို့မရဘူး။ ဒါကြောင့် အဲဒီနေ့က ရှောင်ထွက်သွားတာ”

သူကပြောမှ ပိုထိတ်သွား၏။ ခင်လေးပြောသည့် မဖြောင့်ဖြူးသော ချစ်ခရီးဆိုသောကိစ္စတွင် သူများ ပါနေ၍လားဟု စိုးရိမ်လာသည်။

“ဘာဖြစ်လို့လဲ”

ကျွန်တော့်လေသံက မရဲတရဲဖြစ်နေသည်။ သူ့စကားကိုမကြားရဲ၊ ကြားကလည်း ကြားချင်နေသည်။

“သူက ခင်လေး အဖေဘက်ကကွ၊ ငါနဲ့တစ်ဖက်စီပေါ့။ ခင်လေးတို့နဲ့လည်း ဝေးပါတယ်။ သုံး၊ လေးဝမ်းတော့ ကွဲလိမ့်မယ်”

“သူက ဘာလုပ်လဲ”

အစဉ်အတိုင်းလာမည့်စကားကို သူက မစောင့်နိုင်။ ဖြတ်၍ မေးမိသည်။ သူက အတန်ငယ် စဉ်းစားဟန်ပြု၍ -

“သူက မက်စ်နဲ့ ကျောင်းပြီးပြီးသား။ ဖော့ရင်းကုမ္ပဏီတစ်ခုမှာ ရက်(ပ်)လုပ်နေတယ်။ နိုင်ငံခြားကုမ္ပဏီ ကိုယ်စားလှယ်ဆိုတော့ အလုပ်ဖြစ်မှာပေါ့ကွာ၊ အတော်ထောတယ်။ သူ့မိဘတွေကိုကလည်း ချမ်းသာတယ်။ ဟိုတုန်းက လိုင်စင်သူဌေးတွေပေါ့”

ခုထိတော့ ကိုယ်နှင့်ပတ်သက်သည့်ကိစ္စ တစ်စုံတစ်ရာ မပါသေးသဖြင့် ရင်ထဲမှာ လှုပ်ရှားမှုသိပ်မရှိ။ နိုင်ငံခြားကုမ္ပဏီမကလို့ သိကြားမင်းရဲ့ ကိုယ်စားလှယ်ပဲဖြစ်ဖြစ် ကိုယ်နှင့်မဆိုင်။ လိုင်စင်သူဌေးသားမကလို့ အနာထပိဏ်သူဌေးသားဖြစ်ပါစေ၊ ကိုယ့်ကိစ္စထဲ ဝင်မလာလျှင် အရေးမကြီး။ ထို့ကြောင့်-

“မင်းက ဘာလို့ မကြည်တာလဲ”

သူ ရှုံ့မဲ့သွားသည်။ အတော်အသင့်လေး ကြည့်မရရုံတော့မက။

“ဟာ . . . သိပ်ကြီးကျယ်တဲ့ကောင်ကွ။ တော်ရုံလူကို လူလို့ ထင်တာမဟုတ်ဘူး။ ပြီးတော့ ရှုပ်လည်း သိပ်ရှုပ်တာ”

ဘုရား . . . ဘုရား . . . သည်ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်များ သည့်မျှနှင့် ရပ်သွားပါစေဟု ဆုတောင်းလိုက်မိ၏။ ကိုယ့်ကိစ္စနှင့် သူ့ကိစ္စကြား မျဉ်းတစ်ကြောင်းခြားနေလျှင် တော်ပါပြီဟု တွေးမိသည်။ သို့သော် ကျွန်တော့် ဆုတောင်းမပြည့်။

“ပြီးတော့ သူက ခင်လေးကိုလည်း ကပ်နေတာ။ ခဏခဏ အိမ်အလည်လာ၊ ဘာပစ္စည်းတွေ ယူလာပေး၊ ခင်လေးဖို့ဆိုတာကတစ်မျိုး၊ အဘိုးကြီး၊ အဘွားကြီးအတွက် ဆိုတာကတစ်မျိုး ဘာအချိုးလဲကွာ”

ပစ်မှတ်က တည့်တည့်လာထိသည်။ ကျွန်တော် စိုးရိမ်သောကိစ္စသည် တစ်စက်မျှမလွဲ။ ဟုတ်တော့ ဟုတ်ပြီ။ ဒါပေမဲ့ ရေနစ်သူတောင် ဆွဲမိဆွဲရာ ဆွဲတတ်သေးတာ။ ကျွန်တော်လည်း နောက်ဆုံးအားထားရာ ကောက်ရိုးတစ်မျှင်ကို လှမ်းဆွဲ၏။

“ခင်လေးကကော ဘယ်လိုလဲ”

ပေါ်ဦးက ယောကျ်ားမျက်စောင်းဖြင့် ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော့်ကို သိပ်ကျေနပ်ပုံမပေါ်။

“ဟေ့ကောင် . . . ခင်လေးက ဘယ်လိုဆိုတာ မင်းကို ပြောစရာလိုသေးလို့လား။ ဘာလဲ ခင်လေးက နှစ်ဂူစံနေတယ်လို့ မင်းထင်လို့လား”

ကျွန်တော် ပျာပျာသလဲ ဖြေရှင်းချက်ပေးသည်။ “ငါ့စိတ်ထဲမှာ သိပ်စိုးရိမ်သွားလို့ပါ ပေါ်ဦးရာ။ ငါ့မှာက မင်းသိတဲ့အတိုင်း”

“ငါသိပါတယ် ထွန်းဝေ၊ မင်း ငါ့ကို ရှည်ရှည်ဝေးဝေး ရှင်းမပြနဲ့။ မင်းကိုငါ အပြတ်ပြောမယ်။ ဒီကောင်ကြီး ကိစ္စကတော့ တစ်နေ့မဟုတ်တစ်နေ့ မင်းတို့ကိစ္စမှာ ဝင်ရှုပ်မှာပဲ။ ဒါပေမဲ့ မင်းဘာမှ ဒါကို ထည့်မတွေးနဲ့။ ခင်လေးက ငါ့စိတ်မျိုးပါပဲ”

ရင်သည် မအေးသော်လည်း အပူသက်သာသွား၏။ အပြင်ဘက်ကိုလည်း လှမ်းကြည့်မိသည်။ ကျွန်တော်တို့ဘက် လှည့်လိုက်သော ခင်လေးကို မြင်၏။ ကျွန်တော်က ပေါ်ဦးကို-

“ဒါဖြင့်လည်း ပြီးတာပါပဲကွာ။ လာ သွားစို့၊ စောင့်နေရတာသူတို့ ဒေါကန်နေတော့မယ်”

ပူသောရင်သည် နေစရာမရှိ။

* * * * *

ပူနေသော အကြောင်းကို အချဉ်ရည်ထဲတွင် လိမ့်လိုက်သည်။

“အား . . . အပူကြီးပါလား”

ပေါ်ဦးက အကြော်ကိုကိုက်ရင်းနှင့် အော်သည်။ ကျွန်တော်က ပြုံးလိုက်သောအခါ ခင်လေးနှင့် အပြုံးချင်းဆုံသည်။

ရေထဲတွင် ပျော်နေသူများ၏ အော်ဟစ်သံများ ခပ်လှမ်းလှမ်းမှ ကြားနေရသည်။

“ဒီနေ့ သူတို့ အတော်ပင်ပန်းသွားမှာပဲ”

စောစောက‘အ’သံုးလုံးလှုပ်ရှားမှု လှုံ့ဆော်စာ ပိုစတာဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ရည်ရွယ်၍ ပြောခြင်းဖြစ်သည်။

“အေး . . . တစ်ယောက်ကလည်း ဒိုးပတ်တစ်လုံးနဲ့၊ တစ်ယောက်ကလည်း အော်လိုက်ဟစ်လိုက်နဲ့၊ သူတို့ပဲ စုံလည်းစုံတယ်”

ကျွန်တော်တို့ ရယ်နေလိုက်သည်။

“ကိုကိုက ဒါတွေ ဘယ်တုန်းက တတ်ထားလဲ” ခင်လေး၏အမေးတွင် ပါလာသော ‘ကိုကို’ ကြောင့် ပေါ်ဦးက မျက်လုံးပြူးပြ၏။ မဖြူက ပြုံးနေသည်။ ခင်လေးမျက်နှာတွင် ပန်းရောင်နုနုပေါ်လာသော်လည်း ဣန္ဒြေမပျက်။ ခင်လေး၏သတ္တိကို ကျွန်တော်ပင် သဘောကျသွား၏။

ကျွန်တော်က ရယ်လိုက်ပြီး

“ဒီလိုပေါ့ ခင်လေးရယ်၊ ကိုယ်တို့ တောမှာက ဝါသနာလေးပါရင် ဒိုးပတ်တို့၊ ခြောက်လုံးပတ်တို့ မတီးတတ်တဲ့လူမရှိပါဘူး”

“စာတွေဘာတွေကော ရေးနေတုန်းပဲလား။ မဂ္ဂဇင်းတွေဘာတွေကော မပို့ဘူးလား”

မဖြူက ဝင်မေးသည်။

“မပို့သေးပါဘူး မဖြူရယ်၊ ဒါပေမဲ့ ပို့တော့ပို့မလို့ လုပ်နေပါတယ်။ ရှုမဝကို ကဗျာလေးတွေ စမ်းပို့ကြည့်မလို့ စဉ်းစားထားတယ်” အင်းလျားရေစပ်အကြော်ဆိုင်လေးမှ စကားဝိုင်းလေးသည် ချိုမြိန်စရာကောင်းလှသည်။ အင်းလျားကန်ကြီးသည် ခါတိုင်းထက် ပို၍လှနေ၏။

ကျွန်တော်က အနောက်ဘက်ကို မျက်နှာမူပြီး ထိုင်နေသဖြင့် ခပ်လှမ်းလှမ်းမှ ဘွဲ့နှင်းသဘင်အဆောက်အအုံကြီး၏ ကျောဘက်ကိုမြင်နေရသည်။ စိတ်ထဲတွင် သည်လို အမြဲတမ်းနေသွားနိုင်ရန် စာကြိုးစား၍ မြန်မြန်ဘွဲ့ရမှဖြစ်မည်ဟု တွေးနေမိသည်။

“ဟော . . . . ငိုင်သွားပါလား”

ခင်လေးက ကျွန်တော့်ကိုကြည့်၍ ရွှတ်နောက်နောက် ဆိုသည်။ ကျွန်တော်က ဘွဲ့နှင်းသဘင်ခန်းမဘက် မေးဆတ်၍ပြပြီး-

“သြော် . . . ကွန်ဗိုကြီးမြင်ပြီး တွေးမိလို့ပါ။ ဘွဲ့တွေဘာတွေ မြန်မြန်ရမှဖြစ်မယ်။ နို့မို့ အမြဲတမ်း စိတ်ပူနေရမှာ”

“အမယ် . . . သူက ဘာများ စိတ်ပူစရာလိုလို့လဲ”

ကျွန်တော် ပင့်သက်တစ်ခု ရှိုက်၍ယူလိုက်သည်။ ပြီးမှ ခပ်လေးလေးလေသံဖြင့် -

“ပူရတာပေါ့ ခင်လေးရယ်၊ အချစ်ဆိုတာ ဘဝနဲ့ ကင်းလို့ရတာမှမဟုတ်ဘဲ”

“ငါ သူ့ကို ကိုကိုလတ်အကြောင်း ပြောပြလိုက်တယ်ဟ”

ပေါ်ဦး စကားအဆုံး ခင်လေးမျက်နှာ ကွက်ခနဲပျက်သွား၏။ ဒေါသ၏ အရိပ်ကလေးများ သူ့မျက်နှာပေါ်တွင် ပေါ်လာသည်။

“သွားစမ်းပါ၊ အဲဒီလူကြီးအကြောင်း မပြောပါနဲ့။ ဖေဖေတို့၊ မေမေတို့က အလကားနေရင်း အထင်ကြီးနေလို့ ဒီက လိုက်လိုက်လျောလျော ဆက်ဆံနေတာပါ”

သူက ဖော့ပေးလိုက်သော်လည်း ကျွန်တော်က ပိုထိသွားသည်။ “ကိုယ်ကတော့ စိတ်ပူမိတာ အမှန်ပဲ ခင်လေး”

“ပူရင် မြန်မြန်နီးအောင် ကြိုးစားပေါ့”

မဖြူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ခင်လေးကတော့ ပိုလိုက်တာဆိုသော အဓိပ္ပာယ်ရှိသည့် အကြည့်ဖြင့် ကြည့်လိုက်၍-

“အမယ်လေး . . . သည်းမနေနဲ့ ကိုယ်တော်ရယ်၊ ခုမှ ရည်းစားဖြစ်တာ တစ်ပတ်ပဲ ရှိပါသေးတယ်။ သိပ်နီးချင်မနေနဲ့ဦး”

“သြော် . . . ငါ အခုမှ သတိရတယ်”

(ဆက်လက်ဖော်ပြပါမည်)

**❛ ဘုရား . . . ဘုရား . . . သည်ပုဂ္ဂိုလ်၏ ဂုဏ်ပုဒ်များ သည်မျှနှင့် ရပ်သွားပါစေဟု ဆုတောင်းလိုက်မိ၏။ ကိုယ့်ကိစ္စနှင့် သူ့ကိစ္စကြား မျဉ်းတစ်ကြောင်းခြားနေလျှင် တော်ပါပြီဟု တွေးမိ ပစ်မှတ်က တည့်တည့်လာထိသည်။ ကျွန်တော် စိုးရိမ်သောကိစ္စသည် တစ်စက်မျှမလွဲ။ ဟုတ်တော့ ဟုတ်ပြီ။ ဒါပေမဲ့ ရေနစ်သူတောင် ဆွဲမိဆွဲရာ ဆွဲတတ်သေးတာ။ ကျွန်တော်လည်း နောက်ဆုံးအားထားရာ ကောက်ရိုးတစ်မျှင်ကို လှမ်းဆွဲ၏ ❜**

စာရေးဆရာ နွမ်ဂျာသိုင်း၏ “တစ်ခါတုန်းက တက္ကသိုလ်မှာ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
**စာတည်း**

# ချယ်လ်ဆီးတိုက်စစ်မှူး ကိုးလ်ပယ်မား အင်္ဂလန်ရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုဆွတ်ခူး

ချယ်လ်ဆီးတိုက်စစ်မှူး ကိုးလ်ပယ်မားဟာ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီ အင်္ဂလန်နိုင်ငံရဲ့ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

တိုက်စစ်မှူး ကိုးလ်ပယ်မားဟာ ဘယ်လင်ဂမ်နဲ့ ဘူကာယိုဆာကာတို့ကို ကျော်ဖြတ်ကာ အင်္ဂလန်ရဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ဘယ်လင်ဂမ်နဲ့ ဘူကာယိုဆာကာ တို့ကတော့ ဒုတိယနဲ့ တတိယရရှိခဲ့တာဖြစ်ပါတယ်။

ကိုးလ်ပယ်မားဟာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်းက အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ စတင်ပွဲထွက် ကစားခဲ့ပြီး မယ်လ်တာအသင်းနဲ့ ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဆိုပါပွဲစဉ်မှာ နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး ကိုးလ်ပယ်မားဟာ အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်ကိုးပွဲ ပါဝင်ကစားပေးခဲ့ပြီး ဩဂုတ်လအတွင်းက ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့က ပေးအပ်တဲ့ တစ်နှစ်တာ လူငယ်အကောင်းဆုံးကစားသမားဆုကို ရရှိပြီး ယခုအင်္ဂလန်ရဲ့ တစ်နှစ်တာအကောင်းဆုံးဆုကို ရရှိခဲ့တာ




ဖြစ်ပါတယ်။

ကိုးလ်ပယ်မားဟာပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက မန်စီးတီးအသင်းကနေ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ ကစားခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်ရဲ့ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို နှစ်နှစ်ဆက်တိုက်ရရှိခဲ့တဲ့ ကစားသမားတွေကတော့ ကူဆာယိုဆာကာ(အာဆင်နယ်)၊ ဟယ်ရီကိန်း (စပါး)၊ ရွန်းနီ(မန်ယူ)နဲ့ လမ်းပတ်(ချယ်လ်ဆီး)တို့ပဲ ဖြစ်ပါတယ်။

ငွေကြယ်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန မှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆိုဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 50(T)/DPTSC(PSD)/2024-2025 | 230/ 66/11kV, 50 MVA, Three Phase Power Transformer (၁)လုံး D.D.P(At 230kV Hlawga Substation, Yangon)ဝယ်ယူရန်။ |
| ခ | 51(T)/DPTSC(PSD)/2024-2025 | 230kV, 20 MVar Three Phase Shunt Reactor (၁)လုံး D.D.P (At 230kV Hlawga Substation, Yangon) ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၄-၁၀-၂၀၂၄) ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ○ မြန်မာ့လက်ရွေးစင်မှ

မြန်မာ့လက်ရွေးစင်အသင်း ပွဲထွက်လူစာရင်းတွင် မောင်မောင်လွင် (အသင်းခေါင်းဆောင်)၊ ပြည့်ဖြိုးသူ (ဂိုး)၊ နန္ဒကျော်၊ စိုးမိုးကျော်၊ သက်ဟိန်းစိုး၊ ဟိန်းဖြိုးဝင်း၊ ဇော်ဝင်းသိန်း၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ သန်းပိုင်တို့ဖြင့် ပွဲထွက်လာခဲ့သည်။ နည်းပြသစ် ဦးမျိုးလှိုင်ဝင်းလက်ထက် မြန်မာအသင်းခြေစွမ်းကို သုံးသပ်ရန်ထက် ကစားသမားများအနေဖြင့် တစ်ကိုယ်တော် ထိုးဖောက်မှုများကို လျှော့ကာ တွဲလုံးများ၊ အသင်းလိုက်ကစားပုံများကို ဦးစားပေးကစားပါက မြန်မာအသင်း ကစားပုံပိုကောင်းလာနိုင်သည်။

သီရိလင်္ကာလက်ရွေးစင်အသင်းတွင် အမာခံကစားသမားအချို့ မပါဝင်နိုင်သော်လည်း နိုင်ငံခြားသား မွေးစားသားများနှင့် အဓိက ကစားသမားများ ပါဝင်လာပြီး အဆုံးသတ်အားနည်းမှုများကြောင့် ချေပဂိုးမရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် လွင်မိုးအောင်နှင့် ၅၃ မိနစ်တွင် မောင်မောင်လွင်တို့က သွင်းယူခဲ့သည်။ ပထမဂိုးမှာ သန်းပိုင်၏ ရုန်းကန်မှုကြောင့် ၎င်း၏ဖန်တီးပေးမှုမှ တစ်ဆင့် ဂိုးရခဲ့ပြီး ဒုတိယဂိုးမှာမူ ပြစ်ဒဏ်ဘောကို မောင်မောင်လွင်က တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့၏ ဒုတိယခြေစမ်းပွဲကို အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-သော်ကြီး






## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ်- ၁၃ ရှိ (၁၂½x ၄၇)ပေ အကျယ်အဝန်းရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ဒုတိယထပ် (၃-လွှာ/ခေါင်းရင်းခြမ်း) တိုက်ခန်းသည် ကန်ထရိုက်တာ ဦးခင်မောင်လင်းထံမှ ဦးထွန်းကြိုင် [၁၂/ဒဂန (နိုင်) ၀၂၀၁၈၃]သည် (၁၀-၇-၂၀၁၆) ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါတိုက်ခန်းအား ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးမြင့် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ် (၃၈၀/ခ)၊ မြေအမျိုးအစား နှစ်(၆၀)ဂရန်မြေ၊ အလျား ၂၀ပေx အနံ ၆၀ပေ၊ ဧရိယာ(၀.၀၂၇၅ ဧက) (၁၂၀၀ စတုရန်းပေ)ရှိ ဒေါ်ဇင်မြင့်မိုရ် အမည်ပေါက် ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဇင်မြင့်မိုရ် [၁၂/ဥကမ(နိုင်) ၁၉၆၉၅၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးမြတ်နိုးသူ [၁၂/သကတ(နိုင်) ၁၈၂၆၅၅] အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သင်းပပအောင်** | **ဦးရဲမာန်ဗိုလ် (LL.B)** |
| **[LL.B, LL.M, D.B.L, D.I.L, WIPO(Switzerland)]** | **အထက်တန်းရှေ့နေ** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၆၇)** | **(စဉ်-၅၅၃၁)** |

**အမှတ်-၁၁၀၊ ပထမထပ်၊ (၃၉)လမ်း၊ အောက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-880888317, 09-676767173, 09-25434623**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# MNL ယူ-၂၀ လူငယ်လိဂ် ပွဲစဉ် (၁၈) ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၈) ကို အောက်တိုဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း ဆက်လက်ဦးဆောင်လျက်ရှိသည်။

နှစ်ရက်ကြာကျင်းပသည့် ပွဲစဉ် (၁၈) တွင် သစ္စာအားမာန်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို ငါးဂိုး-ဂိုးမရှိ၊ မဟာယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်း ဂိုးမရှိသရေ၊ မြဝတီအသင်းနှင့် Junior Lions အသင်းတို့ တစ်ဂိုးစီသရေ၊ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ဇယားထိပ်ပိုင်းမှ အသင်းများအနက် ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းနှင့် ဒုတိယနေရာမှ အား/ကာသိပ္ပံအသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး သရေကျခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်းက တစ်ပွဲပို ငါးမှတ်အသာဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ယင်းနှစ်သင်း သရေကျမှုကို တတိယနေရာမှ Junior Lions အသင်းလည်း အခွင့်ကောင်းမယူနိုင်ဘဲ သရေကျခဲ့သဖြင့် ထိပ်ဆုံးသုံးသင်း အပြောင်းအလဲ မဖြစ်ခဲ့ပေ။

ပွဲစဉ် (၁၈) အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၃၉ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၆ ပွဲကစား ၃၄ မှတ်၊ junior Lions အသင်းက ၁၇ ပွဲကစား ၃၂ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၂၇ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ၂၇ မှတ်၊ သစ္စာအားမာန်အသင်းက ၁၇ ပွဲကစား ၂၅ မှတ်၊ ရတနာပုံနှင့် ရခိုင်ယူနိုက်တက်အသင်းတို့က ၁၇ ပွဲကစား ရမှတ် ၂၀ စီ၊ ဧရာဝတီယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၂၀၊ Dagon Port အသင်းက ၁၆ ပွဲကစား ၁၅ မှတ်၊ မြဝတီအသင်းက ၁၇ ပွဲကစား ၁၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၁၁ မှတ်၊ ဟံသာဝတီအသင်းက ၁၆ ပွဲကစား ခုနစ်မှတ်ရရှိထားသည်။



သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-MNL

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဟုမ်းလမ်းနှင့် အောက်ကြည့်မြင်တိုင်လမ်းထောင့်၊ ရဲတံခွန်တာဝါ၊ အခန်းအမှတ်(၈၀၅)တွင် တည်ထောင်ဖွင့်လှစ်ထားသော Future Engineering Group Co.,Ltd ၏ ၉-၁၀-၂၀၂၄ တွင် ကျင်းပပြီးစီးခဲ့သော ရှယ်ယာရှင်အစည်းအဝေး၌ ရှယ်ယာရှင်အားလုံး၏ သဘောတူညီ ဆုံးဖြတ်ချက်အရ လက်ရှိရှယ်ယာ(၂၀,၀၀၀)စု တန်ဖိုးငွေ (၁,၀၀၀,၀၀၀,၀၀၀)မှ ရှယ်ယာ(၁၀၀)စု တန်ဖိုးငွေ (၅,၀၀၀,၀၀၀)သို့ လျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒါရိုက်တာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ မြေနီ(၁)လမ်း၊ အမှတ်(၁၈)မြေကွက်ပေါ်ရှိ (၆)ထပ်အဆောက်အဦ၏ မြေညီ(ခြေရင်း) အကျယ်အဝန်း (အလျား ၁၉ပေxအနံ ၅၄ပေ)ရှိတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသော အိမ္မွန်ဆောက်လုပ်ရေးကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာဒေါ်သင်းသင်းနွယ်[၁၂/ဥကတ(နိုင်)၀၃၉၄၇၉] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်အေး[၁၃/တကန(နိုင်)၀၁၂၉၈၄] က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၅)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး၏ လွှဲအပ်ချက်အရ-**

**ဒေါ်အေးမြသီတာ LL.B (စဉ်-၁၁၉၀၁)**

**ဒေါ်အေးသန္တာမင်းအောင်LL.B ,D.B.L (စဉ်-၁၁၉၀၄)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၆၈)၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-421140329, 09-421072494**

## ကြော်ငြာစာ

## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈

## လှည်းကူးခရိုင်တရားရုံးတော်၌

## ၂၀၂၄ ခုနှစ်၊တရားမအထွေထွေမှုအမှတ်-၃၂

ကွယ်လွန်သူဦးစန်းဝင်း၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

**ဒေါ်ဝင်းမင်းသူ** — **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစန်းဝင်း ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဝင်းမင်းသူက အမွေဆက်ခံခြင်း အက်ဥပဒေအရလျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၁) ရက်၊ (၁၃၈၆ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစန်းဝင်း၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ချိန်းဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) နံနက်(၁၀:၀၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ-၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်ဝင်းမင်းသူ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ( ၇ ) ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**( သီတာ )**

**ဒုတိယခရိုင်တရားသူကြီး**

**လှည်းကူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၅၀

**ဒေါ်ကျင်ထိုက် (တရားလို)** နှင့် **ဒေါ်သိန်းတင် (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈) ရပ်ကွက်၊ အုတ်လှငယ်လမ်း၊ အမှတ်- (၈၆၂) နေ ဒေါ်သိန်းတင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်အတိုင်း မြေကွက်နှင့်နေအိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း၁၃ ရက် )နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကြိုတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**

**မြို့နယ်တရားသူကြီး**

**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## အမည်မှန်

မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ဂန္ဓမာလမ်းရှိ ပညာပြည့်သျှံကိုယ်ပိုင် အလယ်တန်းကျောင်း၊ G-3တွင် ပညာသင်ကြားနေသော (အဖ) ဦးမင်းထွဋ်၏သမီး မပိုးရတီမေ၏ အမည်မှန်မှာ မဖူးသစ်လွင်ဖြစ်ပြီး G-1 တွင် ပညာသင်ကြားနေသော (အဖ) ဦးမင်းထွဋ်၏သား မောင်ဘုန်းခန့်ပိုင်၏ အမည်မှန်မှာ မောင်ဘုန်းမြတ်သာဖြစ်ပါကြောင်း။

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)

## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၀

ဦးကျော်မင်းမောင် (တရားလို) နှင့် ဒေါ်စုစုထွေး (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၁)ရပ်ကွက်၊ စံပယ်ခြံ(၂)လမ်း၊ အမှတ်-၈၀ နေ ဒေါ်စုစုထွေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်မင်းမောင်က (၆-၅-၂၀၂၄)ရက်စွဲပါ ငွေယုံကြည်အပ်နှံခြင်း သဘောတူကတိစာချုပ်ပါ ငွေကျပ်(၉၉၀၀၀၀၀/-(ကျပ်ကိုးဆယ့်ကိုးသိန်းတိတိ)နှင့် နစ်နာကြေး ငွေကျပ်(၅၀၀၀၀၀၀/-) (ကျပ်သိန်းငါးဆယ်)၊ စုစုပေါင်းငွေကျပ် (၁၄၉၀၀၀၀၀/-) (ကျပ်သိန်း တစ်ရာ့လေးဆယ့်ကိုးသိန်းတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ဇာနည်လွင်)**

**ဒုတိယမြို့နယ်တရားသူကြီး(၁)**

**ရွှေပြည်သာမြို့နယ်တရားရုံး**

## "ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀) မှ မြေကွက်အမှတ် (စီ-၁၅/၁၈)၊ မြေကွက်ဧရိယာ(၄၀ ပေ x ၆၀ ပေ) ပါမစ်မြေ Plot 18 A/B နှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း"

ဒေါ်ထွေးထွေးငယ်၊ မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၂၉၉၅၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးထွေးငယ်သည် လှိုင်သာယာမြို့နယ်၊ အနော်ရထာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀)မှ မြေကွက်အမှတ်(စီ-၁၅/၁၈)၊ မြေကွက်ဧရိယာ( ၄၀ ပေ x ၆၀ ပေ) ပါမစ်မြေ Plot 18 A/B အား (၇-၅-၂၀၂၀)ရက်နေ့တွင် တရားဝင်ဝယ်ယူ ပိုင်ဆိုင်ထားရှိပါသည်။

အဆိုပါ တိုက်ခန်းအား ဒေါ်ထွေးထွေးငယ် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းထားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ထွေးထွေးငယ် မသိရှိဘဲ အထက်ဖော်ပြပါ ကိစ္စများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူများအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်နွဲ့သူ(LL.B,D.B.L)**

**အထက်တန်းရှေ့နေ(စဉ်-၄၁၃၂၄)**

**အခန်း(၅)၊ အလက(၆) ဆိုင်ခန်း၊ အာသာဝတီလမ်းမ၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၆၀၄၀၂၂၃**

## " ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ ပိတောက်ဥယျာဉ်အိမ်ရာ (Padauk Garden Development Villas) မြေဧရိယာ ၂၄၀၀ စတုရန်းပေပေါ်ရှိ မြေနှင့် အဆောက်အဦအမှတ် PV-123 နှင့် စပ်လျဉ်း၍အများသိရှိစေရန် ကြေညာခြင်း"

ဒေါ်ထွေးထွေးငယ် မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၂၉၉၅၀၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးထွေးငယ် သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပိတောက်ဥယျာဉ်အိမ်ရာ၊ (Padauk Garden Development Villas) မြေဧရိယာ၂၄၀၀ စတုရန်းပေပေါ်ရှိ မြေနှင့် အဆောက်အဦအမှတ် PV-123 အား (၁-၈-၂၀၂၂) ရက်နေ့တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားရှိပါသည်။

အဆိုပါ တိုက်ခန်းအား ဒေါ်ထွေးထွေးငယ် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းထားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ထွေးထွေးငယ် မသိရှိဘဲ အထက်ဖော်ပြပါ ကိစ္စများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူများအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးငယ် ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယဉ်နွဲ့သူ (LL.B, D.B.L)**

**အထက်တန်းရှေ့နေ (စဉ် - ၄၁၃၂၄)**

**အခန်း (၅)၊ အလက (၆) ဆိုင်ခန်း၊ အာသာဝတီလမ်းမ၊ ၂ - ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၆၀၄၀၂၂၃**

## ပတ်စ်ပို့ပျောက်ဆုံး

(ဘ) ဦးကျော်မြင့်၏ သား မောင်ရဲလင်းထွဋ်[၁၂/ထတပ(နိုင်)၀၉၀၆၂၁]၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-984729665**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၇၄၊ မြေကွက်တည်နေရာအမှတ်(၇၄)၊ ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဖေသိန်း (AC-059537) အမည်ပေါက် နှစ်(၆၀)၊ မြေငှားဂရန် အမည်ပေါက် ဦးဖေသိန်း(ဖခင်)နှင့် ဒေါ်သန်းရှင်(မိခင်)တို့ ကွယ်လွန်ပြီး မွေးဖွားသား/သမီး(၇)ဦး မွေးဖွားခဲ့ရာ သမီးတစ်ဦးဖြစ်သူ ဒေါ်သူဇာသန်း (အပျိုကြီးဘဝဖြင့်) အသီးသီး ကွယ်လွန်သဖြင့် ဦးစိုးသိမ်း[၁၂/ဥကမ(နိုင်)၀၀၆၆၃၅]၊ ဦးဝင်းသိန်း[၁၂/ဥကတ(နိုင်)၀၀၈၅၂၄]၊ ဦးလှိုင်သိန်း [၁၂/ဥကတ(နိုင်)၀၄၇၆၅၅]၊ ဒေါ်မော်မော်သန်း [၁၂/ဥကတ(နိုင်)၀၄၈၈၀၂]၊ ဒေါ်မီမီသန်း[၁၂/ဥကတ(နိုင်)၀၄၈၈၀၁]၊ ဒေါ်သီတာသန်း [၁၂/ဥကတ (နိုင်) ၁၄၀၀၃၅] တို့မှ သား/သမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်းဝ(၇)လမ်း၊ တိုက်အမှတ်(၉၂၃)၏ မြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၆)ထပ် RC တိုက် အဆောက်အဦမှ ရောင်းချသူပိုင်ဆိုင်သော ခေါင်းရင်းခြမ်း၊ မြေညီထပ်(၁-လွှာ/A)၊ အခန်းအကျယ်အဝန်း (အလျား ၁၇ ပေ x အနံ ၅၄ ပေ)၊ အမြင့်(၉)ပေရှိ အခန်း(၁)ခန်းကို ရေ၊ ကိုယ်ပိုင်လျှပ်စစ်မီတာအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအောင်နိုင်ဦး[၁၂/သဃက(နိုင်)၁၅၄၈၆၈]မှ တရားဝင် ပိုင်ဆိုင်သည်ဟု အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်စိုးထွန်း(ထီးချိုင့်)**

**LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၂၂၅/၂၀၁၂)**

**အမှတ်(၇၀၂)၊ ဗိုလ်တေဇလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Ph: 09-250000587, 09-799606825**

## " ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် (မြောက်) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/အေ)၊ မြေကွက်အမှတ် (၆၈)၊ အကျယ်အဝန်း (၂၅ ပေ x ၅၀ ပေ)ရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ခတ်လှေကားပါကန်ထရိုက်တိုက်အဆောက်အဦ၏ ဆဋ္ဌမထပ် (၇ - လွှာ)နှင့် စပ်လျဉ်း၍ အများသိစေရန် ကြေညာခြင်း"

ဒေါ်ထွေးထွေးငယ် မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်)၂၉၉၅၀၅] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထွေးထွေးငယ် သည် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန် (မြောက်)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈/အေ)၊ မြေကွက်အမှတ်(၆၈)၊ အကျယ်အဝန်း (၂၅ပေ x ၅၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ ဆဋ္ဌမထပ်၊ (၇ - လွှာ) တိုက်ခန်းအား (၁၈-၆-၂၀၂၁) ရက်နေ့တွင် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားရှိပါသည်။

အဆိုပါတိုက်ခန်းအား ဒေါ်ထွေးထွေးငယ် မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လျှုဒါန်းထားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ဒေါ်ထွေးထွေးငယ် မသိရှိဘဲ အထက်ဖော်ပြပါ ကိစ္စများကို ပြုလုပ်ဆောင်ရွက်ခဲ့ပါက ပြုလုပ်သူများအား ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးထွေးငယ် ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယဉ်နွဲ့သူ (LL.B, D.B.L)**

**အထက်တန်းရှေ့နေ (စဉ် - ၄၁၃၂၄)**

**အခန်း (၅)၊ အလက (၆) ဆိုင်ခန်း၊ အာသာဝတီလမ်းမ၊ ၂ - ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၆၀၄၀၂၂၃**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ယုယုနိုင်ကျော်[၁၂/တတန(နိုင်)၂၅၂၅၅၄]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ်သည်မှာ-

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ပုသိမ်မြေ)၊ ပုသိမ်မြေ(၅)လမ်း၊ မြေကွက်အမှတ်(၁၂၉) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား၂၅ပေx အနံ ၅၀ပေ)ရှိ မြေကွက်ပေါ်တွင် တိုက်ဆောက်လုပ်ထားသော RC(၂)ခန်းတွဲ(၆)ထပ်တိုက်၏ (ဒုတိယထပ်)၊ (၃)လွှာ၊ ခြေရင်းခန်း၊ လမ်းမှတိုက်အား မျက်နှာမူကြည့်လျှင် ညာဘက်ခြမ်း၊ အကျယ်အဝန်း (အလျား ၁၁ ½ ပေ x အနံ ၄၈ ပေ) အကျယ်အဝန်းရှိ ရေမီးစုံတိုက်ခန်း(၁)ခန်းအား မြေရှင်နှင့် ကန်ထရိုက်တာ အခန်းပေး/အခန်းယူ စာချုပ်အရ ကန်ထရိုက်တာအကျိုးခံစားခွင့်ရရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ကန်ထရိုက်တာဦးအေးစိုး[၁၂/တမန(နိုင်)၁၃၄၈၄၂]ထံသို့ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ယုယုနိုင်ကျော်က ကြိုပွိုင့်ဖြင့်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆို အထောက်အထား ခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဇင်သင်းအောင် | ဒေါ်ယမင်းလတ် | ဦးသက်ပိုင်ဝင်း |
|---|---|---|
| LL.B, B.D.S, WIPO (Switzerland) | LL.B, D.B.L, WIPO (Switzerland) | LL.B |
| (စဉ် - ၁၄၄၇၉/၂၀၁၈) | (စဉ် - ၈၅၆၄/၂၀၁၂) | (စဉ် - ၅၃၅၆၆/၂၀၂၀) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**ရုံးအမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း - ၀၉ - ၅၀၅၃၄၆၈၊ ၀၉-၇၇၅၀၅၃၄၆၈၊ ၀၉-၅၁၈၁၂၁၀၊ ၀၉-၇၈၅၁၈၁၂၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၁-ရိုးရိုး၊ မြေကွက်အမှတ်-၂၅၄၅၊ ဧရိယာ(၀.၀၆၂)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၅၄၅)၊ မြနန္ဒာလမ်းနှင့် စစ်တောင်းလမ်းဒေါင့်၊ ၆၁-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်မြင့်မြင့်စန်း(၁၀/မလမ(နိုင်)၁၁၉၈၂၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်မြင့်မြင့်စန်း (၁၀/မလမ(နိုင်)၁၁၉၈၂၈)(ဇနီး)သည် (၁.၈.၂၀၁၈)ရက်နေ့တွင် ကွယ်လွန်သဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးဝေစိန်(ခ)ဦးသန်းလွင်(၁၀/မလမ(နိုင်)၁၂၂၇၃၁)မှ တရားဝင်ခင်ပွန်းတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်-၆/၅၂၀/၂၀၂၄(၁၁.၆.၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၏သေစာရင်းအထောက်အထားလက်မှတ်၊ နိုင်ငံကူးလက်မှတ်၊ ဘာသာပြန်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)ဂရန်၊ ဦးဝေစိန်(ခ)ဦးသန်းလွင်ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၇၂/၂၀၂၄(၅.၆.၂၀၂၄)ဖြင့် ရရှိသူ ဒေါ်ခင်သီဂီလွင်(၈/မလန(နိုင်)၀၀၀၅၁၈)မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျူးကျော်တဲအိမ်(၅)လုံးရှိပြီး ၎င်းတို့အားမိမိအစီအစဉ်ဖြင့် ရှင်းလင်းမည်ဖြစ်ကြောင်း လျှောက်ထားသူမှ ကွင်းဆင်းပုံစံတွင်လက်မှတ်ရေးထိုးတင်ပြထားပါသဖြင့် ဦးဝေစိန်(ခ)ဦးသန်းလွင်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဒေါ်ခင်သီဂီလွင်မှ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## (၅-၁၀-၂၀၂၄)ရက်စွဲပါ ကြေးမုံသတင်းစာ၌ ဘဒ္ဒန္တကုသလ(အဂ္ဂမဟာပဏ္ဍိတ) [၁၄/မမန(သ)၀၀၀၂၉၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာချက်အပေါ် ရှင်းလင်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အောင်စန္ဒာလမ်း၊ ရတနပါလ၀ါးခယ်မကျောင်းတွင် သီတင်းသုံးလျက်ရှိသည့် ဆရာတော်ဘဒ္ဒန္တသီရိန္ဒ [၁၂/လမတ(သ)၀၀၀၅၄၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှ အောက်ဖော်ပြပါအတိုင်း ပြန်လည်၍ရှင်းလင်းအပ်ပါသည်-

ဆရာတော်ဘဒ္ဒန္တသီရိန္ဒသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(အဆင့်မြင့်)၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ မြေကွက်အမှတ်-၆၉၅၊ (တစ်နည်းဆိုသော်) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အောင်စန္ဒာလမ်း၊ ရတနပါလ၀ါးခယ်မကျောင်းဟုခေါ်တွင်သော အကျယ်အ၀န်း(၃၀၀ x ၃၁၀) ပေ၊ (၂.၁၀၀)ဧကရှိ အခွန်လွတ်သာသနာမြေ ဘုန်းကြီးကျောင်းအား အမည်ပေါက်ပိုင်ဆိုင်သည့် ဘဒ္ဒန္တပဏ္ဍာဝံသ (အဂ္ဂမဟာပဏ္ဍိတ) [၁၄/ဝခမ(သ)၀၀၀၁၄၁]ပျံလွန်တော်မူပြီးနောက် နိုင်ငံတော်သံဃာ့နာယကအဖွဲ့၏ လမ်းညွှန်ချက်၊ တိုင်းဒေသကြီး သံဃာ့နာယကအဖွဲ့၏ လမ်းညွှန်ချက်၊ မြို့နယ်သံဃာ့နာယကအဖွဲ့၏ ဆုံးဖြတ်ချက်များအရ အိမ်မဲမြို့၊ သိရောမဏိကျောင်းတိုက်ဆရာတော် ဦးပညာဝံသ၊ ဦးစိုးလှိုင်၊ ဦးဝင်းလှိုင် သန္တကဝင်များကသာ ရတနပါလ၀ါးခယ်မကျောင်းတိုက်အား စီမံအုပ်ချုပ်ခွင့်ရှိကြောင်း ဆုံးဖြတ်ချက်များရယူပြီးနောက် အထက်ဖော်ပြပါကျောင်းတိုက်နေရာတွင် သီတင်းသုံးနေထိုင်ခြင်းဖြစ်ပါသည်။ အဆိုပါမြေနေရာအား ကျူးကျော်ဝင်ရောက်သီတင်းသုံးခြင်းမဟုတ်ပါ။ ဂရန်မူရင်း၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ သက်ဆိုင်ရာ သံဃာ့နာယကအဖွဲ့အစည်းအသီးသီး၏ ဆုံးဖြတ်ချက်များနှင့် အခြားခိုင်လုံသောအထောက်အထားများဖြင့် သီတင်းသုံးနေထိုင်ခြင်းဖြစ်၍ (၅-၁၀-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၌ အများသိစေရန်ကြေညာချက်သည် မှန်ကန်မှုမရှိပါကြောင်း ပြန်လည်ရှင်းလင်းအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်မောင်ဝင်း(LL.B)** (စဉ်-၁၀၉၃၀) **ဦးညီကိုလွင် (LL.B)** (စဉ်-၁၉၂၃၆)
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၅၀၊ ဘဏ်လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၆၄၅၆၀၈,၀၉-၅၀၂၄၁၂၀**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈
## လှည်းကူးခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၃

ကွယ်လွန်သူဦးဝင်းကြိုင်၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

**ဦးတင်ဦး** **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဝင်းကြိုင်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးတင်ဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၁) ရက် (၁၃၈၆၊ သီတင်းကျွတ်လဆုတ် ၄ ရက် ) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဝင်းကြိုင်၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဆိုင်သည်ဟု အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ချိန်းဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော (၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်) (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၄ ရက်) နံနက် (၁၀:၀၀) နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန် နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်ကဆိုခဲ့သော ဦးတင်ဦး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာ)**
**ဒုတိယခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှလှဝင်း[၁၁/သတန(နိုင်)၀၆၂၀၄]ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ၇/ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ မြေကွက်အမှတ်(၆၄၈)ဟုခေါ်တွင်သော မြေဧရိယာ (အလျားပေ ၃၀ x အနံပေ ၆၀) ရှိ မြေကွက်ပိုင်ရှင် ဒေါ်မြင့်မြင့်သိန်း [၁၂/သကတ(နိုင်)၀၁၁၄၈၈]ကိုင်ဆောင်သူပိုင် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော RC (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်အဆောက်အဦမှ ရေမီးအပြည့်အစုံ မြေညီထပ် (ခြေရင်းဘက်ခြမ်း) တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းလုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာသူ ဒေါ်တင်တင်အေး [၁၂/သကတ(နိုင်)၀၉၈၇၀၈] ကိုင်ဆောင်သူထံမှ အဆိုပါတိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ဒေါ်တင်တင်အေးထံသို့ စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်လှလှဝင်း**
**[၁၁/သတန(နိုင်)၀၆၂၀၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်နိုင်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၈၈၂) (၂၉-၄-၂၀၁၄)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၅၇၂၉၃၃၄၄၊ ၀၉-၇၉၈၁၉၃၂၉၉၊ ၀၉-၄၄၃၁၉၃၃၄၄**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ အိမ်ခန်းများ ငှားရမ်းမည့်အစီအစဉ်နှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီးနှင့် ရန်ကုန်မြို့ပတ်လမ်းမကြီးလမ်းဆုံအနီးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သုခဒဂုံပြည်သူ့အငှားအိမ်ရာမှ ဆောက်လုပ်ပြီးစီးသော အိမ်ခန်းများအား ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအား သတ်မှတ်ငှားရမ်းခနှုန်းထားများဖြင့် ငှားရမ်းနေထိုင်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အိမ်ငှားရမ်းခွင့်တင်ပြလာသော လျှောက်လွှာများအနက်မှ အိမ်ရာကြီးကြပ်မှုကော်မတီနှင့် အိမ်ခန်းနေရာချထားရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီတို့မှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီသူများ၊ ယခင်မဲနှိုက်ခွင့်ရရှိပြီး မဲမပေါက်သူများကို တိုက်ခန်းငှားရမ်းခွင့်နှင့် အခန်းနေရာများကို မဲစနစ်ဖြင့် ရွေးချယ်သွားမည်ဖြစ်ပါသည်။

၂။ မဲနှိုက်ခွင့်ရရှိသူများစာရင်းနှင့် မဲနှိုက်ရမည့် အဆောက်အဦ၊ နေ့ရက်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများတွင် (၁၁-၁၀-၂၀၂၄) ရက်နေ့မှ (၂၅-၁၀-၂၀၂၄) ရက်နေ့အထိ အသိပေးကြေညာထားမည်ဖြစ်ပါသည်။ မဲနှိုက်ရမည့်စာရင်း တွင်ပါဝင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် မှတ်ပုံတင်(မူရင်း)နှင့် အိမ်ထောင်စုလူဦးရေစာရင်းများယူဆောင်၍ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သုခဒဂုံပြည်သူ့အငှားအိမ်ရာတွင် တည်ဆောက်ပြီးစီးသည့် သတ်မှတ်ထားသော အဆောက်အဦများအောက်တွင် (၂၆-၁၀-၂၀၂၄)ရက်နေ့ နံနက်(၁၀း၀၀)နာရီတွင် မဲနှိုက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သတ်မှတ်ချိန်အတွင်း လာရောက်ခြင်းမရှိပါက တိုက်ခန်းမဲနှိုက်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

**အိမ်ခန်းနေရာအငှားချထားရေးနှင့်စည်းကမ်းထိန်းသိမ်းရေးကော်မတီ**
**သုခဒဂုံပြည်သူ့အငှားအိမ်ရာ**
**ဖုန်း-၀၉-၄၂၁၂၅၉၆၈၂၊ ၀၉-၆၉၉၉၉၈၈၀၄**

## အများသိစေရန် တောင်းပန်ခြင်း

ကျွန်မဒေါ်တင်တင်အေး [၁၂/ရကန(နိုင်)၀၂၁၂၈၅] သည် (၈ - ၄ -၂၀၁၇) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)တွင် ဦးရဲလင်းအောင် [၁/မကတ(နိုင်)၀၆၄၅၂၆]နှင့် ဦးမျိုးနိုင်ဦး[၁၄/ဝခမ(နိုင်)၀၂၂၄၇၃] တို့အပေါ် ဂုဏ်သိက္ခာကျဆင်းစေမည့်စကားရပ်များ ထည့်သွင်းရေးသားခဲ့သည်ကို ပြန်လည်ရုပ်သိမ်းပါကြောင်း ဦးရဲလင်းအောင်နှင့် ဦးမျိုးနိုင်ဦးတို့နှစ်ဦးအပေါ် တောင်းပန်ပါကြောင်းနှင့် (၂၅-၁၀-၂၀၁၆) ရက်စွဲပါ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်နှင့် (၃၁-၅-၂၀၁၇) ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်တို့အား ဖျက်သိမ်းပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး**
**[၁၂/ရကန(နိုင်)၀၂၁၂၈၅]**

## ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ တုသိတာလမ်း၊ အမှတ်-၃၁၉ ဟုခေါ်တွင်သော (၃)ခန်းတွဲ၊ (၅)ထပ်တိုက်၏ (၃)လွှာ၊ အလယ်ခန်း၊ B-3 အကျယ်အဝန်း(၁၂½ပေ x ၅၂ ပေ) ရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်တို့အား ဦးနန်းဇော်ဦး [၇/မညန(နိုင်)၀၅၂၄၁၇] နှင့် ဒေါ်စုမြတ်နိုင်[၇/ပခန(နိုင်)၃၀၀၃၃၀]တို့က ရိုးမဘဏ်ချေးငွေဖြင့် ဝယ်ယူထားကြောင်း၊ ယင်းချေးငွေများကို အပြည့်အဝ ပြန်လည်ပေးဆပ်ပြီး စာချုပ်မူရင်းဖြင့် တရားဝင်ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေများကို ရောင်းချရန်ကမ်းလှမ်းရာ ကမ်းလှမ်းမှုကို လက်ခံသဘောတူပြီး ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် (၈-၁၀-၂၀၂၄) ရက်စွဲပါ ကတိစာချုပ်ဖြင့် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချန္ဒရာ (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၂၉)
**ဒေါ်အေးမြတ်မွန်(LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၉၄၄၃)
**အမှတ်-၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်း၊ Strand Condo၊ ပထမထပ်၊ အခန်း(၄)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph-09-5161378**

## ဦးမြင့်လွင်[၁၄/ကပန(နိုင်)၁၃၂၀၇၀] နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (င)ရပ်ကွက်၊ နှယ်နီ(၈)လမ်း၊ အမှတ်(၃၃၆)တွင် နေထိုင်သူ ဒေါ်နီနီမာ [၁၂/ဥကမ(နိုင်)၁၀၀၇၉၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိစေအပ်ပါသည်-

ကျွန်ုပ်တို့မိတ်ဆွေ ဒေါ်နီနီမာနှင့် ကန်ထရိုက်တာ ဦးမြင့်လွင်တို့သည် (၁၃-၁-၂၀၂၄) ရက်စွဲပါကတိစာချုပ်အရ ကန်ထရိုက်တာ ဦးမြင့်လွင်မှ (၁၄-၇-၂၀၂၄)ရက်နေ့တွင် အဆောက်အဦအား ပြီးဆုံးအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုစာချုပ် ချုပ်ဆိုခဲ့သော်လည်း ယနေ့အချိန်အထိ အဆောက်အဦအား ပြီးဆုံးအောင် ဆောက်လုပ်ခြင်းမရှိခဲ့သဖြင့် ကျွန်ုပ်တို့မိတ်ဆွေနှင့် ဦးမြင့်လွင်တို့ချုပ်ဆိုခဲ့သော (၁၃-၁-၂၀၂၄)ရက်စွဲပါစာချုပ်သည် ပျက်ပြယ်သွားပြီဖြစ်ပါသည်။ ထို့ကြောင့် အထက်လိပ်စာပါ အဆောက်အဦနှင့်ပတ်သက်၍ မြေရှင် ဒေါ်နီနီမာမှ အလုံးစုံစီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကန်ထရိုက်တာဦးမြင့်လွင်မှ အခြားသူများအား ရောင်းချခဲ့သော တိုက်ခန်းများနှင့်စပ်လျဉ်း၍ မြေရှင်ဒေါ်နီနီမာ၌ တာဝန်မရှိပါကြောင်း ဦးမြင့်လွင်နှင့် အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ -**
**ဒေါ်နီနီမာ**
**[၁၂/ဥကမ(နိုင်)၁၀၀၇၉၅]**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သိမ့်သိမ့်ထွန်း** (စဉ်-၁၂၆၇၆)
**ဒေါ်ထက်ထက်အေးငြိမ်း** (စဉ်-၁၈၉၄၂)
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးအမှတ်(၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၉၅၇၅၂၉၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုရာထူးဝန်အဖွဲ့
## Union Civil Service Board
### လျှောက်လွှာခေါ်ယူခြင်း

ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၄
၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်
( ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက် )

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊စက်မှုဝန်ကြီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန၊အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ရုံးအမှတ်(၁၇)၊ နေပြည်တော်နှင့်ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ (ရန်ကုန်ရုံးခွဲ)၊ အမှတ်(၆၅)၊အဝေရာလမ်း၊မေတ္တာညွှန့်ရပ်ကွက်၊တာမွေမြို့နယ်၊ (သို့မဟုတ်) တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ လျှောက်လွှာဝယ်ယူ၍ လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လည်းကောင်း၊Online စနစ်ဖြင့် e-Recruitment and Selection System (e-RSS) (UCSB e-RSS Mobile Application နှင့် UCSB e-RSS Web Based) တို့ကို အသုံးပြု၍လည်းကောင်း၊ **၁၀-၁၁-၂၀၂၄ရက်နေ့နောက်ဆုံးထား၍** လျှောက်ထားနိုင်ပါသည်-

**( က ) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာန | ဆရာဝန် | ၁ နေရာ |

**( ခ ) စက်မှုဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| မြန်မာ့ဆေးဝါးလုပ်ငန်း | အလုပ်ရုံခွဲမှူး | ၂ နေရာ |

**( ဂ ) ကျန်းမာရေးဝန်ကြီးဌာန**

| စဉ် | ဌာန | ရာထူး | လစ်လပ် |
|---|---|---|---|
| (၁) | ကုသရေးဦးစီးဌာန | ဆရာဝန်(သစ်လွင်) | ၂၅၀နေရာ |
| | | ဆရာဝန်(သွားနှင့်ခံတွင်း) | ၅၀နေရာ |
| (၂) | ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန | ဆရာဝန်(သွားနှင့်ခံတွင်း)(သရုပ်ပြ) | ၂၅ နေရာ |
| (၃) | အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန | ဦးစီးအရာရှိ(အစားအသောက်) | ၆ နေရာ |
| | | ဦးစီးအရာရှိ(ဆေးဝါး) | ၅ နေရာ |
| | | ဦးစီးအရာရှိ(ဓာတ်ခွဲ) | ၄ နေရာ |

**( ဃ ) အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

| ဌာန | ရာထူး | လစ်လပ် |
|---|---|---|
| အားကစားနှင့်ကာယပညာဦးစီးဌာန | တာဝန်ခံဆရာဝန် | ၁၁ နေရာ |

| | | |
|---|---|---|
| **( င ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ** | ဆရာဝန် | ၂၁ နေရာ |

၂။ အထက်စာပိုဒ်(၁)ပါ ဝန်ကြီးဌာန(၅)ခုအနက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၂၁၀၊ နည်းဥပဒေခွဲ(ဇ)အရ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွက် ရာထူးမှ ထုတ်ပယ်ခံရသူများလျှောက်ထားလာပါက လက်ခံရယူလိုခြင်းရှိပါကြောင်းနှင့် ကျန်ဝန်ကြီးဌာနများအတွက် ရာထူးမှ ထုတ်ပယ်ခံရသူများ လျှောက်ထားလာပါကလက်ခံရယူလိုခြင်းမရှိပါကြောင်းဖော်ပြထားရှိပါသည်။နေပြည်တော်စည်ပင်သာယာရေးကော်မတီမှအပ ကျန်ဌာန(၄)ခုအတွက် ရာထူးမှထုတ်ပယ်ခံရသူများ လျှောက်ထားလာပါက ရွေးချယ်မည်မဟုတ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

၃။ လျှောက်ထားသူများအနေဖြင့် ကြော်ငြာခေါ်ယူသောရာထူးအလိုက် သတ်မှတ်ပညာအရည်အချင်းများနှင့် အသေးစိတ်အချက်အလက်များကို အချိန်မီသိရှိလိုပါက **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website ဖြစ်သည့်** www.ucsb.gov.mm နှင့် **Myanmar National Web Portal**-www. myanmar. gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် ထုတ်ပြန်ချက်တွင် မရှင်းလင်းသည်များ မေးမြန်းလိုပါက ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရွေးချယ်ရေးဌာနစိတ်၏ တယ်လီဖုန်းအမှတ်၊ (၀၆၇- ၃၄၀၉၀၅၂/ ၀၆၇-၃၄၀၉၄၃၀/ ၀၉-၄၂၄၄၀၈၉၅၄/ ၀၉-၄၂၀၇၀၆၆၀၅/ ၀၉-၇၉၇၇၂၇၆၉၆/ ၀၉-၄၄၁၉၃၇၃၄၃ နှင့် ၀၉-၂၆၂၅၀၂၉၈၈)တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသန်းအောင် ၏ သမီး ဒေါ်နီနီရွှေ[၁၂/သခန(နိုင် ၀၁၀၂၃၂]၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-889360703**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၀၀)၊ အခန်းအမှတ်(၁၀၂)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးမြသန်း [၁၄/ဘကလ(နိုင်)၁၃၆၇၈၉] ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်ခင်စန်းမြင့်[၁၂/လမန(နိုင်)၀၁၈၃၁၈]က ဦးမြသန်းအမည်ဖြင့်ဌာနမှ ထုတ်ပေးထားသောအိမ်ပေါ် တက်ရောက်နေထိုင်ခွင့်ပြုကြောင်း အကြောင်းကြားစာမူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း အထောက်အထားများတင်ပြပြီး ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော/မြောက်ရပ်ကွက်၊ ငှက်ပျောတောလမ်း၊ အမှတ်(၂၆)ရှိ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ ပဉ္စမထပ်(၆လွှာ) အခန်း-A (ခေါင်းရင်းခန်း)(အလျားxအနံ) (၁၂½' x ၅၀') ရှိ ရေမီးအစုံပါ တိုက်ခန်းအား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ရီရီမော်[၅/ကလထ(နိုင်)၂၄၇၇၉၂] ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ကြောင်းအထောက်အထားမူရင်းများ ယူဆောင်၍ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာဆွေ (BA, HGP, RL)**
**အထက်တန်းရှေ့နေ (စဉ်-၁၆၄၂၀)**
**တိုက် ၃၅/၅၊ ဝေဠုဝန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၂၇၂၀၂၁၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အောင်စေတီလမ်း၊ လူနေအိမ်အမှတ်(၈၁၆/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၇၀ ပေ x အနံ ၅၀ ပေ)ရှိ ရွာမြေနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာကြသူ ဦးမောင်မောင်နိုင် [၁၂/လမန(နိုင်)၀၂၈၈၇၁]နှင့် ဒေါ်မြင့်မြင့်သွယ် [၁၂/လသန(နိုင်)၀၁၃၄၃၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန် စရန်ငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (တစ်လ)အတွင်း ကန့်ကွက်လိုပါက မူရင်းစာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုခြင်းမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စန္ဒာသက်ထွန်း**
**(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၂၉)**
**Ph:09-250177491, 09-962617405**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ ပန်းခြံကျောင်းလမ်း၊ တိုက်(၁၂)၊ အခန်း(ဒါဘာ-ဘီ)နေ ဦးဝင်းထွဋ်ဝင်း [၁၄/ကခန(နိုင်)၀၇၃၇၇၈] လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းထွဋ်ဝင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ခရမ်းဝကျေးရွာအုပ်စု၊ ခရမ်းဝကျေးရွာရှိ မြေကွက်အမှတ်-၆၃၊ ၆၄၊ တစ်ကွက်လျှင် အကျယ်အဝန်း (အလျား ၆၀ x အနံ ၂၀)ပေစီရှိ မြေကွက်(၂)ကွက်အပါအဝင် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်သူ ဦးခိုင်ဝင်းစိုး[၁၂/တတန(နိုင်)၁၆၃၂၇၀]ထံမှ ဦးဝင်းထွဋ်ဝင်း သည်(၁၈-၉-၂၀၂၀)နေ့တွင် ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ထပ်မံရောင်းချထားခြင်းမရှိဘဲ ယနေ့အချိန်ထိ အထက်ပါမြေကွက်(၂)ကွက်သည် ကျွန်ုပ်မိတ်ဆွေလက်ဝယ်ရှိ ပိုင်ဆိုင်သော မြေကွက်(၂)ကွက်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဝင်းဖြူ (LL. B, D.B.L, WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၂၈၄)**
**အမှတ်-၄၆(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၁၁၀၃၃၃၄**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဃ)၊ ဝေပုလ္လ(၇)လမ်း၊ မြေကွက်အမှတ်(၅၆၈/ခ)၊ ဒေါ်အမာစု အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ (၂၀x၆၀)၊ ၁၂၀၀-စတုရန်းပေ၊ (၀.၀၂၇)ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးညီညီလွင်[၇/ဖမန(နိုင်)၁၁၀၂၆၃]မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးဝင်းမြိုင်[၉/တသန(နိုင်)၁၄၆၆၅၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝင်းမြိုင်၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၂)၊ အင်းဝ(၁၁)လမ်း၊ အမှတ်(၅၅၄)၊ ဦးခင်မောင်လွင် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ် ပေ(၄၀x၆၀)အနက်မှ မြေကွက်အမှတ်-၅၅၃ နှင့် ကပ်လျက်ဘက်၏ (ဂရန်မိတ္တူခြမ်း) မြေအကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်ဖြိုးဝေ [၁၂/ဒဂရ(နိုင်) ၀၂၅၂၅၅]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အေးချမ်းမေ [၇/ဇကန(နိုင်)၀၇၁၂၄၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးချမ်းမေ၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁

| | | |
|---|---|---|
| ဦးမိုးကျော်ကျော် | နှင့် | ၁။ ဒေါ်နန်းဝိုးလာ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | ၂။ ဒေါ်နန်းအေးအေးလွင် |
| ဒေါ်ရတနာကျော်ကျော်) | | ၃။ ဒေါ်နီလာအေး |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ စွယ်တော်လမ်း၊ ၆၂ x ၆၃ လမ်းကြား၊ အမှတ်(ဏ-၃/၄၀)နေ အမှတ်(၁)တရားပြိုင် ဒေါ်နန်းဝိုးလာ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇောတိကအိမ်ရာ၊ တိုက်(၂)၊ အခန်း(၇၀၁)နေ အမှတ်(၂)တရားပြိုင် ဒေါ်နန်းအေးအေးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လူအစားထိုးဖြင့် မမှန်မကန်ဆောင်ရွက်ခဲ့သော မှတ်ပုံတင်အမှတ်(၁၂၇၃၃/၂၀၁၈)ဖြင့် လွှဲအပ်ခဲ့သော အထူးကိုယ်စားလှယ်လွှဲစာ၊ မှတ်ပုံတင်အမှတ်(၁၈၆၁/၂၀၂၃) ဖြင့် မြေကွက်အပြီးအပိုင်အရောင်းအဝယ်စာချုပ်နှင့် မြေငှားဂရန်တွင် ဒေါ်နီလာအေးအမည်ဖြင့် အမည်ပေါက်မှတ်သားထားခြင်းတို့အား ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" နှင့် "(၁) တရားပြိုင်ထံမှ အတိုးဖြင့်ချေးငှားခဲ့သော ငွေကျပ် ၇၀၀၀၀၀၀၀/- (ကျပ်သိန်းခုနစ်ရာတိတိ) အား တရားလိုက ပြန်လည်ပေးဆပ်ခွင့်ပြုပြီး အာမခံအဖြစ် ပေးအပ်ခဲ့သည့် ဦးမိုးကျော်ကျော် တရားဝင်အမည်ပေါက် ဂရန်မူရင်းနှင့်တကွ ခြံမြေကွက်တို့အား တရားပြိုင်များက တရားလိုထံ ပြန်လည်ပေးအပ်စေလိုမှု" ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်၊ မွန်းလွဲ (၁၃:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## (၁-၁၀-၂၀၂၄) ရက်စွဲပါ မြန်မာ့အလင်း/ကြေးမုံ သတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးကျော်ဟန် (LL.B) ၏ "ဦးသိန်းဘော်(ခ)ဦးအောင်မြင့်(ခ)ဦးသိန်းမြင့် (ဘ) ဦးခင်ဖေ(ခ)ဦးခင်ဇော်နှင့် သက်ဆိုင်သူများသိစေရန်" ဟူသော ကြေညာချက်အပေါ် ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဖော့ကန်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေအမျိုးအစား-မြေပိုင်မြေ၊ မြေကွက်အမှတ်(၉၃၊ ၉၄၊ ၉၅၊ ၉၉၊ ၁၀၀)တို့သည်ကျွန်ုပ်၏အမှုသည် ဦးသိန်းဘော်(ခ)ဦးအောင်မြင့်(ခ)ဦးသိန်းမြင့်နှင့်သာ သက်ဆိုင်ပိုင်ဆိုင်ခွင့်ရှိသော မြေကွက်များဖြစ်ပါသည်။ ဒေါ်ခင်မေသိန်းဆိုသူနှင့် မည်သို့မျှ သက်ဆိုင်ပိုင်ဆိုင်မှုမရှိပါသောကြောင့် ၎င်း၏အထွေထွေကိုယ်စားလှယ်ရသူမှလည်း မည်သို့မျှ ဆောင်ရွက်ပိုင်ခွင့်မရှိပါ။ ထို့ကြောင့် သက်ဆိုင်ပိုင်ခွင့်ရှိသူနှင့်သော်လည်းကောင်း၊ ကျွန်ုပ်တို့နှင့်သော်လည်းကောင်း၊ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တရားဝင်လာရောက်ညှိနှိုင်းနိုင်ပါကြောင်း ပြန်လည်အကြောင်းကြား သိစေအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ -** | **ညွှန်ကြားချက်အရ-** |
| **ဦးသိန်းဘော်** | **ဒေါ်ရီရီတင် (စဉ်-၁၉၉၅)** |
| **အမှတ်-(၆၄/၆၈)၊ ၁၁၉လမ်း၊** | **တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်** |
| **မင်္ဂလာတောင်ညွှန့်မြို့နယ်။** | **ဒေါ်မျိုးကြာဖြူ(စဉ်- ၅၆၁၉၁)** |
| **ဖုန်း-၀၉-၅၃၃၁၂၃၉** | **အထက်တန်းရှေ့နေ** |
| | **ရုံး-အမှတ် (၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊** |
| | **ကျောက်တံတားမြို့နယ်။** |
| | **ဖုန်း - ၀၉-၅၀၁၈၃၄၅** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၂၀/က)၊ မြေကွက်တည်နေရာအမှတ်(၂၀/က)၊ ကေတုမာလာ(၃)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးနံ့သာလှ(RRE-016136)၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးနံ့သာလှ (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အောင်သိန်းရွှေ [၁၂/ဥကတ(နိုင်)၀၃၇၂၉၉]မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်)မြေပုံကူးလျှောက်ထားလာမှုအပေါ် စိစစ်ရာ မြေစာရင်းမှတ်ချက် (၁)၊ (၂)၊ (၃)၊ (၄) ရှိ (၁၉၉၅၊ ၁၉၉၆၊ ၁၉၉၈) ခုနှစ်များတွင် ဦးနံ့သာလှမှ မြေပုံကူးလျှောက်ထားခဲ့မှုရှိပြီး ယင်းမြေစာရင်းမှတ်ချက်နှင့်ပတ်သက်၍ လျှောက်ထားသူ ဒေါ်အောင်သိန်းရွှေမှ မြေစာရင်းမှတ်ချက်(၁)၊ (၂)၊ (၃)ရှိ (၁၉၉၅၊ ၁၉၉၆၊ ၁၉၉၈) ခုနှစ်တွင် ဘဏ်ချေးမြေပုံမှာ ထုတ်ယူခဲ့ပြီး လက်ဝယ်တွင်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်းနှင့် မြေစာရင်းမှတ်ချက်(၄)ရှိ ၁၉၉၈ ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမြေရာဇဝင်မူရင်းအား အသုံးပြု၍ ဘဏ်တွင်ချေးခဲ့ရာ ဘဏ်ချေးငွေများအား ဘဏ်သို့ ကြွေးကျန်လုံးဝမရှိစေဘဲ အပြေအကျေပြန်လည်ပေးဆပ်ခဲ့ပြီးနောက် လက်ဝယ်သိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပါကြောင်း၊ ဂရန်မူရင်းမှာ လက်ဝယ်တွင်ရှိကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သီရိ [၁၂/လသယ(နိုင်) ၀၈၃၆၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သီရိ [၁၂/လသယ(နိုင်) ၀၈၃၆၉၇]မှ အမှတ်-၆၆၊ လေးထောင့်ကန်လမ်းမ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်မှတ်တိုင်အနီးတွင် **Beauty Genter Nail and Spa** အမည်ဖြင့် လက်သည်း၊ ခြေသည်း၊ အလှပြုပြင်ရေးလုပ်ငန်းအား ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ဖွင့်လှစ်လုပ်ကိုင်လျက်ရှိရာ အဆိုပါဆိုင်တွင် အမျိုးသမီးဝန်ထမ်းများဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိနေစဉ် မခင်စပယ်လှိုင် [၅/ယမပ(နိုင်)၁၅၃၈၃၇] အပါအဝင် ကျန်အမျိုးသမီးဝန်ထမ်း(၃)ဦးတို့သည် ဆိုင်၏လုပ်ငန်းလည်ပတ်မှု ပျက်ပြားစေရန် ရည်ရွယ်၍ ဆိုင်ရှင်အား ကြိုတင်အသိပေးခြင်းလုံးဝမရှိဘဲ တစ်နေ့တည်းတစ်ချိန်တည်းတွင် ပြိုင်တူ(၄)ဦးလုံး အလုပ်မဆင်းတော့ဘဲ အလုပ်မှထွက်သွားကြပါသည်။

ထို့ပြင် လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်း **@useryooneaint Tik Tok Account** ဖြင့်လည်းကောင်း၊ **Khin Sabal Hlaing Facebook Account** ဖြင့် **Comment** များရေးသား၍လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်သီရိ၏ ကိုယ်၊ စိတ်၊ ဂုဏ်သရေ၊ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသော အရေးအသား အသုံးအနှုန်းများဖြင့် မမှန်မကန် ရေးသားလွှင့်တင်ခြင်း၊ အသက်အန္တရာယ်အား ခြိမ်းခြောက်ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် လူမှုပတ်ဝန်းကျင်နှင့် ၎င်းဖွင့်လှစ်လုပ်ကိုင်လျက်ရှိသော စီးပွားရေးလုပ်ငန်းတွင် များစွာ ထိခိုက်နစ်နာခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ **@useryooneaint Tik Tok Account** ပိုင်ရှင်နှင့် **Khin Sabal Hlaing Facebook Account** ပိုင်ရှင် မခင်စပယ်လှိုင်တို့မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြတ်သီရိ၏ ကိုယ်၊ စိတ်၊ ဂုဏ်သရေ၊ အကျိုးစီးပွား ထိခိုက်နစ်နာ ခဲ့မှုအပေါ် အမြန်ဆုံး တရားဝင် ပြန်လည်တောင်းပန်ပါရန်နှင့် ပြန်လည်တောင်းပန်ခြင်း မရှိပါကလည်းကောင်း၊ နောက်နောင်တွင် မခင်စပယ်လှိုင် အပါအဝင် မည်သူမဆို ယခုကဲ့သို့ ထပ်မံပြုလုပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မခင်စပယ်လှိုင်နှင့် ပူးပေါင်းပါဝင်သူများအားလုံး သိရှိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်မြတ်သီရိ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၉၇၃)**
**အမှတ်(၂၄၈)၊ မင်္ဂလာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉- ၂၅၀၁၆၁၈၉၈၊ ၀၉-၄၃၁၁၇၇၃၃**

## ဒေါ်ကေသွယ်(ခ)ဒေါ်ခင်ခင်စိန်
## St. AUGUSTINE ကျောင်းသူဟောင်း
## အသက် (၇၃) နှစ်

ရန်ကုန်မြို့နေ (ဦးမိုးကျော်-ဒေါ်ခင်ဆွေရီ) တို့၏ သမီးကြီး၊ ဦးမိုးဇော်-ဒေါက်တာကြေးမုံဝင်း၊ (ဒေါ်မေသက်နွယ်)-ဦးမြင့်စိုးနိုင်၊ ဦးဝင်းဦး-ဒေါ်ခိုင်စုဝင်း၊ ဦးမိုးညွန့်-ဒေါ်ကုမာရီ၊ (ဦးဘုန်းဇော်)-ဒေါ်နီနီကျော်စိန်၊ ဒေါ်သန်းနွယ်အေး-(ဦးကျော်ဌေး)၊ ဦးသန့်-ဒေါ်ခင်ဥမ္မာကျော်၊ ဦးဝင်းမိုး-ဒေါ်ခင်စုဝေတို့၏ အစ်မကြီး၊ ဒေါ်မြတ်စုခိုင်၊ ဒေါ်လှမျိုးခိုင်-ဦးအောင်ဖေလင်း၊ ဒေါ်ဖြူဖြူသွယ်-ဦးမျိုးစည်သူ၊ ဒေါ်နီနီသွယ်တို့၏ ချစ်လှစွာသောမိခင်၊ မသွန်းထက်ဝိုင်၊ မမြတ်ကြည်ဖြူ မစုစံအိမ်လင်း၊ မောင်မြတ်ဘုန်းခန့်တို့၏ ချစ်လှစွာသော အဘွားသည် ၇-၁၀-၂၀၂၄ (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်နွယ်နီငွေ (B.Com,1984 )
## ဒုတိယစီမံကိန်းမှူး (1987-1996)
## စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး
## (အ.ထ.က-၂၊ စမ်းချောင်း ကျောင်းသူဟောင်း)
## အသက် (၆၀) နှစ်

(စက်ရှင်မင်းကြီး ဦးအုန်းဖေ-ဒေါ်မမကြီး)၊ (ဦးဘခင်-ဒေါ်လုံးတင်)တို့၏မြေး၊ (ဦးတင်ငွေ-ဒေါ်ခင်မေအုန်း)တို့၏ သမီးထွေး၊ အမှတ်(၂၉)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်နေ ဦးဇော်ဝင်း-ဒေါ်လှဲ့လှဲ့ငွေ၊ (ဒေါ်ကေသီငွေ)တို့၏ ညီမငယ် ဒေါ်နွယ်နီငွေသည် ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့)၊ နံနက် ၅:၄၅ နာရီတွင် Grand Hantha International Hospital ၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၂၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ထွန်း (B.Sc Chemistry)
## ဦးစီးအရာရှိ(ငြိမ်း)၊ စီးပွား/ကူးသန်းဝန်ကြီးဌာန
## အသက် (၅၈) နှစ်

တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၂၄)လမ်း၊ အမှတ်(၇၀၉/က)နေ (ဦးစံ-ဒေါ်အုန်းရင်) တို့၏ သမီးချွေးမ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေ (ဦးကံထွန်း-ဒေါ်ရီရီရှိန်)တို့၏ သမီး၊ မသူသူဝိုင်း၏ မွေးသမိခင်၊ ဦးဝင်းမြင့်(ခရိုင်အရာရှိ-ငြိမ်း) ရန်ကုန်မြို့တော်စည်ပင်၏ ချစ်လှစွာသောဇနီးသည် ၁၀-၁၀-၂၀၂၄ ရက် နံနက် ၇:၃၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ဒဂုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၂၄ ရက်နေ့ နံနက် ၇ နာရီ မှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ (၅၇)လမ်း၊ တိုက်အမှတ်(၇၅)၊ (၃)ခန်းတွဲ (၃½/၅)ထပ်တိုက် အဆောက်အဦမှ အခန်းအမှတ်(C-4)၊ (ဒါဘာ)တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးနေနောင်ဦး [၁၂/လမန(နိုင်)၁၁၄၂၂၄]+ဦးနေအောင်ဝင်း[၁၂/လမန(နိုင်)၀၄၂၅၈၀]ထံမှ ဒေါ်ဇာခြည်ဝင်း[၁၂/လမန(နိုင်)၁၃၈၁၂၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၀၈၂၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ်(၃)ပေါ်တွင် ဆောက်လုပ်ထားသည့် 3 Mahar Swe Condo ၏ (Level-7) အခန်းအမှတ်(A-708)၊ အကျယ်အဝန်း (၁၀၈၈ စတုရန်းပေ) ဟုခေါ်တွင်သည့် ကွန်ဒိုတိုက်ခန်းနှင့် ကားပါကင်(၁)စီးစာနေရာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဦးအောင်သိန်း [၁၃/လရန(နိုင်)၁၂၁၂၇၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ LL.B, M.A (Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**အမှတ်(၃၇)၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၆၃၄၀၅**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## သချာအောင်သင်း(ခ)ဦးအောင်ဝင်း
## အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ်(၃၆၇-ပထပ်)၊ မဟာဗန္ဓုလလမ်းနေ (ဦးဘသိန်း-ဒေါ်အေးပု)တို့၏သား၊ မမေမီမိုး(CB Bank)၏ ချစ်လှစွာသောမွေးသဖခင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်အဖွဲ့ဝင်၊ ဝါရင့်သမ္မာရင့် သချာအောင်သင်း(ခ)ဦးအောင်ဝင်းသည် ၉-၁၀-၂၀၂၄ ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၁-၁၀-၂၀၂၄ (သောကြာနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၁၀-၂၀၂၄ ရက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သန့်ဇင်လမ်း၊ အမှတ်-၄၂/ခ၊ (အလျား ၃၃'-၃၅' x အနံ ၁၁')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်နေအိမ်အဆောက်အဦအပါအဝင် ယင်းတို့နှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးဇော်ထွန်း [၁၂/မရက(ပြု)၀၀၀၃၄၆]မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ပြဿနာကင်းရှင်းကြောင်း ဝန်ခံသောကြောင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ပု [၁၁/ရသတ (နိုင်) ၀၃၉၆၀၆]မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ တိကျခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်၊ စာရွက်-စာတမ်းမူရင်း အထောက်အထားများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ပု၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနိုင်လင်းထွန်း တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၃၈၈)**
**အမှတ်- ၁၁၈/၁၂၀၊ (၄၆)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၄၃၄၃၀၃၈၊ ၀၉-၉၆၄၃၄၃၀၃၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနုလမ်း၊ အမှတ်- ၁၆၊ ခေါင်းရင်းခန်း၊ ၅-လွှာ၊ စတုတ္ထထပ် (၁၄ပေx ၅၈ပေ) အကျယ်အဝန်းရှိ ရေ၊ မီးအစုံ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ဆိုင်သည့် ရောင်းချခွင့်ရှိသည်ဟု ကတိပြုသူ ဦးမောင်မောင်စိန် [၉/မရတ(နိုင်) ၀၈၅၁၃၀]၊ ဒေါ်ချိုချို [၁၂/စခန(နိုင်) ၀၄၈၈၀၆]က လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းလွှဲပြောင်းရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် လာရောက်ကန့်ကွက်ပါရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါ တိုက်ခန်းရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ပြီးဆုံးရန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချို**
**[၁၂/စခန(နိုင်)၀၄၈၈၀၆]**
**ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်။**
**၀၉-၅၀၄၄၀၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၆၁/၂ ရပ်ကွက်၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက်အမှတ် (၆-ဘီ)၊ အခန်းအမှတ်(၁၃၀၈)၏ အမည်ပေါက် ဦးမျိုးမင်းသန့် [၁၂/သလန(နိုင်) ၀၆၅၀၂၁]ထံမှ ဒေါ်ကေခိုင်ထွန်း [၁၂/ရကန(နိုင်) ၀၆၆၂၆၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂) ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၇၊မြေကွက်အမှတ်-၂၇/က၊(၀.၀၈၃)ဧက၊မြေကွက်တည်နေရာအမှတ်-၁၈၊မယ်ဇီကုန်းလမ်း၊(၇)ရပ်ကွက်၊ဒေါ်ယဉ်ပု(၁၂/လမန(နိုင်)၀၅၃၄၅၃)အမည်ပေါက်မြေပိုင်မြေ(လ/န-၃၉)မြေအားအမည်ပေါက်(မိခင်)ဖြစ်သူဒေါ်ယဉ်ပုသည်(၁၄-၆-၂၀၂၃)ရက်နေ့တွင်လည်းကောင်း၊(ဖခင်)ဖြစ်သူဦးဝင်းမောင်သည်(၁-၃-၂၀၀၈)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သွားပါသဖြင့်ကျန်ရစ်သူသားသမီးများဖြစ်ကြသည့်ဦးအောင်နိုင်ဦး(၁၂/လမန(နိုင်)၁၁၃၂၆၀)၊ဒေါ်တင်တင်မိုး(၁၂/လမန(နိုင်)၀၅၃၄၅၂)၊ဒေါ်စုစုမြတ်(၁၂/လမန(နိုင်)၀၅၃၄၅၄)တို့ကမိမိတို့မောင်နှမ(၃)ဦးသာမွေးဖွားထွန်းကားခဲ့ကြောင်း၊အခြားသောသား/သမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊အမွေစားအမွေခံကိတ္တိမသား/သမီးများလည်းမွေးစားထားခဲ့ခြင်းလုံးဝမရှိပါကြောင်း၊မိမိတို့သား/သမီး(၃)ဦးသာလျှင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊မိမိတို့မှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း(၁၇-၆-၂၀၂၄)ရက်စွဲပါတရားရုံးကျမ်းကျိန်၊ထောက်ခံကျမ်းကျိန်၊ဒေါ်ယဉ်ပုနှင့်ဦးဝင်းမောင်တို့၏သေစာရင်း(၂)စောင်၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊အမည်ပေါက်စာချုပ်တို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးစိုးတင့်
### ကျောင်းအုပ်ဆရာကြီး(ငြိမ်း)၊ တောင်ငူမြို့
## အသက် (၈၉)နှစ်

တောင်ငူမြို့၊ ကျွန်းကုန်းနေ (ဦးဘိုးလွင်-ဒေါ်စွမ်တီ)တို့၏ သား၊ တောင်ငူမြို့၊ မင်းရဲကျော်စွာလမ်းနှင့် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ GEMS Garden Condominium နေ ဒေါ်ခင်ခင်ဝင်း၏ ခင်ပွန်း၊ မန္တလေးမြို့နေ ဒေါက်တာစည်သူ-ဒေါက်တာမာလာနီ၊ နေပြည်တော်နေ ဦးကြည်လှိုင်ဝင်း- ဒေါ်ကြေးမုံစိုး၊ ရန်ကုန်မြို့နေ ဒေါက်တာဇာနည်စိုး- ဒေါ်နှင်းနုဇော်တို့၏ ဖခင်၊ မြေး သုံးယောက်တို့၏အဘိုး ဦးစိုးတင့် (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)သည် ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံက် ၈:၂၀ နာရီတွင် ရန်ကုန်မြို့နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၂-၁၀-၂၀၂၄ (စနေနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ညှိုးငယ်သောစိတ်ထားဖြင့် အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်မြို့နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းဖြူဖြူဖွေး
## အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ (ဦးဘဦး-ဒေါ်ခင်ညို)၊ (ဦးလှဖေ- ဒေါ်သန်းတင်)တို့၏ မြေး၊ ဦးတင်မောင်မောင်-(ဒေါ်ဆွေဆွေလှ)တို့၏ သမီး၊ (ဦးခင်မောင်လတ်)-ဒေါ်ယဉ်ညွန့်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးတိုးဝင်းလတ်၏ ချစ်လှစွာသောဇနီး၊ ဦးမင်းမောင်မောင်ဦး၏ အစ်မ၊ မောင်စွမ်းရည်တိုး၏ ချစ်လှစွာသော မိခင်သည် ၉-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁:၃၁ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၄ (သောကြာနေ့) ညနေ ၅:၃၀ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇) ရပ်ကွက်၊ (-)လမ်း၊ မြေကွက်အမှတ် (၈၇၃) ဟုခေါ်တွင်သော ပါမစ်မူရင်းပိုင်ရှင် ဆရာမ JT ဒေါ်ခင်အေးမြင့် (ဘ) ဦးသန်းအေး [၁၂/လမန(နိုင်) ၀၆၀၆၁၄] အမည်ပေါက်ပိုင်ဆိုင်သည့် (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိသည့်အနက်မှ တရားဝင် မခွဲစိတ်ရသေးသော (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ပါမစ်မိတ္တူခြမ်းဖြစ်သော ခြေရင်းခြမ်းရှိ မြေကွက်တစ်ကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင် လက်ဝယ်ထားရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးနန်းဝင်းကို [၉/မသန(နိုင်) ၁၁၉၇၂၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူသူဌေး (LL.B, LL.M, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၂၅)**
**အမှတ် (၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၅၈၁၂၉၊ ၀၉-၇၈၉၀၁၆၀၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊မြေကွက်အမှတ်-၂၁၃၇၊မြေကွက်တည်နေရာအမှတ်(၂၁၃၇)၊(၁၅၁)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဦးမောင်ငွေ(BS-၀၁၃၈၇၁)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးမောင်ငွေ(BS-၀၁၃၈၇၁)ထံမှအရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူသူမခိုင်(၉/ဝတန(နိုင်)၁၃၈၇၈၀)မှပါမစ်မူရင်း(မူရင်းတုံးပါ)တင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီးလျှောက်ထားသူမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးတင်ပြထားပါသဖြင့်ဒေါ်ခိုင်မှပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၅၊မြေကွက်အမှတ်၁၁၄၈၊မြေကွက်တည်နေရာအမှတ်-၁၁၄၈၊စက်မှုလယ်ယာလမ်း၊(၄၅)ရပ်ကွက်၊ဒဂုံမြောက်၊ဦးအောင်ရှင်(KYN-၁၀၀၉၄၈)နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်-ဦးအောင်ရှင်(ကွယ်လွန်)၏ဇနီးဖြစ်သူကိုယ်စားတရားရုံးဘီလစ်ဒေါ်နီလာခင်မှချုပ်ဆိုပေးသောအရောင်းအဝယ်စာချုပ်အမှတ်(၇၅၇/၂၀၁၈)(၁၂-၃-၂၀၁၈)ဖြင့်တရားဝင်မခွဲမစိတ်ရသေးသောမြေကွက်ကြီး၏(၂၀'×၆၀')ပေခြေရင်းခြမ်းကိုဝယ်ယူပိုင်ဆိုင်သူဦးကျော်ဇင်မှဂရန်၊တရားမကြီးမှုအမှတ်-၁၉၈/၂၀၂၄၊ဇာရီမှုအမှတ်-၇၆/၂၀၁၅နှင့်အရောင်းအဝယ်စာချုပ်၊အမြတ်ခွန်ချုပ်၊မိတ္တူမြေကွက်ခွဲမြေပုံ၊မြေတိုင်းမြေပုံနှင့်အင်ဂျင်နီယာပုံ၊နိုင်ကတ်တို့တင်ပြ၍မိမိဝယ်ယူထားသည့်အစိတ်အပိုင်းကိုသာတစ်ဖက်သတ်ခွဲစိတ်ခွင့်ပြုပါရန်ဌာနဝင်စာဖြင့်တင်ပြလာပြီးဦးကျော်ဇင်(၁၂/လမတ(နိုင်)၀၂၆၀၂၈)မှတစ်ဖက်သတ်တိုင်းခွဲအတည်ပြုလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်အေး
## အသက် (၈၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ ပတ္တမြားလမ်း၊ အမှတ်(၂၉)နေ (ဦးသိန်းဌေး-ဒေါ်ကျင်ရီ)တို့၏ သမီးကြီး၊ (ဦးစိုးလင်း-ဒေါ်ကြင်ယုံ)တို့၏ သမီးချွေးမ၊ ဦးမြတ်သူ၏ဇနီး၊ ဦးမိုးသူ-ဒေါ်သူဇာအေး၊ (ဦးလွင်အေး)တို့၏ မွေးသမိခင်၊ U.S.Aနေ ဦးသိန်းထွန်း-ဒေါ်မြမြအေး၊ (ဦးထွန်းမောင်)-ဒေါ်အေးအေးလင်းတို့၏ ညီမ၊ ဦးလင်းထိန်-ဒေါ်စန်းစန်းလင်း၊ (ဒေါ်အေးမြင့်ဌေး)၊ ဦးတင်ထွန်းစိုး-ဒေါ်သိန်းသိန်းနွယ်၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးစိုးစိုးနောင်-ဒေါ်ယုယုဝင်း၊ ဒေါ်သန်းသန်းထွေးတို့၏ အစ်မကြီး၊ ဦးနိုင်ဝင်း-ဒေါ်ဥမ္မာအောင်၊ (ဦးနိုင်လင်း)-ဒေါ်အေးအေးပြုံး၊ ဦးတိန်ချောင်း-ဒေါ်မော်မော်သိန်းထွန်း၊ ဦးမိုးကျော်-ဒေါက်တာအေးအေးစိန်၊ ဦးကျော်ဌေးစိုး-ဒေါ်သင်းသင်းခိုင်၊ ဦးအောင်ကျော်မိုး-ဒေါ်ချိုနွယ်စိုး၊ ဦးကောင်းနိုင်ထွန်း-ဒေါ်မေမီလင်းထွန်း၊ ဦးစောဖုန်းမြင့်မောင်-ဒေါ်ပွင့်သီစိုး၊ မောင်ချမ်းငြိမ်းစိုးတို့၏ အဒေါ်၊ မြေး ၁၀ ယောက်တို့၏အဘွား ဒေါ်ညွန့်ညွန့်အေးသည် ၁၀-၁၀-၂၀၂၄ (ကြာသပတေးနေ့) နံနက် ၂:၀၅ နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၁၀-၂၀၂၄ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၁၀-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## Dr. ခင်ပပနိုင်
## အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အောင်ဆန်းကွင်းအထူးတန်းရှေ့၊ အမှတ် (၂၉)၊ ဂျိုးဖြူလမ်း၊ အခန်းအမှတ်(၂၀၄)၊ ဂျိုးဖြူ Condo နေ (ဦးသိန်းနိုင်)-ဒေါ်ခင်သန်းကြည်တို့၏ ချစ်လှစွာသော သမီးကြီး၊ Dr.နေမျိုးနိုင်၊ Dr.တိုးနိုင်ထက်-Dr.ယမင်းနိုင်တို့၏ ချစ်လှစွာသောအစ်မ၊ မကြယ်စင်မျိုးနိုင်၊ မောင်သန့်တည်ကြည်တို့၏ ချစ်လှစွာသော ကြီးကြီး Dr.ခင်ပပနိုင် [Team Leader (Western Pacific Region), WHO] သည် ၉-၁၀-၂၀၂၄ ရက် ညနေ ၃:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် Grand Hantha အထူးကုဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၃-၁၀-၂၀၂၄ (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် တရုတ်ဖုကျန့်သုသာန်(ရေဝေး)၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၁၊ မြေကွက်အမှတ်- ၅၂၅၊ ဧရိယာ (၀.၀၅၅)ဧက၊ အကျယ်အဝန်း (၄၀x၆၀)ပေ၊ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးရဲမြင့် [၁/မကန (နိုင်) ၁၀၃၄၆၀]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေဠု [၁၂/ဗဟန (နိုင်) ၀၁၆၆၇၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေဠု၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် (LL.B, D.I.L,D.B.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၅၀)**
**အမှတ်- ၆၂၊ အခန်းအမှတ် (၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

MOEE

YESC

Hot Plate မီးဖို၊ ကွိုင်မီးဖိုများအစား အပူစွမ်းအင် လေလွင့်မှု နည်းပါးသည့် Electronic Cooker (သို့) ဒယ်နီကို အသုံးပြုပါ။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပညာတတ်နိုင်ငံသားများ အများဆုံးရှိနေသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးနိုင်ငံကြီးများအဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နိုင်...

❖ "ပညာတတ်" နိုင်ငံသားများဆိုသည်မှာ "အရည်အချင်း"ကို ဆိုလိုပြီး"အများဆုံး"ရှိသည်ဆိုသည်မှာ "အရေအတွက်" ကိုဆိုလို...

❖ မိမိတို့နိုင်ငံသည်လည်း အရည်အချင်းရှိသည့် ပညာတတ်များ အရေအတွက်အများကြီးရှိသည့် နိုင်ငံဖြစ်လာရန် လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိပြီး မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ကာ MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အားသွန်ခွန်စိုက် ကြိုးပမ်း


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီအစည်းအဝေး (၂/ ၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၀

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး(၂/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် သီရိလင်္ကာအသင်းကို နှစ်ဂိုးပြတ် အနိုင်ရ


မြန်မာအသင်းနှင့် သီရိလင်္ကာအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် အောက်တိုဘာ ၁၀

မြန်မာ့လက်ရွေးစင် အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်းတို့၏ ပထမခြေစမ်းပွဲကို အောက်တိုဘာ ၁၀ ရက်က ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ယခုနှစ်အတွင်း ပထမဆုံးယှဉ်ပြိုင်ကစားသည့် နိုင်ငံတကာခြေစမ်းပွဲတွင် သီရိလင်္ကာလက်ရွေးစင် အသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ နည်းပြချုပ်သစ် ဦးမျိုးလှိုင်ဝင်းလက်ထက် ပထမဆုံးပွဲတွင် မြန်မာ့လက်ရွေးစင်အသင်း နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❍


ယနေ့ ဖတ်စရာ

ပြည်ပနိုင်ငံများ၏ ဝယ်လိုအားကြောင့် မန္တလေးဈေးကွက်အတွင်း ဝဥများ ဈေးကောင်းရရှိကာ အရောင်းအဝယ်ကောင်းမွန်နေ
စာမျက်နှာ » ၅

မုန်းသူကို ချစ်ခင် အကြမ်းမဖက်ရေးလမ်းစဉ် လိုက်ကြဖို့ အချိန်တန်ပြီ
ဆောင်းပါး စာမျက်နှာ » ၁၀

အကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်တိုက်မိုင်းကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိ
စာမျက်နှာ » ၁၅